# အသင်းတော်ခေါင်းဆောင်များအတွက်စီမံခန့်ခွဲမှုလုပ်ငန်း

# သင်တန်းလက်စွဲစာအုပ်

## စာအုပ် ၁

## ဘုရားသခင်ခေါ်သောသာသနာလုပ်ငန်းကိုဦးဆောင်ပြီး

## ကိုင်တွယ်တတ်ရန်အတွက်

## အသင်းတော်များကိုကူညီခြင်း



## Faithlife သာသနာလုပ်ငန်းကမ္ဘာတစ်ဝှမ်း အသင်းတော်ခေါင်းဆောင်များကိုတန်ဆာဆင်ခြင်း

## နိဒါန်း

ဤသင်တန်း လက်စွဲစာအုပ်သည် သူတို့ကိုခေါ်သော သာသနာလုပ်ငန်း၌ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး လုပ်ငန်းများတွင် သင်းအုပ်ဆရာများအသင်းတော် အမှုဆောင်များနှင့် သာသနာ့ခေါင်းဆောင်များကို ကူညီရန်အတွက် ဖြစ်သည်။ ကျမ်းစာကျောင်း မြောက်များစွာတို့သည် ဟောပြောခြင်း၊ သင်ကြားခြင်းနှင့် ဧဝံဂေလိ ဝေငှသက်သေခံခြင်း အတွက်သင်းအုပ်ဆရာများနှင့်သာသနာ့ခေါင်းဆောင်များကိုပြင်ဆင်ပေးကြသော်လည်း၊ သူတို့၏ သင်ရိုးညွှန်းတမ်းများ၌ အခြေခံကျသော စီမံခန့်ခွဲမှု အရည်အချင်းများအပေါ် သင်တန်းပို့ချခြင်း မကြာခဏဆိုသလို မပါဝင်တတ်ပါ။ သင်းအုပ်များနှင့် အသင်းတော်ခေါင်းဆောင်အများစုသည် လူတို့ကို ဦးဆောင်ရမည်။ ပစ္စည်းဥစ္စာများကို စီမံခန့်ခွဲရမည်။ သူတို့၏ အသင်းတော်များ၌ အုပ်ချုပ်ရမည်စသည်ဖြင့် ဤသင်တန်းပုံစံများသည် သူတို့ကို ပြင်ဆင်ရန်အတွက် အထူးပင်လိုအပ်လျှက်ရှိသည်။

စာရေးသူသည် ၁၉၉၆ ခုနှစ်ကပင် သာသနာလုပ်ငန်း၌ အသင်းတော်နှင့် သာသနာ့ခေါင်းဆောင်များကို သင်တန်းပို့ချခဲ့သည်။ ဤလက်စွဲစာအုပ်သည် နိုင်ငံပေါင်းမြောက်များစွာ၌ စီမံခန့်ခွဲမှုသင်တန်း စာအုပ်များမရှိဘဲ သင်းအုပ်များနှင့် နှစ်ပေါင်းများစွာ အတူလုပ်ဆောင်ခြင်းမှတဆင့် အသိအမှတ်ပြုပြီး ကြီးထွားလာခြင်းဖြစ်သည်။ ၎င်းသည် လက်ရှိအခြေအနေ၌ပင် လွယ်ကူစွာသင်ကြားနိုင်ရန်အတွက် ခက်ခဲသောအရာဖြစ်သည်။ ထို့ကြောင့် တိုးတက်သော နိုင်ငံများ၌လည်း သင်းအုပ်များနှင့်ခေါင်းဆောင် များစွာတို့သည် အခြေခံကျသောစီမံခန့်ခွဲမှုသင်တန်းကို လွယ်ကူစွာ မလုပ်ဆောင်နိုင်သောကြောင့် ထိုလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်အတွက် Faithlife Ministries သည် ဤစာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

ဤသင်တန်းလက်စွဲစာအုပ်ထဲ၌ အရေးကြီးသော အကြောင်းအရာများသည် ခရစ်ယာန်တစ်ဦးနှင့် သမ္မာကျမ်းစာရှုထောင့်မှ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် နည်းလမ်းများ အကြောင်းအခြေခံ နားလည်သဘောပေါက်ခြင်းကို ကူညီရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤအကြောင်းအရာများနှင့် နည်းလမ်းများကို သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခြင်းနှင့် သူ့အပေါ် အမှီသဟဲပြုခြင်းဖြင့် အသုံးပြုသည့်အခါ ''ဘုရားသခင်၏ နိုင်ငံတော်အတွက် အသီးများဝေဆာမည်'' (ကောလော ၁း၁၀)ဟု ကျွန်တော်တို့ယုံကြည်ပါသည်။

## Faithlife Ministries အကြောင်း

Faithlife Ministries ကမ္ဘာတဝှမ်းအသင်းတော်ခေါင်းဆောင်များအတွက် သာသနာလုပ်ငန်းသင်တန်းနှင့် အကြောင်းအရာ အချက်အလက်များကို ပံ့ပိုးရန်အတွက်ရည်ရွယ်၍ ၂၀၀၁ခုနှစ်၊ ဇန်နဝါရီလတွင် Barry Voss နှင့် Kim Star-Voss တို့အားဖြင့် အစပြုခဲ့ခြင်း ဖြစ်သည်။ သူတို့သည် သာသနာလုပ်ငန်းအတွက် ဘုရားသခင်၏လူများကို တပည့်တော်ဖြစ်စေရန် တန်ဆာဆင်ပေးရန်နှင့် သင်တန်းပို့ချပေးရန်အတွက် ဆန္ဒပြင်းပြမှုရှိပြီး၊ အထူးသဖြင့် ကမ္ဘာ့အစိတ်အပိုင်းတစ်ခုထဲ၌ ထိုလုပ်ငန်းအတွက် အခွင့်အလမ်း(သို့) ငွေကြေးနည်းပါးသည့် ဒေသများ၌ လုပ်ဆောင်လိုကြသည်။ သူတို့သည် နိုင်ငံပေါင်းများစွာ၌ သာသနာလုပ်ငန်းခေါင်းဆောင်မှု အရည်အချင်းများ တိုးတက်မှုအပေါ် အဓိကအလေးထားပြီး သင်းအုပ်များလူငယ်၊ လူလတ်ပိုင်းနှင့် ကလေးစသည့် သာသနာခေါင်းဆောင်များကို သင်တန်းပို့ချခဲ့ကြသည်။ ထို့ပြင် သင်တန်းညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲစသည် တို့ကိုလည်း ဦးဆောင်ခဲ့ကြသည်။ သူတို့သည် သင်တန်းအချက်အလက်များနှင့် စာအုပ်များကို ဖန်တီးတိုးတက်စေပြီး ယုံကြည်ခြင်း အသက်တာအားဖြင့် အသက်ရှင်တတ်ရန် ယုံကြည်သူအားလုံးကိုလည်း ခွန်အားပေးကာ ကြိုးစားခဲ့ကြသည်။

Kim သည် ယခင်က ကလေး ၆၀၀ ကျော်ရှိသည့် Christ the Shepherd Church ၌ ကလေးများ တပည့်တော်ဖြစ်ခြင်း အမှုဆောင်တစ်ဦးဖြစ်ခဲ့သည်။ Kim သည် ပူးပေါင်းလုပ်ဆောင်မှုများစွာ၌ ကွန်ပျူတာ နည်းစနစ်များနှင့် စီမံကိန်းများ၏ အုပ်ချုပ်ရေးမှူးအဖြစ် နှစ်ပေါင်း ၁၅နှစ်ကျော် အလုပ်လုပ်ခဲ့သူလည်း ဖြစ်သည်။ Barry သည် အခု ဤသာသနာလုပ်ငန်း၌ အချိန်ပြည့် အမှုဆောင်တစ်ဦးဖြစ်ပြီး၊ စီးပွားရေးစီမံခန့်ခွဲမှု လုပ်ငန်း၌ နှစ်ပေါင်း ၂၀ကျော် အတွေ့အကြုံ ရှိသူလည်းဖြစ်သည်။ သူသည်အသင်းတော်၌ ကိုးကွယ်ခြင်းနှင့် လူကြီးသာသနာလုပ်ငန်းတွင် ပါဝင်လျက်ရှိသည်။ Kim နှင့် Barry သည် အိမ်ထောင်သက်တမ်း ၃၅နှစ် ရှိပြီး သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်။

## ကျေးဇူးတင်လွှာ

ဤစီမံကိန်းဖြစ်မြောက်ရန်နှင့် သင်တန်းလက်စွဲစာအုပ်ကို ထုတ်ဝေရန်အတွက် ရှုပါရုံပေးတော်မူသော ထာဝရဘုရားကို ဦးစွာကျေးဇူးတင်ကြောင်း ဖော်ပြလိုသည်။ စာတည်းလုပ်ငန်းနှင့် ဤအရေးကြီးသော အကြောင်းအရာများကို ထည့်သွင်းရန် အတွက် ကူညီပေးကြသော Ken Jacques, Daryl Hoh, Doming Orprecio, Ayub Khayo နှင့် David Quispirroca တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

# အသင်းတော်ခေါင်းဆောင်များအတွက်စီမံခန့်ခွဲမှုလုပ်ငန်း

## စာအုပ် (၁)

### မာတိကာ


**အပိုင်း ၁။ သာသနာလုပ်ငန်းကို စီမံခန့်ခွဲခြင်း**

အခန်း(၁) သာသနာလုပ်ငန်း ခေါင်းဆောင်မှု
အခန်း(၂) သမ္မာကျမ်းစာနဲ့ညီသော ခေါင်းဆောင်တစ်ဦးဖြစ်ခြင်း
အခန်း(၃) ခေါင်းဆောင်မှု လုပ်ငန်းပုံစံများ
အခန်း(၄) ခေါင်းဆောင်များကို တိုးတက်စေခြင်း

**အပိုင်း ၂။ လူတို့ကို စီမံခန့်ခွဲခြင်း**


အခန်း(၅) ဝိညာဉ်ဆုကျေးဇူးများ
အခန်း(၆) လူများကို စီမံခန့်ခွဲခြင်း
အခန်း(၇) ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်း
အခန်း(၈) တပည့်တော်များ ဖြစ်စေခြင်း

**အပိုင်း ၃။ ပစ္စည်းဥစ္စာများကို စီမံခန့်ခွဲခြင်း**

အခန်း(၉) စနစ်တကျ စီမံကိန်းရေးဆွဲခြင်း
အခန်း(၁၀) ငွေကြေးကို စီမံခန့်ခွဲခြင်း
အခန်း(၁၁) အချိန်ကို စီမံခန့်ခွဲခြင်း
အခန်း(၁၂) သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း

# အပိုင်း ၁

# သာသနာလုပ်ငန်းကို စီမံခန့်ခွဲခြင်း



## အခန်း (၁)

## သာသနာလုပ်ငန်း ခေါင်းဆောင်မှု

''သင်တို့နှင့်အတူရှိသော ဘုရားသခင်၏ သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သော စီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာ စိတ်ရှိ၍ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သော အသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည် မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ ပုံသက်သေကို ပြသောသူ ဖြစ်ကြလော့။ သို့ဖြစ်လျှင်၊ သိုးထိန်းအကြီးအပေါ် ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်'' (၁ပေ ၅း၂–၄)။

အသင်းတော် ခေါင်းဆောင်တိုင်းအတွက် ခိုင်မာသောခေါင်းဆောင်မှု အရည်အချင်းများသည် အရေးကြီးလှပါသည်။ ထိုအရည်အချင်းများမရှိလျှင် အသင်းတော်ခေါင်းဆောင်များစွာတို့သည် သာသနာလုပ်ငန်းများရှေ့သို့ တိုးရန်နှင့် အသင်းတော် သာသနာလုပ်ငန်း၌ လူတို့ကိုခန့်ထားရန်အတွက် အလွန်ပင် ခက်ခဲမှုတွေ့ကြုံရမည်ဖြစ်သည်။ ခေါင်းဆောင်မှုသည် ရည်ရွယ်ချက်ပန်းတိုင်(သို့) အကျိုးရလဒ်တစ်ခုကို ရရှိရန်အတွက် အခြားသူများအား လှုံ့ဆော်ပေးနိုင်သော အရာဆိုလျှင်းဖြစ်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။သို့သော် ခေါင်းဆောင်မှုသည် ရူပါရုံနှင့်စီမံကိန်းထားရှိခြင်းဖြစ်ပြီး၊ ၎င်းရည်ရွယ်ချက်ပန်းတိုင်များကို ပြီးပြည့်စုံစေရန်အတွက် လူတို့ကို တိုးတက်စေရန်နှင့် လုပ်ဆောင်ခြင်းလည်း ဖြစ်သည်။ ဤအခန်းတွင် ထိရောက်သော သာသနာလုပ်ငန်း ခေါင်းဆောင်မှုသော့ချက် ၅ခုကို လေ့လာကြမည်ဖြစ်သည်။

*မေးခွန်း ။ ။ ခေါင်းဆောင်တိုင်းသည် ခေါင်းဆောင်တစ်ဦးအဖြစ် မည်သည့်အရာအားဖြင့် ဆုံးဖြတ်ရမည်နည်း။*

**ဖြေ ။ ။ နောက်လိုက်များ**

❖ **နောက်လိုက်တစ်ဦးမှ မရှိလျှင်၊ သင်သည် ခေါင်းဆောင်မဟုတ်ပါ။**

**ထိရောက်သော သာသနာခေါင်းဆောင်မှုအတွက် သော့ချက် ၅ ခု**

**၁။ ခေါင်းဆောင်များသည် အမိန့်အာဏာကို မသုံးဘဲဩဇာလွှမ်းမိုးမှုကို အသုံးပြုကြသည်။**

''သိုးထိန်းမူကား၊ တံခါးဝဖြင့် ဝင်တတ်၏။ ထိုသူအား တံခါးစောင့်လည်းဖွင့်တတ်၏ သူ၏စကားသံကို သိုးတို့သည် နားထောင်တတ်ကြ၏။ သူသည် မိမိသိုးတို့ကို နာမည်ဖြင့်ခေါ်၍ အပြင်သို့ ထုတ်ဆောင်တတ်၏ သိုးများကို ထုတ်သောအခါ သိုးတို့ရှေ့မှသွား၍ သိုးများသည် သူ၏စကားသံကို ကျွမ်းသောကြောင့် လိုက်တတ်ကြ၏။'' (ယောဟန်၁၀း၂–၄)

**<u>ခေါင်းဆောင်မှုသည် ဩဇာလွှမ်းမိုးခြင်းဖြစ်သည်။</u>**

၁။ သင်သည် လုပ်ဆောင်မှုအတွက် အခြားသူများကို လှုံ့ဆော်ရန်လိုအပ်သည်။

၂။ သင်သည် ယုံကြည်မှုနှင့် ရိုသေလေးစားမှုကို တည်ဆောက်ခြင်းဖြင့် ဩဇာလွှမ်းမိုးမှုကို ရရှိနိုင်သည်။

၃။ ခေါင်းဆောင်မှုသည် သင့်ဆုံးဖြတ်ချက်များအား အခြားသူများ လိုလိုလားလား လိုက်လျောရန်အတွက် အခြားသူများကို ဆွဲဆောင်နိုင်သော အရည်အချင်းတစ်ခုဖြစ်သည်။

**အခွင့်အာဏာသည် စွမ်းအားရှိသည်**

၁။ အဘိဓါန်အရ အခွင့်အာဏာသည် လွှမ်းမိုး (သို့) အမိန့်နာခံရန်၊ အမြင်(သို့) စိတ်သဘောထားအတွက် အစွမ်းတန်ခိုးဟု ဖေါ်ပြထားသည်။

၂။ ၎င်းသည် သင့်အားဘုရားသခင် ပေးထားခြင်းဖြစ်သည်။ ''ဘုရားသခင်၏ အခွင့်မရှိလျှင် မင်းအာဏာစက်မရှိ။'' (ရောမ ၁၃း၁)

၃။ အခွင့်အာဏာသည် အတိတ်ကရရှိခြင်းဖြစ်၍ ယခုပစ္စုပ္ပန်အတွက် မဟုတ်ပါ။

၄။ အခွင့်အာဏာသည် သင်၏ ဆုံးဖြတ်ချက်များ မဖြစ်မနေလုပ်ဆောင်ရန်အတွက် အစွမ်းတစ်ခုဖြစ်သည်။

**ကျွန်ုပ်တို့၏ အခွင့်အာဏာကို မည်ကဲ့သို့အသုံးပြုမည်နည်း၊**

**ဆုံးမသွန်သင်ရန် –**

''သင်မူကား စင်ကြယ်သောဩဝါဒနှင့် ထိုက်တန်သမျှတို့ကို ဟောပြောလော့။ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမပြစ်တင်ခြင်းတို့ကို ခပ်သိမ်းသော အာဏာနှင့်တကွပြုလော့။'' (တိကု၂း၁–၁၅)

**အစေခံရန် –**

''သင်တို့နှင့်အတူရှိသော ဘုရားသခင်၏ သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့် မဟုတ်၊ မစင်ကြယ်သော စီးပွားကို တက်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှု အုပ်ထိန်းကြလော့။'' (၁ပေ ၅း၂)။

➢ **အခွင့်အာဏာထက်သင်၏ ဩဇာအာဏာလွှမ်းမိုးမှုနှင့် ဦးဆောင်ခြင်းသည်ပို၍ ကောင်းသည်။**

✔ သင်သည် ဩဇာလွှမ်းမိုးမှုကို အသုံးပြုသည့်အခါ လူတို့သည်သင်နောက်သို့ လိုက်လိုကြသည်။

✔ သင်သည် အခွင့်အာဏာကို အသုံပြုသည့်အခါ လူတို့သည်သင့်နောက်သို့ လိုက်ကြရမည်။

✔ သင်သည် သင်၏ သာသနာလုပ်ငန်းမှ လူများကို မကြာခဏ ဆုံးရှုံးစေသည်။

✔ သင်သည် ဆန့်ကျင်မှုကို ဖန်တီးတတ်သည်။

## ၂။ ခေါင်းဆောင်များတွင် ရူပါရုံတစ်ခုရှိကြသည်

''ဗျာဒိတ်တော်မရှိလျှင်၊လူတို့သည် အကျိုးနည်းဖြစ်ကြ၏'' (သုတ္တံ ၂၉း၁၈)။

၁။ ခေါင်းဆောင်တစ်ဦးသည် သူသွားရမည့်နေရာကို သိသည်။

၂။ ရူပါရုံမရှိလျှင်၊အသင်းတော်သည် ဦးတည်ချက်မရှိတော့ပေ။

- ရူပါရုံက ဦးတည်ချက်ကို ကူညီပေးသည်။
- ၎င်းသည် အသင်းတော်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းပေးသည်။

## ၃။ ရူပါရုံသည် သာသနာလုပ်ငန်း၏ ပန်းတိုင်နှင့်ရည်ရွယ်ချက်ကိုဖော်ပြပေးသည်။

- ၎င်း၏ အဓိကရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန်အတွက် ကြိုးစားသည်။
- ဖြစ်ချင်သောအရာနှင့်သွားရမည့်နေရာကို သိရှိစေသည်။

**(က) ရူပါရုံ ဥပမာများ**

၁။ တစ်နှစ်အတွင်း အသင်းတော်ဆောက်အဦး အသစ်တစ်လုံးဆောက်လုပ်ရန်၊

၂။ ပတ်ဝန်းကျင်၌ ဆင်းရဲနွမ်းပါးသူများအတွက် အစာသိုလှောင်ခန်းတစ်ခုဆောက်လုပ်ရန်၊

၃။ ပတ်ဝန်းကျင်၌ ခရစ်ယာန်ကျောင်းတစ်ကျောင်း တည်ဆောက်ရန်၊

၄။ လူပေါင်း ၁၀၀၀၀ ကို ဧဝံဂေလိသတင်းကောင်းဝေငှရန်၊

## ၄။ ရူပါရုံသည် သူတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေရန်အတွက် အသင်းတော်ကို တွန်းအားပေးသည်။

✔ ဘုရားသခင် ပေးထားသော ရူပါရုံသည် မိမိတို့ အစွမ်းနှင့် လွယ်ကူစွာ ပြီးမြောက်နိုင်သောအရာ မဟုတ်ပါ။ ''ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။'' (ယောဟန် ၁၅း၅)

✔ အသင်းတော်သည် ဘုရားသခင်၏ ဦးဆောင်လမ်းပြမှုကို ရှာရမည်ဖြစ်သည်။

''ဤအမှုကို လူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တော်မူ၏'' (မဿဲ ၁၉း၂၆)။

**၅။ အသင်းတော်အတွက် ရှုပါရုံသည် ၎င်းကို စုရုံးစေပြီး၊အားအင်ဖြည့်ဆည်းပေးသည်။**

- အသင်းဝင်များသည် ရှုပါရုံကိုဝေမျှသည့်အခါ၊သူတို့သည် ပို၍ပူးပေါင်းပါဝင်လိုကြသည်။
- ရှုပါရုံသည် ရှေ့ဆက်တစ်စုံတစ်ခုကို လုပ်ဆောင်ရန်အတွက် အသင်းဝင်များကို ကူညီပေးသည်။
- ရှုပါရုံသည် လူတို့အားကြီးမားသော ခံစားမှုရှိအောင်ပံ့ပိုးပေးသည်။

**မှတ်ချက်။ ရှုပါရုံသည် သာသနလုပ်ငန်းအတွက် ယုံကြည်ခံယူချက် တစ်ခုမဟုတ်ပါ။**

✔ သာသနာလုပ်ငန်း ယုံကြည်ခံယူချက်သည် သင်သွားနေသည့် နေရာအကြောင်း မဟုတ်ဘဲ သင်လုပ်ဆောင်သော အရာကို ပြောပြခြင်းဖြစ်သည်။

**ရှုပါရုံကို မည်ကဲ့သို့တိုးတက်စေမည်နည်း။**

**အဆင့်(၁)။ ဘုရားသခင်၏ ဦးဆောင်မှုနှင့် ဗျာဒိတ်တော်အတွက် ဆုတောင်းပါ။**

✔ သင့်ပတ်ဝန်းကျင်(သို့) လောကတွင် ဘုရားသခင်သည် သင့်ကိုမည်ကဲ့သို့ အသုံးပြုမည့်အကြောင်း ဆုတောင်းပါ။

✔ သင်သည် ဘုရားသခင်အတွက် လုပ်ဆောင်ရမည့်အရာကို တောင်းလျှောက်ပါ။

**အဆင့်(၂)။ ကြီးမားစွာ တွေးခေါ်ပါ။**

✔ သင့်တွင်ရှိသော အရာနှင့်မိမိကိုယ်ကို မကန့်သတ်မိပါစေနဲ့။

✔ သင်လိုအပ်သော အရာကို ထောက်ပံ့ပေးရန် ဘုရားသခင်အား အခွင့်ပေးပါ။

**အဆင့်(၃)။ ၎င်း၏ တိုးတက်ကြီးထွားမှု၌ အခြားသောခေါင်းဆောင်များနှင့်ပူးပေါင်းပါဝင်ပါ။**

**အဆင့်(၄)။ ရှုပါရုံကို ရေးချထားပြီး၊ရွေးချယ်ရမည့်အရာများကို စဉ်းစားပါ။**

✔ ၎င်းတို့ကို စဉ်းစားရန်အတွက် အချိန်ယူဆုတောင်းပါ။

✔ ၎င်းတို့အပေါ် ထည့်သွင်းထားရှိရမည့်အရာအတွက် အခြားသူများကို အကူအညီတောင်းပါ။

**အဆင့်(၅)။ ဘုရားသခင်ခေါ်သည်ဟု သင်ခံစားသော ရှုပါရုံကိုရွေးချယ်ပြီး၊ ဆုတောင်းပါ။**

**အဆင့်(၆)။ ရူပါရုံကို သိရှိစေပါ။**

✔ ခေါင်းဆောင်များသည် နားလည်သဘောပေါက်ခြင်းနှင့် ပါဝင်လုပ်ဆောင်မှုကို တည်ဆောက်ပေးရန်အတွက် မကြာခဏ ရူပါရုံကို သိရှိစေရမည်ဖြစ်သည်။

✔ ခေါင်းဆောင်တစ်ဦးဖြစ်သည့်အတိုင်း သင်သည် ရူပါရုံအပေါ် ဆက်ကပ်နှံရမည်ဖြစ်သည်။

**၃။ ခေါင်းဆောင်များတွင် စီမံကိန်းတစ်ခုရှိကြသည်**

''ကိုယ်ပြုသော အမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင်သင်၏ အကြံအစည်တို့သည် တည်လိမ့်မည်။'' (သုတ္တံ ၁၆း၃)

**(က) ခေါင်းဆောင်တစ်ဦးသည်ရူပါရုံကိုပြည့်စုံစေရန်အတွက်စီမံကိန်းရေးဆွဲလေ့ရှိသည်။**

✔ စီမံကိန်းမရှိလျှင်သင်၏ ရူပါရုံကိုအောင်မြင် ပြီးမြောက်နိုင်မည်မဟုတ်ပေ။

✔ စီမံကိန်းသည် ရူပါရုံသို့ဦးတည်ပြီး အချက်အလက်များနှင့် လုပ်ဆောင်မှုများကို စုစည်းရန်အတွက် သင့်ကို ကူညီပေးသည်။

✔ ခေါင်းဆောင်တစ်ဦးသည် ရူပါရုံမရှိဘဲစီမံကိန်း မရေးဆွဲနိုင်ပေ။

**(ခ) ခေါင်းဆောင်တစ်ဦးသည် ဘုရားသခင်ရူပါရုံအတွက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို စီမံခန့်ခွဲ တတ်သည်။**

- ဘုရားသခင်သည် ပစ္စည်းဥစ္စာများကို အသုံးပြုရန်အတွက်ခေါင်းဆောင်များအား ပေးထားသည်။
- ဘုရားသခင်သည် သူ၏ဥစ္စာများကိုအကျိုးရှိစွာအသုံးပြုရန်အတွက်ခေါင်းဆောင်များကို မျှော်လင့်ပါသည်။
- ဘုရားသခင်သည် သူရင်းနှီးမြှုပ်နှံခြင်းအပေါ် ပြန်၍ပေးလှူမှုကို မြော်လင့်သည်။

**(ဂ) ခေါင်းဆောင်တစ်ဦး၏ လုပ်ငန်းသည် လုပ်ငန်းကိုစီမံရန်နှင့် စီမံကိန်းကိုလည်း လုပ်ဆောင်ရန်ဖြစ်သည်။**

- ခေါင်းဆောင်းတစ်ဦးသည်စီမံကိန်းကိုအမြဲဆန်းသစ်အောင်ပြုလုပ်ရမည်။
- ကောင်းသော စီမံကိန်းသည် ခေါင်းဆောင်အားပို၍ ကောင်းသော ဆုံးဖြတ်ချက်များကို ပြုလုပ်ရန်အတွက် ကူညီပေးသည်။
- ကောင်းသောစီမံကိန်းတစ်ခုသည်ဘုရားသခင်၏ ဥစ္စာကိုဖြုန်းတီးမှုကို ရှောင်ရှားပေးသည်။

**၄။ ခေါင်းဆောင်များသည် လူတို့ကို တိုးတက်စေကြသည်။**

''တကျိပ်နှစ်ပါးသော တပည့်တော်တို့ကို စုဝေးစေတော်မူပြီးမှ၊ နတ်ဆိုးအပေါင်းတို့ကို နိုင်သောတန်ခိုးနှင့် အနာရောဂါတို့ကို ငြိမ်းစေခြင်းငှါ အခွင့်တန်ခိုးကို ပေးတော်မူ၏။ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောစေခြင်းငှါလည်း၊ လူနာတို့ကို ချမ်းသာစေခြင်းငှါလည်း စေလွှတ်တော်မူ၍''။ (လုကာ ၉း၁-၂)

**(က) ခေါင်းဆောင်များသည် ဦးစွာပထမ တပည့်တော်များကို မွေးထုတ်ကြသည် (မဿဲ ၂၈း၁၉-၂၀)။**

- နှုတ်ကပတ်တော်ကို သွန်သင်ခြင်းနှင့်ဟောပြောခြင်း၊
- နာခံရန်အတွက် သူတို့ကို ဆုံးမသွန်သင်ခြင်း၊

**(ခ) ခေါင်းဆောင်များသည် သာသနာလုပ်ငန်းအတွက် အခြားသူများကို သင်တန်းပို့ချပြီး တန်ဆာဆင်ပေးကြသည်။**

- လူတိုင်း၏ ဝိညာဉ်ဆုကျေးဇူးများကို သိပြီး၊ အသုံးပြုပါ။
- သာသနာလုပ်ငန်း ပါဝင်မှုကို အားပေးပါ။

**(ဂ) ခေါင်းဆောင်များသည် အခြားခေါင်းဆောင်များကို စုစည်းပြီးတိုးတက်စေကြ။**

- သူတို့၏ သာသနာလုပ်ငန်းကို ကြီးထွားရန်ဖြစ်သည်။
- သာသနာလုပ်ငန်းကို တည်မြဲစေရန်ဖြစ်သည်။
- ခေါင်းဆောင်များ ပိုများလာလေ၊အောင်မြင်မှုအတွက် အခွင့်အရေးပိုကြီးလေဖြစ်သည်။

**၅။ ခေါင်းဆောင်များသည် ပြီးစီးမှုကို အဓိကထားလုပ်ဆောင်ကြသည်**

''သို့ဖြစ်၍ ငါတို့ရှိသမျှသည် ဘုရားသခင် စစ်ကြောတော်မူခြင်းကို ခံရကြမည်။'' (ရော မ ၁၄း၁၂)

**(က) ခေါင်းဆောင်များသည် ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရန် အဓိကထားပြီး၊ အကျိုးရလဒ်များကို ဆောင်ရွက်ကြသည်။**

- ခေါင်းဆောင်တစ်ဦးသည် သူ့စိတ်နှလုံး၌ ရူပါရုံကိုအမြဲသိထားလျှက်ရှိသည်။
- ခေါင်းဆောင်တစ်ဦးသည် လုပ်ဆောင်သော အကျိုးရလဒ်အပေါ် အောင်မြင်မှုကို တိုင်းတာတတ်သည်။

**(ခ) ခေါင်းဆောင်များသည် သူတို့ရင်းနှီးမြှုပ်နှံမှုအတွက် ကြီးမားသောတုံ့ပြန်မှုကို လုပ်ဆောင်ကြသည်။**

- ခေါင်းဆောင်တစ်ဦးသည် ကြီးမားသော အောင်မြင်မှုအတွက် အခွင့်အရေးကို ရှာဖွေပေးသည်။
- ခေါင်းဆောင်တစ်ဦးသည် အသီးမသီးသော သာသနာလုပ်ငန်းများကို စွန့်ခွါမသွားတတ်ပါ။

**(ဂ) ခေါင်းဆောင်များက လှုပ်ရှားမှုသည် ပြည့်စုံအောင်မြင်ခြင်း မဟုတ်ကြောင်း နားလည်သဘောပေါက်ကြသည်။**

- ခေါင်းဆောင်တစ်ဦးသည် သူတို့၏ ထိရောက်စွာ လုပ်ဆောင်မှုအားဖြင့်သာသနာလုပ်ငန်းကို တိုင်းတာသည်။

- ခေါင်းဆောင်တစ်ဦးသည် ရှုပါရုံအပေါ် သူတို့၏ အကျိုးသက်ရောက်မှုအတွက် လုပ်ရှားမှုများကို စဉ်းစား သုံးသပ်သည်။

''ယေရှုသည် တပည့်တော်တို့နှင့်ခရီးသွားကြစဉ် ရွာတရွာသို့ ဝင်တော်မူ၍၊မာသအ မည်ရှိသော မိန်းမတစ်ဦးသည် မိမိအိမ်၌ ကိုယ်တော်ကို ညှော်ခံလေ၏။ ထိုမိန်းမ၌ မာရိအမည်ရှိသော ညီမတစ်ယောက်ရှိ၏။ ထိုမာရိသည် ယေရှု၏ ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျှက်နေ၏။ မာသမူကား၊ လုပ်ကျွေးခြင်း အမှုများ၌ စိတ်ပူပန်ခြင်းရှိသဖြင့် အထံတော်သို့ ချဉ်းကပ်၍၊ သခင် ကျွန်မ၏ ညီမသည် ကျွန်မတစ်ယောက်တည်း လုပ်ကျွေးစေခြင်းငှါ ကျွန်မကိုပစ်ထားသည်အရာကို လျစ်လျူသော စိတ်ရှိတော်မူသလော။ သူသည် ကျွန်မကို ကူညီမည်အကြောင်း အမိန့်ရှိတော်မူပါဟု လျှောက်သော်၊ – ယေရှုက၊ မာသ၊ မာသ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ရှက်ခြင်းကိုခံရ၏။ လိုသောအရာတစ်ခုတည်းရှိ၏။ –မာရိမူကား ကောင်းသောအဘို့ကို ရွေးယူပြီ။ ထိုအဘို့ကို အဘယ်သူမျှ မနှုတ်မယူရာဟု မိန့်တော်မူ၏။'' (လုကာ ၁၀း၃၈–၄၂)

(ဤကျမ်းပိုဒ်တွင် မာသသည် လုပ်ဆောင်မှုကို အခြေခံပြီး၊မာရိမူကား ပြီးပြည့်စုံ ခြင်းအတွက် အဓိက အခြေခံစိတ်သဘောရှိကြောင်း ဥပမာဖော်ပြထားပါသည်)

**ရှုပါရုံနှင့်သာသနာလုပ်ငန်း**

**၁။ ရှုပါရုံဖော်ပြချက် (သင်ပြီးမြောက်စေရန်အတွက် ဘုရားသခင်တောင်းဆိုသော သာသနာလုပ်ငန်း၏။ ရည်မှန်းချက်ပန်းတိုင်) တစ်ခုကို ရေးပါ။**

❖ **ရှုပါရုံဖော်ပြချက်တွင် ၎င်း၏ပြည့်စုံခြင်းကို တိုင်းတာရန်အတွက် နည်းလမ်းတစ်ခုပါဝင်သင့်ပါသည်။**

**၂။ သာသနာလုပ်ငန်းခံယူချက် (သူ့အတွက် လုပ်ဆောင်ရန် ဘုရားသခင်ခေါ်သောအရာ)ကို ရေးပါ။**

# အခန်း (၂)

## သမ္မာကျမ်းစာနှင့်ညီသော ခေါင်းဆောင်တစ်ဦးဖြစ်ခြင်း

''ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။အကြင်သူသည် ငါ၌တည်၍၊ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသော အသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။ ငါ၌ မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သော အခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။ သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။ သင်တို့သည် များစွာသော အသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍၊ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။'' ယောဟန် ၁၅း၅-၈

အခြားသူများကို ဦးဆောင်ရာတွင်၊ သမ္မာကျမ်းစာနှင့်ဆိုင်သော အခြေခံသဘောတရားများကို လိုက်လျှောက်ခြင်းသည် အရေးကြီးသောအရာဖြစ်ပြီး၊ ခေါင်းဆောင်တစ်ဦး လုပ်ဆောင်သင့်သော အရာလည်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ကျွန်ုပ်တို့အား ခရစ်တော်ဆုံးမသွန်သင်ခဲ့သောအရာ ဖြစ်သောကြောင့် တည်း။ကျွန်ုပ်တို့နည်းလမ်းထက်၊ ဘုရားသခင်၏ နည်းလမ်းကို လိုက်လျှောက်မည်ဆိုလျှင် ကျွန်တော်တို့သည် ပို၍ ထိရောက်သော သာသနာလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။ ကျွန်တော်တို့သည် အလွန်ကြီးမားသော ခေါင်းဆောင်မှု အရည်အချင်းရှိသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ်တွင် အခြေမခံလျှင် ကျွန်ုပ်တို့၏ နောက်လိုက်များကို မှားယွင်းသော ဦးတည်ချက်ထဲသို့ ဦးဆောင်နေ မည်သာဖြစ်သည်။ ဤအခန်းတွင် ကျွန်တော်တို့သည် ထိရောက်သော ခေါင်းဆောင်များ၏ သမ္မာကျမ်းစာဆိုင်ရာ အရည်အချင်း ၁၀ခု နှင့် ယနေ့ခေတ်ခေါင်းဆောင်များ ရင်ဆိုင်တွေ့ကြုံတတ်သော စိန်ခေါ်မှုများကို လေ့လာကြမည်ဖြစ်သည်။

# <u>နိဒါန်း</u>

**ခရစ်ယာန်ခေါင်းဆောင်၏ ရည်မှန်းချက်ပန်းတိုင်သည် အဘယ်နည်း။**

ငင်းသည် ဘုရားကျောင်းတက်ရောက်မှုနှင့် ပါဝင်လုပ်ဆောင်မှုကြီးထွားတိုး တက်ရန်အတွက် မဟုတ်ပါ။

ငင်းသည် အခြားသူများအထဲ၌ ခရစ်တော်၏တည်ရှိခြင်းကို မြင်တွေ့ရန်ဖြစ်သည်။

''ခရစ်တော်သည် သင်တို့အထဲ၌ တည်လျက်ရှိတော်မူသည်တိုင်အောင် သင်တို့အဘို့ သားဖွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့'' (ဂလာ ၄း၁၉)။

ခရစ်ယာန်ခေါင်းဆောင်တစ်ဦးသည် ခရစ်ယာန်မဟုတ်သော ခေါင်းဆောင် တစ်ဦးနှင့်မည်ကဲ့သို့ ခြားနားပါသနည်း။

''ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ'' (ယော-၁၅း၅)ဟုသော အရာကို သူသိရှိနားလည်သည်။

**က။ ခေါင်းဆောင်မှု အရည်အချင်းများ**

ထိရောက်သော ခေါင်းဆောင်တစ်ဦးတွင် အောက်ပါအရည်အချင်း ၁၀ခု ရှိစမြဲဖြစ်သည်။

**(၁) ထိရောက်သောခေါင်းဆောင်တစ်ဦးသည် ရူပါရုံရှိသောသူဖြစ်ရမည်။**

''ဗျာဒိတ်တော် မရှိလျှင် လူတို့သည်အကျိုးနည်း ဖြစ်ကြ၏။'' (သုတ္တံ ၁၉း၁၈)

- သင်သည် ရည်မှန်းချက်ပန်းတိုင်များ ထားရန်လိုအပ်သည်။
- သင်၏ ရူပါရုံကို အခြားသူများ ဝေမှုနိုင်ရန်အတွက် ငင်းကိုသင်ဖော်ပြဖို့ လိုအပ်ပါသည်။

ဥပမာ- မောရှေ (လောင်နေသော ချုံပုတ်ထဲ၌ ဘုရားသခင်၏ရူပါရုံကို ရရှိခဲ့သည်။ (ထွက် ၃)

**(၂) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် သာသနာစိတ်ရှိသောသူ ဖြစ်ရမည်။**

''ထိုအခါ ကိုယ်တော်က စပါးရိတ်စရာ များစွာရှိ၏။ရိတ်သောသူတို့သည် နည်းကြ၏။ ထို့ကြောင့် လုပ်ဆောင်သော သူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏'' (မဿဲ ၉း၃၇–၃၈)။

- မယုံကြည်သူများကို ဧဝံဂေလိဝေငှသက်သေခံရန် ရည်ရွယ်ချက်ထားရှိပါ။
- အခြားယုံကြည်သူများကို တပည့်တော်ဖြစ်ခြင်းအကြောင်း သွန်သင်ပေးပါ။

ဥပမာ– ရှင်ပေါလု (သာသနာခရီး များစွာသွားရောက်ခဲ့သည်။ တမန်တော်ဝတ္တု)

## (၃) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် ပြင်းပြသော ဆန္ဒရှိရမည်။

''သို့ဖြစ်၍ အထက်က စေတနာစိတ်ရှိသည်နှင့်အညီ၊ ယခုတွင် သင်တို့သည် တတ်နိုင်သည့်အတိုင်းပြု၍ ဤအမှုကို ပြီးစီးစေကြလော့။'' (၂ကောရိ၈း၁၁)

- သင်သည် သာသနာလုပ်ငန်းကို နှစ်နှစ်ကာကာ ဂရုစိုက်စောင့်ထိန်းရမည်။
- အောင်မြင်မှုအတွက် ဆက်ကပ်အပ်နှံရမည် (ဆန္ဒပြင်းပြခြင်း = ဆက်ကပ်အပ်နှံခြင်း)

ဥပမာ– သတေမန် (သူသည်အကြောင်း အရင်းတစ်ခုအပေါ် ဆက်ကပ်အပ်နှံသူဖြစ်သည် – တမန်တော်၇)

## (၄) ထိရောက်သောခေါင်းဆောင်တစ်ဦးသည်ဝိညာဉ်တော် ဦးဆောင်မှုရှိရမည်။

''သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်ခဲ့သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသောယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။'' (တမန်တော်၁း၁၈)

- သန့်ရှင်းသောဝိညာဉ်တော်သည်သင့်ကိုဦးဆောင်လမ်းပြပါစေ။
- သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကိုခံယူပါစေ။

ဥပမာ – ဒံယေလ (သူသည် သူ၏ယုံကြည်ခြင်းကို မငြင်းပယ်ပါ။ ဒံယေလ ၆)

## (၅) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည်အစေခံကျွန်ဖြစ်ရမည်။

''သင်တို့မူကား ထိုသို့မပြုကြနှင့်လူသားသည် သူတစ်ပါးကို စေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှာလည်း မိမိအသက်ကို စွန့်၍လူများကို ရွေးခြင်းငှာလည်း ကြွလာသည်ဖြစ်၍ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ၊ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏ (မဿဲ၁၀း၂၇–၂၈)။

- ခေါင်းဆောင်တစ်ဦးသည် နောက်လိုက်များ၏ စေစားခံရန် မဟုတ်ဘဲ၊သူတို့ကိုအ စေခံရန်အတွက် ခေါ်ခြင်းဖြစ်သည်။

- အစေခံကျွန်ခေါင်းဆောင်တစ်ဦးသည် သူ၏နောက်လိုက်များ ကြီးထွားပြီးအောင် မြင်သော သူများဖြစ်ရန် ကူညီဖေးမတတ်သည်။

ဥပမာ– ခရစ်တော် (တပည့်တော်များ၏ခြေကို ဆေးခြင်း – ယော ၁၃)။

## (၆) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် ရည်ရွယ်ချက်ပန်းတိုင် ရှိသောသူဖြစ်ရမည်။

''ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ် မထင်သော်လည်း၊ငါပြုသော အမှုတစ်ခုဟူမူကား၊ နောက်ကျသော အရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကို လှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းထုံးတိုင်သို့ ငါလိုက်ပြေး၏'' (ဖိလိပ္ပိ ၃း၁၃–၁၄)။

- သင့်ရှုပါရုံ၊ သာသနာလုပ်ငန်းနှင့် မဆက်စပ်သော ကိစ္စရပ်များကြောင့် စိတ်ပြန့်လွင့် မသွားမိစေနဲ့။
- သင့်ကို လမ်းချော်စေမည့် စာတန်ကို အခွင့်မပေးပါနဲ့။

ဥပမာ– နေဟမိ (ယေရုရှလင် ဗိမာန်တော် ပြန်လည်တည်ဆောက်ခြင်းအပေါ် အဓိက အာရုံစိုက်ခဲ့သည်– နေဟမိ ၆)

## (၇) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် ရဲရင့်ခြင်းရှိသောသူဖြစ်ရမည်။

''တဖန်ယောရှုကို ခေါ်၍၊သင်သည် အားယူ၍ရဲရင့်ခြင်းရှိလော့။ အကြောင်းမူကား၊ ထာဝရဘုရားသည် ဤလူတို့အား ပေးခြင်းငှါ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့ သင်သည်သူတို့နှင့်အတူ သွား၍ အမွေခံစေရမည်။ သင့်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍၊ သင်နှင့်ရှိတော်မူလိမ့်မည်။ သင့်ကို စွန့်တော်မမူ၊ ပစ်ထားတော်မမူ။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်ဟု ဣသရေလအမျိုးသား အပေါင်းတို့ရှေ့မှာ ပြောဆို၏'' (တရား ၃၁း၇–၈)။

- ခေါင်းဆောင်သည် ယုံကြည်ခြင်း၌ ခြေလှမ်းရန်အတွက် ဆန္ဒရှိသည်။
- ခေါင်းဆောင်သည် ကြီးမားသော အောင်မြင်မှုကို ရရှိရန် စွန့်စားလိုသော ဆန္ဒရှိသည်။
- ဘုရားသခင်သည် သင့်ကို တန်ဆာဆင်ပေးပြီး၊ခွန်အားပေးမည်ဖြစ်သည်။

ဥပမာ– ဒါဝိဒ် (ဂေါလျက်နှင့်စစ်တိုက်ခြင်း ၁ရာ ၁၇)။

## (၈) ထိရောက်သောခေါင်းဆောင်တစ်ဦးသည် ယုံကြည်ကိုးစားထိုက်သော သူဖြစ်ရမည်။

''ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်'' (သုတ္တံ ၃း၅)။

- ခေါင်းဆောင်သည် သစ္စာနှင့်ပြည့်စုံ၍၊ မှန်ကန်သော ဘုရားသခင်အပေါ် ယုံကြည်အားထားသည်။
- ခေါင်းဆောင်သည်ပတ်ဝန်းကျင်အခြေအနေ ဆိုးရွားစေကာမူ ဘုရားသခင်ကို ယုံကြည်ကိုးစားတတ်သည်။

ဥပမာ– အာဗြဟံ (ဣဇာက်ကို ပူဇော်ခြင်း ကမ္ဘာဦးကျမ်း ၂၂)

**(၉) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် အသင့်ပြင်ဆင်သောသူဖြစ်ရမည်။**

''နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကို ဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကို ပေး၍ တိုက်တွန်း သွေးဆောင်လော့။'' (၂တိ၄း ၂)

- ကြိုတင်ပြင်ဆင်မှုသည် ပေးဆပ်ခြင်းဖြစ်ပြီး၊ ရှေ့ကို စီမံကိန်းရေးဆွဲခြင်းဖြစ်သည်။
- အောင်မြင်မှုအတွက် ၁ % သာလှုံ့ဆော်ပေးပြီး၊ ၉၉ သည် ကြိုတင်ပြင်ဆင်မှုဖြစ်သည်။

ဥပမာ– ယောသပ် (အစာခေါင်းပါးခြင်းအတွက် ကြိုတင်ပြင်ဆင်ခဲ့သည်၊ ကမ္ဘာဦးကျမ်း ၄၁)

**(၁၀) ထိရောက်သော ခေါင်းဆောင်တစ်ဦးသည် အခွင့်အရေးကို ဖန်တီးတတ်သူ ဖြစ်ရမည်။**

''ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသော အကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင်အချိန်တန်သော ကာလ၌အသီးအနှံကို ရိတ်ရကြလိမ့်မည်။ ထို့ကြောင့် ငါတို့သည် အဆင်သင့်သည် အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျှက်၊ ခပ်သိမ်းသော သူတို့အား ကျေးဇူးပြုကြကုန်အံ့'' (ဖေက် ၆း၉–၁ဝ')။

- နေ့ရက်ကို သိမှတ်တတ်ပါ (ဒီနေ့ ဘုရားသခင်ပေးသော အခွင့်အရေးများကို အကျိုးရှိအောင် အသုံးပြုပါ)
- ထိုအခွင့်အရေးများအတွက် နိုးကြားစွာ အသက်ရှင်ပါ။

ဥပမာ– သေတာ (သူမ၏ လူများကို ပျက်စီးခြင်းမှ ကယ်နှုတ်ခဲ့သည်၊ သေတာဝတ္တု ၄)

**၂။ ခေါင်းဆောင်မှုအတွက် စိန်ခေါ်မှုများ**

''ယေရှုခရစ်တော်၏ တရားတော်နှင့်အညီ၊ ဘုရားဝတ်၌မွေ့လျော်၍ နေခြင်းငှါ အလိုရှိသော သူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်'' (၂တိ ၃း၁၂)။

**ခေါင်းဆောင်မှုတွင် ၎င်း၏စိန်ခေါ်မှုရှုထောင့်များရှိကြသည်။**

**က။ ထိပ်ဆုံး၌ ခေါင်းဆောင်တစ်ဦးတည်းသာ ရှိနိုင်သည်။**

(၁) ဉာဏ်ပညာရှိပါ

(၂) တရားမျှတသော သူဖြစ်ပါ

(၃) ဆုံးဖြတ်ချက်ချနိုင်သူဖြစ်ပါ၏

**ခ။ လူတိုင်းသည် သင့်ကိုအချိန်တိုင်း သဘောတူကြမည် မဟုတ်ပါ။**

(၁) သင်၏ ဆုံးဖြတ်ချက်အတွက် စိန်ခေါ်မှုများကို မျှော်လင့်ထားပါ

(၂) လူတို့သည် အကြောင်းရင်းတစ်ခုပေါ် မတူညီသော အမြင်များရှိတတ်သည်။

(၃) သင်၏ ဆုံးဖြတ်ချက်ကို စိတ်ခံစားမှုနှင့်မဟုတ်ဘဲ၊ အကြောင်းရင်းနှင့် သမ္မာကျမ်းစာဖြင့် ဖြေရှင်းတတ်ပါ။

**ဂ။ တိုက်ပွဲများကို အောင်မြင်ရန် လွယ်ကူသော်လည်း၊စစ်ပွဲကို ကျရှုံးနိုင်သည်။**

(၁) သင်သည် ရေကိုရည်မှန်းချက်များကို ပြည့်မီရန်အတွက် ကြိုးစားရာ၌၊ ရေရှည်ရူပါရုံမပျောက်မိဖို့ လိုအပ်ပါသည်။

(၂) သင်၏ ဦးစားပေးမှုများ မယိမ်းယိုင်စေရန် စောင့်ထိန်းပါ။

(၃) လိုက်လျောညီထွေမှုရှိပါ။သို့သော် သင်၏ အခြေခံနည်းလမ်းများကို မမေ့လျော့ပါနှင့်။

**ခေါင်းဆောင်မှု ဝေဖန်သုံးသပ်ခြင်း**

| |
|---|
| ညွှန်ကြားချက်–အောက်ဖော်ပြပါ ချိန်ဆမှုအတိုင်း အရည်အချင်းတိုင်းအပေါ် မိမိကိုယ်ကို အမှတ်ပေးပါ။<br><br>၁။ ရှိခဲသည်<br>၂။ ရံဖန်ရံခါ ရှိသည်<br>၃။ မကြာခဏ ရှိသည်<br>၄။ ခါတိုင်းနည်းတူ ရှိသည်<br>၅။ အမြဲရှိသည် |

| **အရည်အချင်း** | **ရမှတ်** |
|---|---|
| ၁။ ရူပါရုံရှိသောသူ | ------ |
| ၂။ သာသနာစိတ်ရှိသောသူ | ------ |
| ၃။ ပြင်းပြသောဆန္ဒရှိသူ | ------ |
| ၄။ ဝိညာဉ်တော်ဦးဆောင်မှုရှိသူ | ------ |
| ၅။ အစေခံကျွန်စိတ်ရှိသူ | ------ |
| ၆။ ရည်ရွယ်ချက်ပန်းတိုင်ရှိသူ | ------ |

၇။ ရဲရင့်ခြင်းရှိသောသူ ------

၈။ ယုံကြည်ကိုးစားထိုက်သူ ------

၉။ အသင့်ပြင်ဆင်သောသူ ------

၁၀။ အခွင့်အရေးကို ဖန်တီးတတ်သူ ------

**စုစုပေါင်း** ------

| ရမှတ်စုစုပေါင်း | အနက်အဓိပ္ပါယ် |
|---|---|
| ၄၀+ | အလွန်ကောင်းသော ခေါင်းဆောင်မှု အရည်အချင်းပိုင်ဆိုင်သည်။ အမှန်တကယ် သင့်ကို ဘုရားသခင် အသုံးပြုနိုင်သည်။ |
| ၃၀–၃၉ | ခေါင်းဆောင်မှု အစွမ်းအစများ အချို့ရှိသည်။ သို့သော် တိုးတက်စေရန်အတွက် ဆက်လက်လုပ်ဆောင်နိုင်သည်။ |
| ၂၀–၂၉ | ရံဖန်ရံခါ ခေါင်းဆောင်မှုကို ဖော်ပြခဲ့သော်လည်း များစွာသော ကဏ္ဍများ၌ တိုးတက်ရန် လိုအပ်နေသည်။ |
| ၁၀–၁၉ | ခေါင်းဆောင်မှု အရည်အချင်း အားနည်းသည်။ အရေးကြီးသော သင်တန်းနှင့် တိုးတက်မှုများ လိုအပ်ဆဲဖြစ်သည်။ |
| ၀–၉ | ခေါင်းဆောင်မှု စွမ်းရည်မရှိကြောင်း ဖော်ပြသည်။ သင်တန်း(သို့) အခြားလုပ်ငန်းကို ရှာဖွေကြည့်ပါ။ |

# အခန်း (၃)

## ခေါင်းဆောင်မှုလုပ်ငန်းပုံစံများ

''ခရစ်တော်၏ ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း အချို့တို့ကို သင်းအုပ်ဆရာ၌၎င်း၊ ခန့်ထားတော်မူ၏။'' (ဖေက် ၄း၁၁–၁၂')

ဘုရားသခင်သည် အမှုတော်လုပ်ငန်းအတွက် သန့်ရှင်းသူများကို ပြင်ဆင်ရန်နှင့် ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ဆောက်ရန်အတွက် သူတို့၏ အစွမ်းအစများနှင့်အတူ ဦးဆောင်ရန် ခေါင်းဆောင်တိုင်းကို ခေါ်ခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့ မည်ကဲ့သို့ ဦးဆောင်သည့်အရာက တစ်ဦးချင်း၏ အသက်တာနှင့်အားပေးမှုကို အကျိုးသက်ရောက်စေသည်။ ခေါင်းဆောင်များဖြစ်သည့်အတိုင်း၊ ကျွန်တော်တို့သည် မိမိတို့၏ ဆုကျေးဇူးနှင့်အတွေ့အကြုံများနှင့်အညီ ဦးဆောင်စီမံပြီး အကောင်အထည် ဖော်လုပ်ဆောင်တတ်ကြသည်။ အချို့သော အခြေအနေများတွင် ကျွန်တော်တို့ ဦးဆောင်မှုသည် အလွန်ထိရောက်နိုင်သလို၊ အခြားနေရာများတွင်မူ ထိရောက်မှုမရှိနိုင်ပေ။ ဤသို့ဖြင့် ကျွန်တော်တို့၏ ခေါင်းဆောင်မှုပုံစံနှင့် အခြားသူများ၏ ခေါင်းဆောင်မှုပုံစံများကို နားလည်သဘောပေါက်ခြင်းသည် အခြေအနေတိုင်း၌ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုစွမ်းရည်ကို အသုံးပြုရာ၌ ပို၍ ထိရောက်အောင် ကူညီပေးနိုင်မည် ဖြစ်သည်။ ဤအခန်းတွင် အခြေခံခေါင်းဆောင်မှုပုံစံ ၄ခုနှင့် ပို၍ ထိရောက်မှုအတွက် ၎င်းတို့ကို မည်ကဲ့သို့ အသုံးပြုမည့်အကြောင်း လေ့လာကြမည်ဖြစ်သည်။

### ၁။ ခေါင်းဆောင်မှု ပုံစံများမှာ အဘယ်နည်း။

'' A Fish Out of Water'' စာအုပ်ကို ရေးသားသော စာရေးဆရာ George Barna က ခေါင်းဆောင်မှု ပုံစံ ၄ခု ရှိကြောင်း ဖော်ပြထားသည်။

## (က) ညွှန်ကြားပေးသော ခေါင်းဆောင်

- ဤခေါင်းဆောင်အမျိုးအစားသည် ရှုပါရုံရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။
- ဤခေါင်းဆောင်အမျိုးအစားသည် အသေးစိတ်အပေါ် မဟုတ်ဘဲ၊ အကျိုးရလဒ်များအပေါ်တွင် အဓိကထား လုပ်ဆောင်သည်။

## (ခ) နည်းစနစ်ကျသော ခေါင်းဆောင်

- ဤခေါင်းဆောက်နှစ်မျိုးအစားသည် အကြောင်းအရာ အချက်အလက်များကို အသေးစိတ်လေ့လာလိုပြီး ခြားနားသော ကိစ္စရပ်များကိုလည်း တန်ဖိုးသတ်မှတ်တတ်သည်။
- ဤခေါင်းဆောင်နှစ်မျိုးအစားသည် တိုးတက်လိုပြီး ရှုပရုံအတွက် စီမံကိန်းများကို ပုံဖော်တတ်သည်။

## (ဂ) အသင်းအဖွဲ့ကို တည်ဆောင်သော ခေါင်းဆောင်

- ဤခေါင်းဆောင် အမျိုးအစားသည် လူအချင်းချင်းဆက်နွယ်ခြင်းလုပ်ငန်းထက် လူတို့၏ ပါဝင်လုပ်ဆောင်မှုကို ပို၍ အလေးထားတတ်သည်။
- ဤခေါင်းဆောင် အမျိုးအစားသည် ရှုပါရုံအောင်မြင်စေရန်အတွက် လူတို့ကိုစုစည်းလိုသော သဘောရှိသည်။

## (ဃ) လက်တွေ့လုပ်ဆောင်သော ခေါင်းဆောင်

✔ ဤခေါင်းဆောင် အမျိုးအစားသည် ရှုပါရုံကို အကောင်အထည်ဖော်ရန်အတွက် ဖြစ်စဉ်များကို တိုးတက်စေသူ ဖြစ်သည်။

✔ ဤခေါင်းဆောင် အမျိုးအစားသည် စည်းစနစ်များကိုတည်ဆောက်ရန်နှင့် အကျိုးရလဒ်များကို သတင်းပေးပို့ရန် နှစ်သက်သူဖြစ်သည်။

## ၂။ သင်၏ခေါင်းဆောင်မှုပုံစံကိုဆုံးဖြတ်ခြင်း

သင်၏ ခေါင်းဆောင်းမှု ပုံစံသည် အဘယ်နည်း။

အောက်ပါဖော်ပြချက်များသည် ခေါင်းဆောင်မှု အပြုအမူအကြောင်းဖြစ်သည်တစ်ဦးစီကို သချာဖတ်ပါ။ အောက်ပါတိုင်းတာမှုကို အသုံးပြုပြီး သင်အမှန်တကယ် လက်တွေ့အသုံးပြုသော အရာကို ဆုံးဖြတ်ပါ။ ရလဒ်ကောင်းရရှိရန်အတွက် အမှန်အတိုင်း ဖြေပေးပါ။

| ၀ | ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|---|
| ဘယ်တော့မှမလုပ်ပါ။ | လုပ်ခဲသည်။ | ရံဖန်ရံခါလုပ်သည်။ | မကြာခဏလုပ်သည်။ | ခါတိုင်းကဲ့သို့လုပ်သည်။ | အမြဲလုပ်သည်။ |

၁။ ကျွန်တော်/မသည် အသင်းအဖွဲ့ကို ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ပါဝင်ရန်အားပေးပြီး သူတို့၏ အကြံအဉာဏ်များနှင့် အကြံပြုချက်များကို အကောင်အထည် ဖော်ရန်ကြိုးစားသည်။ -------

၂။ ရည်မှန်းချက်ပန်းတိုင်(သို့) လုပ်ငန်းကို ပြည့်စုံစေခြင်းထက် မည်သည့်အရာမှပို၍အရေးမကြီးပါ။--------

၃။ လူတို့ကို အရှိအသေပေးခြင်းနှင့် တန်ဖိုးခြင်းသည် ကျွန်ုပ်၏ အကြီးမားဆုံးသောဦးစားပေးမှုဖြစ်သည်။-------

၄။ ကျွန်တော်/မသည် လုပ်ငန်းတာဝန်(သို့) စီမံကိန်းတစ်ခု အချိန်မီပြီးစီးမည့် အကြောင်း သိစေရန် အချိန်ဇယားကို ပြောပြလေ့ရှိသည်။-------

၅။ ကျွန်တော်/မသည် လုပ်ငန်းတာဝန်အသစ်များနှင့် လုပ်ထုံးလုပ်နည်းများအပေါ် လူတို့အား နည်းပြပေးခြင်းကို နှစ်သက်သည်။-------

၆။ လုပ်ငန်းတစ်ခုသည် ပို၍စိန်ခေါ်မှုရှိလေ၊ပို၍ ဝမ်းမြောက်လေဖြစ်သည်။----

၇။ ကျွန်တော်/မသည် သူတို့၏လုပ်ငန်းကို ဖန်တီးနိုင်ရန်အတွက် အခြားသူများကို အားပေးတတ်သည်။

၈။ ပြီးမြောက်ရမည့် ရှုပ်ထွေးသော လုပ်ငန်းကိုမြင်သောအခါ၊ အသေးစိတ် အချက်အလက်များကြောင့် ဖြစ်ကြောင်း ကျွန်တော်/မ သိရှိစေသည်။-------

၉။ ကျွန်တော်/မသည် သင်တန်းခေါင်းဆောင်မှုနှင့် စိတ်ပညာအကြောင်း ဆောင်းပါးစာအုပ်နှင့် ဂျာနယ်များ ဖတ်ရှုခြင်းကို နှစ်သက်ပြီးဖတ်ပြီးသော အရာများကို လက်တွေ့အသုံးပြုသည်။-------

၁၀။ ကျွန်တော်/မသည် တစ်ချိန်တည်းတွင် ရှုပ်ထွေးနေသော လုပ်ငန်းများစွာကို လုပ်ဆောင်ရာ၌ လွယ်ကူမှုကို တွေ့ရှိသည်။-------

၁၁။ အခြားသူတို့၏ အမှားများကို ပြုပြင်ရာ၌၊ ကျွန်တော်/မသည် အချင်းချင်း ဆက်ဆံမှုပျက်စီးမည့်အကြောင်းကို စိုးရိမ်တတ်သည်။-------

၁၂။ ကျွန်တော်/မသည် အချိန်ကို အကျိုးရှိစွာ စီမံတတ်သည်။------

၁၃။ ကျွန်တော်/မသည် ဦးဆောင်နေသော လူတို့အား ရှုပ်ထွေးသော လုပ်ငန်း (သို့)စီမံကိန်း အသေးစိတ်ရှင်းပြခြင်းကို နှစ်သက်သည်။-------

၁၄။ ကြီးမားသော စီမံကိန်းများကို သေးငယ်သော လုပ်ငန်းအဖြစ် ခွဲခြမ်းထားခြင်းသည် ကျွန်ုပ်၏ သဘောသဘာဝ ဖြစ်သည်။-------

၁၅။ ကြီးမားသော အဖွဲ့တစ်ခုကို တည်ဆောက်ခြင်းထက် ပို၍အရေးကြီးသော အရာမရှိပါ။ -------

၁၆။ ကျွန်တော်/မသည် ပြဿနာခွဲခြမ်း စိတ်ဖြာခြင်းကို နှစ်သက်သည်။ -----

၁၇။ ကျွန်တော်/မသည် အခြားလူများ၏ အကန့်အသတ်ရှိမှုကို လေးစားသည်။ ------

၁၈။ ကျွန်တော်/မသည် ဆောင်းပါးများနှင့်သာသနာလုပ်ငန်းအကြောင်း ဖတ်ရှုခြင်းနှင့် သင်ယူသော လုပ်ထုံးလုပ်နည်းများ အသစ်ကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်းကို နှစ်သက်မြတ်နိုးသည်။-------

၁၉။ သူတို့၏ လုပ်ဆောင်မှု (သို့) အပြုမူ တိုးတက်အောင် အခြားသူများကို တိုင်ပင်ဆွေးနွေးခြင်းသည် ကျွန်ုပ်၏ သဘာဝဖြစ်သည်။-------

၂၀။ ကျွန်တော်/မသည် လုပ်ဆောင်မှုများ စစည်းခြင်းနှင့်စီမံကိန်းရေးဆွဲခြင်းများကို ကြိုက်နှစ်သက်သည်။-------

**ရမှတ်များကို ရေးသားခြင်း**

**မေးခွန်းကို ဖြည့်စွက်ပြီးနောက်၊သင်၏ အဖြေများကို အောက်ပါကွက်လပ် များတွင် ရေးသားပါ။**

| **လူ** | **လုပ်ငန်း** |
|---|---|
| **မေးခွန်း** | **မေးခွန်း** |
| ၁။ ------ | ၂။ ------ |
| ၃။ ------ | ၄။ ------ |
| ၅။ ------ | ၆။ ------ |
| ၇။ ------ | ၈။ ------ |
| ၉။ ------ | ၁၀။ ------ |
| ၁၁။ ------ | ၁၂။ ------ |
| ၁၃။ ------ | ၁၄။ ------ |
| ၁၅။ ------ | ၁၆။ ------ |
| ၁၇။ ------ | ၁၈။ ------ |
| ၁၉။ ------ | ၂၀။ ------ |
| **စုစုပေါင်း -----** | **စုစုပေါင်း -----** |
| **(အဖြေကို ၁၀နှင့်စားပါ)** | **(အဖြေကို ၁၀နှင့်စားပါ)** |
| **အမှတ် -----** | **အမှတ် -----** |

**<u>အကျိုးရလဒ်များ</u>**

သင်၏ နောက်ဆုံးရမှတ်များကို ပုံစံခွက်၏ ယာဘက်ဒေါင်လိုက် မျဉ်းပေါ်ရှိ သင်၏ လူများအတွက် အစက်အပြောက်တစ်ခုကို ရေးသားခြင်းဖြင့်၎င်း၊ ပုံစံခွက်၏ အောက်ဆုံး၌ အလျားလိုက်မျဉ်းကြောင်းပေါ်ရှိ သင်၏လုပ်ငန်းအတွက် အစက်အပြောက်တစ်ခုကို ရေးသားခြင်းဖြင့်၎င်း အောက်သရုပ်ပြမျဉ်းပေါ်တွင် သတ်မှတ်ပါ။ ထို့ပြင် တစ်ခုနှင့်တစ်ခု ကန့်လန့်ဖြတ်မျဉ်းဆုံသည်အထိ အစက်များမှ မျဉ်းနှစ်ကြောင်းကို ဖြောင့်တန်းစွာဆွဲပါ။ ၎င်းဖြတ်မှတ်နေရာသည် သင်လုပ်ဆောင်နေသော ခေါင်းဆောင်မှု တိုင်းတာခြင်းဖြစ်သည်။

| | |
|---|---|
| အသင်းအဖွဲ့ကို တည်ဆောက်ခြင်း | နည်းစနစ်ကျခြင်း |




**၃။ အခေါင်းဆောင်မှု ပုံစံများကို လက်တွေ့အသုံးပြုခြင်း**

(၁) Geornae Barna အရ၊ ခေါင်းဆောင်တိုင်းသည် ဤပုံစံများ၏ တစ်ခုထဲ၌ လွှမ်းမိုးရန်အတွက် ရည်ရွယ်ထားကြသည်။ သို့သော် ခေါင်းဆောင်အားလုံးတွင် ပုံစံတိုင်း၏ ရှုထောင့်အချို့ရှိကြသည်။

(၂) အခြားသောခေါင်းဆောင်မှု ပုံစံရှိသော ခေါင်းဆောင်များနှင့် မိမိကိုယ်ကို ဝိုင်းရံထားပါ။

- သူတို့သည် သင့်ကို ပြည့်စုံစေကြစေလိမ့်မည်။
- သူတို့သည် သင်မမြင်သောအရာများကို မြင်ကြသည်။

''တိုင်ပင်ခြင်းမရှိလျှင် အကြံပျက်တတ်၏။တိုင်ပင်သောသူများလျှင်မူကား၊ အကြံတည်တတ်၏။'' (သုတ္တံ ၁၅း၂၂)။

(၃) သင်၏ အားနည်းချက်နှင့်မဟုတ်ဘဲ၊ အားသာချက်နှင့်ဦးဆောင်ပါ။

''ထိုသို့ပေးတော်မူသော ကျေးဇူးတော်အတိုင်း ငါတို့သည် အသီးသီးအပြားပြားသော ဆုများကို ခံရသည်ဖြစ်၍၊ ပရောဖက်အရာရှိလျှင် ယုံကြည်ခြင်း၏ ပမာဏကိုရသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။ ဓမ္မဆရာအရာရှိလျှင်၊ ဓမ္မဆရာ၏ အမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမဩဝါဒပေးသောသူသည် ထိုအမှုကို ဆောင်ရွက်စေ။ နှိုးဆော်သွေးဆောင်သောသူသည် ထိုအမှု ကို ဆောင်ရွက်စေ။ အစွန့်အကြံဝေငှသော သူသည် လျစ်လျူသော စိတ်နှင့်ဝေငှစေ။ အုပ်ချုပ်သော သူသည် လုံ့လဝီရိယနှင့် အုပ်ချုပ်စေ။ မစသနားခြင်းအမှုကို ပြုသောသူသည် စေတနာစိတ်နှင့် ပြုစေ။'' (ရောမ ၁၂း၆–၈)။

(၄) အခြေအနေနှင့်ဆိုင်သော ခေါင်းဆောင်မှုကို နားလည်သဘောပေါက်ပါ။

- ✔ သင်လွှမ်းမိုးသော ခေါင်းဆောင်မှု ပုံစံသည် အခြေအနေအားလုံး၌ ထိရောက်မှုရှိမည် မဟုတ်ပါ။
- ✔ ပေးထားသော အခြေအနေတစ်ခုအတွက် အထိရောက်ဆုံးသော ခေါင်းဆောင်မှုပုံစံကို ဆုံးဖြတ်ပါ။

ဥပမာများ –

၁။ သင်၏ သာသနာလုပ်ငန်းအတွက် လုပ်ငန်းအသစ်တစ်ခုကို တည်ဆောက်ခြင်း – ညွှန်ကြားပေးသော ခေါင်းဆောင်မှုလုပ်ငန်း (လုပ်ဆောင်မှုလိုအပ်သည့်အခါ)

၂။ သင်၏ သာသနာလုပ်ငန်းအတွက် စီမံကိန်းများကို တိုးတက်စေခြင်း – စည်းစနစ်ကျသော ခေါင်းဆောင်မှုလုပ်ငန်း (ခွဲခြမ်းစိတ်ဖြာမှုနှင့် စီမံကိန်း လိုအပ်သည့်အခါ)

၃။ သင်၏ သာသနာလုပ်ငန်း၌ ပြဿနာကို ဖြေရှင်းခြင်း – အဖွဲ့ကို တည်ဆောက် သော ခေါင်းဆောင်မှုလုပ်ငန်း (လူများနှင့်အတူ လုပ်ဆောင်ရန် လိုအပ်သည့်အခါ)

၄။ သင်၏ သာသနာလုပ်ငန်း၌ နည်းပညာကို အသုံးပြုခြင်း – လက်တွေ့လုပ်ဆောင် သောခေါင်းဆောင်မှုလုပ်ငန်း (နည်းစနစ်များနှင့်ဖြစ်စဉ်များ လိုအပ်သည့်အခါ)

✔ သင့်အဖွဲ့တွင် ပို၍ထိရောက်သော ဦးဆောင်မှုပုံစံနှင့်အတူ အခြားခေါင်းဆောင်ကို ခွင့်ပြုရန် စဉ်းစားကြည့်ပါ။

- သင်သည် အခွင့်အာဏာကို ပိုင်ဆိုင်ထားသည်။
- သင်သည် အဖွဲ့အပေါ်အခြားသော ခေါင်းဆောင်ကို စီမံကိန်း/လုပ်ငန်းအတွက် ကိုယ်စားလှယ်ရွေးချယ်ပါ။

၅။ အခြေအနေတစ်ခုတွင် မှားယွင်းသော ခေါင်းဆောင်မှုပုံစံကို အသုံးပြုလျှင်အောက်ပါ အကျိုးဆက်များရရှိနိုင်သည်။

- သင်၏ခေါင်းဆောင်မှုသည် တော်လှန်ခုခံခြင်း ခံနိုင်သည်။
- သင်သည် မလိုအပ်သော ပြဿနာကို ဖန်တီးနိုင်သည်။
- သာသနာလုပ်ငန်းသည် ရပ်တန့်ပြီး၊ ဒုက္ခရင်ဆိုင်နိုင်သည်။

# အခန်း (၄)

## ခေါင်းဆောင်များကို တိုးတက်စေခြင်း

''ထာဝရဘုရားကလည်း၊ ဝိညာဉ်တော်ကိုရသော နုန်၏သား ယောရှုကိုခေါ်၍၊ သင်၏ လက်ကို သူ့အပေါ်မှာ တင်လော့။ ယစ်ပုရောဟိတ် ဧလာဇာရှေ့၊ ပရိသတ်အပေါင်းတို့ရှေ့၌ သူ့ကိုထား၍ မှာခဲ့လော့။ ဣသရေလအမျိုးသား အပေါင်းတို့သည် သူ၏စကားကို နားထောင်မည်အကြောင်း၊ သင်၏ ဘုန်းအသရေအချို့ကို သူ့အပေါ်၌ တင်ထားလော့'' (တောလည်ရာကျမ်း ၂၇း၁၈–၂၀)။

သာသနာလုပ်ငန်းကို ပြီးမြောက်ရန်အတွက် ဘုရားသခင်ကျွန်ုပ်တို့အား ခေါ်ခြင်း၌ အသင်းတော်(သို့) သာသနာလုပ်ငန်း ခေါင်းဆောင်တွင် ကြီးမားသောတာဝန် ဝတ္တရားတစ်ခုရှိသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့်၊ ၎င်းကို ထိရောက်စွာ ဦးဆောင်ရန်အတွက် ကျွန်ုပ်တို့သာသနာလုပ်ငန်း ကဏ္ဍတိုင်း၌ နီးကပ်စွာ ပါဝင်လုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့သော် အမှန်တကယ် ကျွန်တော်တို့သည် ထိုသို့ မလုပ်ဆောင်နိုင်ကြပါ။ ကျွန်တော်တို့သည် အစည်းအဝေးတိုင်းကို ဦးဆောင်ရန် အသေးစိတ်လုပ်ဆောင်မှုကို မစောင့်ကြည့်နိုင်သလို ဆုံးဖြတ်ချက်တိုင်းကိုလည်း မချမှတ်နိုင်ကြပါ။ ခေါင်းဆောင်များဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိရန်အတွက် အခြားသူများ၏ အစွမ်းအစများ ထောက်ပံ့ကူညီပေးရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ အရည်အချင်းရှိသော ခေါင်းဆောင်များကို သိကျွမ်းရန်နှင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ၊ အစွမ်းသတ္တိများအတိုင်း ဦးဆောင်ပြီး၊ စီမံခန့်ခွဲနိုင်ရန်အတွက် သူတို့ကို တိုးတက်စေရန်ဖြစ်သည်။ မောရှေသည် ယောရှုအပေါ်သို့ လက်ကို တင်တော်မူသည့်အတိုင်း ''ဝိညာဉ်တော်ကိုရသော'' အခြားခေါင်းဆောင်များကို သိရှိရန်လိုအပ်ပြီး၊ သင့်ကိုယ်စား သင်၏ အခွင့်အာဏာနှင့်အတူ လုပ်ဆောင်ရန်အတွက် သူတို့ကို စေလွှတ်ရမည်ဖြစ်သည်။ ဤအခန်းတွင် ခေါင်းဆောင်တစ်ဦး၏။ အဓိပ္ပါယ်၊ ခေါင်းဆောင်များ တိုးတက်စေရန်အတွက် အရေးကြီးပုံနှင့်သူတို့ကို မည်ကဲ့သို့ သိရှိပြီး၊ တိုးတက်စေမည့်အကြောင်း စသည်တို့ကို လေ့လာသွားမည် ဖြစ်သည်။

**(က) မည်သူသည် ခေါင်းဆောင်တစ်ဦးဖြစ်သနည်း။**

သမ္မာကျမ်းစာအရ ခေါင်းဆောင်တစ်ဦးသည်–

**၁။ ခရစ်တော်၌ သူ/သူမ၏ဖြစ်ခြင်းကို သိသည်(၂ကော ၅း၁၅–၂၁)။**

(က) ခရစ်တော်အတွက် ကျွန်တော်တို့အားလုံးသည် အမှုဆောင်များဖြစ်ကြောင်း သူသိသည် (၁ပေ ၂း၉)။

(ခ) သူ၏ တန်ခိုးတော်နှင့်ကျွန်ုပ်တို့ကို ပြုပြင်တန်ဆာဆင်ပေးသည်(ဖေက် ၁း၁၈ –၂၀၊၃း၁၄–၂၀)။

(ဂ) ကျွန်တော်တို့အားလုံးသည် ခရစ်တော်၏ကိုယ်၌ တူညီကြသည်(၁ကော ၁၂း ၂၇)။

**၂။ ဝိညာဉ်ဆုကျေးဇူးများကို နားလည်သဘောပေါက်သည်–**

(က) လူတိုင်းကို ဝိညာဉ်ဆုကျေးဇူးများ ပေးထားသည် (၁ကော ၁၂း၇)။

(ခ) ကျွန်တော်တို့သည် ဆုကျေးဇူးများကို အသုံးပြုရန်အတွက် ခေါ်ခြင်းခံသူများ ဖြစ်ကြသည်(ဖေက် ၄း၁၁–၁၃)။

(ဂ) အခြားသူတို့သည် သူတို့၏ ဆုကျေးဇူးများကို အသုံးပြုရန်အတွက် ခေါင်းဆောင်တစ်ဦးတွင် တာဝန်ရှိသည် (၂တိ ၂း၂)။

**၃။ သူတို့၏ လုပ်ငန်းသည် ဆားနှင့်အလင်းဖြစ်ရန်ဖြစ်ကြောင်း နားလည်သဘောပေါက်သည်(မဿဲ ၅း၁၃–၁၆)**

(က) ကျွန်တော်တို့သည် ယဉ်ကျေးမှုအပေါ် လွှမ်းမိုးနိုင်သူများဖြစ်ကြရန် လိုအပ်သည် (ကောလော ၄း၅–၆)။

(ခ) ကျွန်တော်တို့သည် ပုံသက်သေပြသော သူများဖြစ်ကြသည် (၁သက် ၁း၇)။

(ဂ) ကျွန်တော်တို့သည် သံတမန်များဖြစ်ကြသည် (၂ကော ၅း၁၇)။

**၄။ ဧဝံဂေလိသတင်းကောင်း ပြန့်နှံ့ရန်နှင့် ခရစ်တော်အတွက် တပည့်တော်များဖြစ်စေရန် ဆက်ကပ်အပ်နှံသူဖြစ်သည် (မဿဲ ၂၈း၁၉)။**

**(ခ) အခြားခေါင်းဆောင်များကို တိုးတက်စေခြင်းသည် အဘယ့်ကြောင့် အလွန်အရေးကြီးပါသနည်း။**

**၁။ ၎င်းသည် ဘုရားသခင်၏ နိုင်ငံတော်ကြီးထွားတိုးတက်သည့် ပုံစံဖြစ်သည်။**

✔ ခရစ်တော်သည် သူ့တပည့်တော်များအားဖြင့် တိုးပွါးသော သာသနာလုပ်ငန်း၏ အခြေခံသဘော တရားများကို သွန်သင်ခဲ့သည်။

- ခရစ်တော်သည်လောက၌ သူ၏အသင်းတော်ကို တည်ဆောက်မည့်ခေါင်း ဆောင်များကို ရွေးချယ်ခဲ့သည်။

- ယေရှုသည် သူတို့အားလုံးကို တပည့်တော်ဖြစ်စေရန်နှင့် တန်ဆာဆင်ပေးရန်ဖြစ်သည်။
- ''သွား၍ ၊လူမျိုးတကာတို့ကို တပည့်တော်ဖြစ်စေကြလော့''ဟု ယေရှုမိန့်တော်မူခဲ့သည်(မဿဲ ၂၈း၁၉)။

✔ ယေရှုသည် မိမိကိုယ်တိုင် အအသင်းတော်ကို မတည်ဆောက်ခဲ့ပါ။

''ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်ဟု မိန့်တော်မူ၏'' (ယောဟန် ၂၀း၂၁)။

- ရှင်ပေါလုသည် သာသနာခရီး မြောက်များစွာ သွားရောက်ခဲ့သည်။
- အခြားတပည့်တော်များနှင့် နောက်လိုက်များသည် အသင်းတော်များကို တည်ဆောက်ခဲ့ကြသည်။

✔ အသင်းတော်သည် ခန္ဓာကိုယ်တစ်ခုဖြစ်ပြီး၊ အင်္ဂါအသီးသီးတို့သည် မိမိတို့၏ လုပ်ငန်းကို လုပ်ဆောင်ကြရန် ဖြစ်သည်။

''သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးအသီးအင်္ဂါတော်ဖြစ်ကြ၏'' (၁ကော ၁၂း၂၇)။

**၂။ ငွေသည် သင်၏ သာသနာလုပ်ငန်းကို တိုးပွားစေသည်။**

✔ ငွေသည် လူများစွာထံသို့ သင်၏သာသနာလုပ်ငန်းကို ကျယ်ပြန့်စေရန်သင့်ကို အားပေးသည်။

- သင်၏ သာသနာလုပ်ငန်းသည် လူများစွာ၏ အသက်တာ၌ အကျိုးသက်ရောက်စေနိုင်သည်။
- သင်၏ သာသနာလုပ်ငန်းသည် ရှေ့သို့ ဇဝ်ဂေလိကို ဝေငှသက်သေခံနိုင်သည်။

✔ ငွေသည် အားထုတ်မှုနှင့် အချိန်အနည်းငယ်ဖြင့် ပြီးမြောက်စေရန်အတွက် သင့်ကို ကူညီပေးသည်။

- သင်သည် နေရာတကာသို့ မရောက်နိုင်ပါ။
- သင်သည် အရာအားလုံးကို အမြဲမလုပ်ဆောင်နိုင်ပါ။

'' . . . ငါတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ထား၍စားပွဲ၌ လုပ်ကျွေးမှုကို မဆောင်သင့်။'' (တမန်တော် ၆း၂)။

✔ ငွေသည် သင်မမြင်နိုင်သောအရာ(သို့) လုပ်ဆောင်နိုင်သော အခြားအခွင့်များကို လမ်းဖွင့်ပေးသည်။

- အခြားခေါင်းဆောင်များသည် ဝေငှရန်အတွက် ဆုကျေးဇူးများရှိကြသည်။
- အခြားခေါင်းဆောင်များတွင် ပြင်းပြသောဆန္ဒနှင့်စိတ်ဝင်စားမှုများရှိကြသည်။

**၃။ ငွေသည် သင့်အသင်းတော်ထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို အားပေးသည်။**

✔ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်းအုပ်များအားဖြင့်သာ မဟုတ်ဘဲ၊ လူအားလုံး၏ အသက်တာ၌ အလုပ်လုပ်သည်။

– ကျွန်တော်တို့သည် ယုံကြည်သူအားလုံး၏ ယဇ်ပုရောဟိတ်အမျိုး ဖြစ်ကြသည်။

''အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏။ ငါတို့ ရှိသမျှသည် တစိတ်တဝိညာဉ်တည်း ထဲသို့လည်းသောက်ကြ၏။'' (၁ကော ၁၂း၁၃)။

- သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူအားလုံးကို တန်ခိုးပေးထားသည်။

''သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍။'' (တမန် ၁း၈)။

**၄။ သာသနာလုပ်ငန်း အောင်မြင်မှုသည် ခေါင်းဆောင်မှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်အပေါ်တွင် မူတည်လျှက် ရှိသည်။**

✔ ခိုင်မာသော ခေါင်းဆောင်မှုမရှိလျှင် သာသနာလုပ်ငန်း မအောင်မြင်နိုင်ပါ။

- ခေါင်းဆောင်ကောင်းများသည် ညံ့ဖျင်းသော သာသနာလုပ်ငန်းများကို ပိုင်ဆိုင်နိုင်သည်။
- ညံ့ဖျင်းသော ခေါင်းဆောင်များသည် အောင်မြင်သော သာသနာလုပ်ငန်းကို ပျက်စီးစေနိုင်ကြသည်။

✔ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့တန်ခိုး၏ အရင်းအမြစ်ဖြစ်သည်။

- ကျွန်တော်တို့သည် မျိုးစေ့ကို စိုက်ပျိုးသူများသာ ဖြစ်ကြသည်။

''စိုက်ပျိုးသောသူ မတတ်နိုင်။ ရေလောင်းသောသူလည်း မတတ်နိုင်။ ကြီးပွားစေတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။'' (၁ကော ၃း၇)။

- ကျွန်ုပ်တို့၏ တန်ခိုးအစွမ်းသည် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားထံမှ သက်ရောက်ခြင်းဖြစ်သည်။

''ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။'' (ယောဟန် ၁၅း၅)။

**(ဂ) အခြားခေါင်းဆောင်များကို သင်မည်ကဲ့သို့ သက်သေပြမည်နည်း။**

**၁။ သန်စွမ်းသော ခေါင်းဆောင်များ၏ အရည်အချင်းစံနှုန်း**

**✔ အသရေရှိသောသူ**

''ထိုကြောင့် သင်းအုပ်သည်၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ကျွန်ရွှေစောင့်သောသူ၊ လျောက်ပတ်စွာကျင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမသြဝါဒ ပေးတတ်သောသူ ဖြစ်ရမည်။ စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတစ်ပါးကို ရိုက်ပုတ်ခြင်း၊ မစင်ကြယ်သော စီးပွားကို တပ်မက်ခြင်းမရှိ စိတ်ဖြည်းညှင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကို မတပ်မက်သောသူ ဖြစ်ရမည်။'' (၁တိ ၃း၂–၃)။

**✔ ယုံကြည်ခြင်းရှိသောသူ**

''ကဲ့ရဲ့ပြစ်တင်ခြင်း၊ မာရ်နတ်ဖမ်းမိခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ ပြင်ပလူတို့တွင် အသရေရှိသောသူ ဖြစ်ရမည်။'' (၁တိ ၃း၇)

''ယုံကြည်ခြင်း၏ နက်နဲသောအရာကို စွဲလမ်းသောသူဖြစ်ရကြမည်။'' (၁တိ ၃း၉)။

✔ **ဝိညာဉ်တော်နှင့်ပြည့်ဝသောသူ**

''ထိုကြောင့် ညီအစ်ကိုတို့၊ ဝိညာဉ်တော်နှင့်၎င်း၊ ပညာနှင့်၎င်းပြည့်စုံလျက်၊ အသရေရှိသောသူ ခုနစ်ယောက်တို့ကို သင်တို့တွင် ရှာကြလော့။ ဤအမှုကို ဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကို ငါတို့သည် ခန့်ထားကြမည်'' (တမန် ၆း၃)။

**၂။ သမ္မာကျမ်းစာထဲ၌ မဖော်ပြသော ခေါင်းဆောင်များ၏ အရည်အချင်းစံနှုန်း**

✔ ပညာရေး

✔ လူမှုရေးအဆင့်အတန်း

✔ အတွေ့အကြုံ

✔ ကောင်းသောအရာများစွာရှိရန် လိုအပ်သော်လည်း၊ အဓိကကျသောအရာများ မဖြစ်သင့်ပေ။

**၃။ ခေါင်းဆောင်များကို ရွေးချယ်ခြင်း။**

✔ ပြင်းပြသော ဆန္ဒနှင့်အတူ လူများကိုရွေးချယ်ပါ။

✔ ဆုံးမသွန်သင်နိုင်သော သူများကိုရွေးချယ်ပါ။

✔ လိုအပ်သောအရာ(သို့) သင့်လျော်သော ဝိညာဉ်ဆုကျေးဇူး ပိုင်ဆိုင်သူများကို ရွေးချယ်ပါ။

**၄။ အခြားသော ခေါင်းဆောင်များကို သင်မည်ကဲ့သို့ တိုးတက်စေမည်နည်း။ (ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး ၁၀ကို ကိုးကားပါ)**

**အဆင့်(၁)။ သူတို့ကိုတပည့်တော်ဖြစ်စေပါ။**

✔ ပတ်စဉ်လမ်းညွှန်ပေးခြင်း။

✔ အားပေးစကားများပြောခြင်း။

✔ ယုံကြည်ခြင်း၌ ပြုစုပျိုးထောင်းပေးခြင်း။

✔ ကြိုတင်ပြင်ဆင်ခြင်း (ခေါင်းဆောင်သင်တန်း)။

**အဆင့်(၂)။ သူတို့အားတာဝန်ဝတ္တရားများကို ခွဲဝေပေးပါ (ရှင်မဿဲခရစ်ဝင်ကျမ်း ၁၀း၁)**

✔ ဦးဆောင်ရန်(သို့)စီမံခန့်ခွဲရန်အတွက်သူတို့အားတစ်စုံတစ်ခုကိုပေးပါ။

✔ လုပ်ငန်းတစ်ခုကို ပြီးမြောက်စေရန်အတွက် သူတို့ကို အားပေးပါ။

✔ မိမိကိုယ်ကို ယုံကြည်မှုရှိလာအောင် ပျိုးထောင်ပေးပါ။

**အဆင့်(၃)။ သူတို့ထံမှ သင်၏မျှော်လင့်ချက်များကို ပြောပြပါ (ရှင်မဿဲခရစ်ဝင် ၁၀း၆–၈၊၁၆)။**

✔ ရှင်းလင်းသော ရည်မှန်းချက်ပန်းတိုင်ကို ထားပြီး၊ခေါင်းဆောင်မှု အစီစဉ်တစ်ခု တိုးတက်လာအောင် သူတို့ကို ကူညီပေးပါ။

✔ လမ်းညွှန်မှုများထားရှိပါ

**အဆင့်(၄)။ တာဝန်သိတတ်လာအောင် ဆောင်ရွက်ပေးပါ (ရှင်မဿဲခရစ်ဝင် ၁၀း ၃၂-၃၃)။**

✔ ရည်ရွယ်ချက်များကို သိရှိလာရန်အတွက် မျှော်လင့်ပါ။

✔ ပြဿနာများရှိလျှင်၊ သွား၍ သူတို့နှင့်မဖြေရှင်းပါနှင့်။ သူတို့ဖာသာဖြေရှင်းရန် ခွင့်ပြုပါ။

✔ လိုအပ်လျှင် အကြံဉာဏ်ပေးပါ။

✔ ဖြေရှင်းချက်တစ်ခုကို သူတို့ချမှတ်ပါစေ။

**အဆင့်(၅)။ အချိန်နှင့်အမျှ သူတို့၏ တိုးတက်မှုကို သုံးသပ်ကြည့်ပါ။**

✔ အကြောင်းအရာများနှင့် လိုအပ်ချက်များ ဆွေးနွေးရန် ပုံမှန်တွေ့ဆုံပါ

✔ သူတို့ဖာသာ မချန်ထားပါနှင့်။ သူတို့ကို လျစ်လျူမရှုပါနှင့်။

✔ သူတို့ကိုကူညီခြင်းဖြင့် သင်ယူတတ်လာရန်နှင့် အောင်မြင်သောသူများ ဖြစ်လာရန်အတွက် သင်၏စိတ်ဝင်စားမှုကို ပြသပေးပါ။

**အဆင့်(၆)။ သူတို့ကို သာသနာလုပ်ငန်းထဲသို့ စေလွှတ်ပါ။**

✔ သူတို့အဆင်သင့်ဖြစ်သည့်အခါ၊ သွားခွင့်ပြုပါ။ နောက်ကိုမဆွဲသွင်းပါနှင့်။

✔ သူတို့အား ဦးဆောင်မည့် သာသနာလုပ်ငန်းတစ်ခုကို ပေးပါ။

✔ သူတို့ကို သာသနာလုပ်ငန်းအတွက် စေလွှတ်ပါ

**ခေါင်းဆောင်များတိုးတက်စေခြင်း လေ့ကျင့်ခန်း။**

လိုအပ်သည်ဟု သင်ထင်သော ဝိညာဉ်ဆုကျေးဇူးများနှင့် ထိုရာထူးအတွက် အထောက်အကူဖြစ်မည်ဟု စဉ်းစားသော အရည်အချင်းများ (သို့) အတွေ့အကြုံများကို သာသနာလုပ်ငန်း ခေါင်းဆောင်မှုအဆင့်တိုင်း၏ ရှေ့ကွက်လပ်တွင် ရေးသားပါ။

**သာနာလုပ်ငန်းအဆင့် အရည်အချင်း/ အတွေ့အကြုံ ဝိညာဉ်ဆုကျေးဇူးများ**

| | | |
|---|---|---|
| ၁။ သင်းအုပ်ဆရာ | | |
| ၂။ ကိုးကွယ်ခြင်းဦးဆောင်သူ | | |
| ၃။ ကလေးသာသနာခေါင်းဆောင် | | |

| | | |
|---|---|---|
| ၄။ လူငယ်သာသနာခေါင်းဆောင် | | |
| ၅။ သင်းထောက် | | |
| ၆။ ဆရာ | | |
| ၇။ ဧဝံဂေလိဆရာ | | |
| ၈။ သာသနာပြု | | |
| ၉။ ငွေကြေးဆိုင်ရာမန်နေဂျာ | | |
| ၁၀။ ဆုတောင်းသာသနာခေါင်းဆောင် | | |

# <u>အပိုင်း ၂</u>

# <u>လူတို့ကိုစီမံခန့်ခွဲခြင်း</u>



## အခန်း (၅)

## <u>ဝိညာဉ်ဆုကျေးဇူးများ</u>

ကောင်းသောအကျိုး အလို့ငှါသာဝိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာ ပေးတော်မူလျက်ရှိ၏။ (၁ကော၁၂း၇–၁၁)

သမ္မာကျမ်းစာက ခရစ်ယာန်တိုင်းသည် ခရစ်တော်၏ ကိုယ်တော်ကိုတည်ဆောက်ခြင်း၌ အသုံးပြုရန်အတွက် ဝိညာဉ်ဆုကျေးဇူးများကို ပေးထားသောကြောင့် ဖော်ပြထားသည်။ သို့သော် အမှန်တကယ် ဆုကျေးဇူးများမှာ အဘယ်နည်း။ ၎င်းတို့သည် ကျွန်ုပ်တို့၏ အရည်အချင်းအစွမ်းအစများနှင့် တူညီမှုရှိသလော။ ကျွန်တော်တို့တွင်ရှိသော ဝိညာဉ်ဆုကျေးဇူးများကို မည်ကဲ့သို့ သိနိုင်မည်နည်း။ ၎င်းတို့ကိုအသုံးပြုမည့်အချိန်နှင့် အသုံးပြုပုံကို မည်ကဲ့သို့ သိမည်နည်း။ ခရစ်တော်၏ ကိုယ်တော်ဖြစ်သော အသင်းတော်ထဲ၌ သူတို့၏ အခန်းကဏ္ဍများကို နားလည်သဘောပေါက်သည့်အခါ မြောက်များစွာသော ခရစ်ယာန်များသည် ဤမေးခွန်းများကို မေးတတ်ကြသည်။ ခေါင်းဆောင်တစ်ဦးဖြစ်သည်အတိုင်း မိမိ၏ဆုကျေးဇူးကို သိရုံတင်မက ပို၍ထိရောက်စွာ ဘုရားသခင်အသုံးပြုနိုင်သော သာသာလုပ်ငန်းများ၌ သင်ပို့အထောက်အကူဖြစ်စေရန်အတွက် အခြားသူများ၏ ဆုကျေးဇူးများကိုလည်း သိရှိရန် အရေးကြီးလှပါသည်။ ဤအခန်းတွင် ဝိညာဉ်ဆုကျေးဇူးများအကြောင်း သူတို့၏ အရေးကြီးပုံနိုင်ငံတော် အကျိုးသက်ရောက်မှုအတွက် ၎င်းတို့ကို အသုံးပြုသင့်ပုံစသည်တို့ကို လေ့လာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သင်ဆုကျေးဇူးများ သိရှိနိုင်ရန်အတွက် ကူညီပေးမည့် တန်ဖိုးသတ်မှတ်သည် ပုံစံတစ်ခုကိုလည်း ထောက်ပံ့ပေးထားပါသည်။

## (က) ဝိညာဉ်ဆုကျေးဇူးများမှာ အဘယ်နည်း။

ဝိညာဉ်ဆုကျေးဇူးများသည် သာသနာလုပ်ငန်းအတွက် သူတို့ကို တန်ဆာဆင်ပေးရန် ခရစ်တော်၏ နောက်လိုက်များအား သန့်ရှင်းသော ဝိညာဉ်တော်ပေးထားသော အစွမ်းတန်းခိုးများဖြစ်သည်။

### ၁။ ၎င်းဆုကျေးဇူးများသည် ကောင်းသောအကျိုးအတွက် ပေးထားခြင်းဖြစ်သည်။

ကောင်းသောအလို့ငှါသာ ဝိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာပေတော်မူလျှက်ရှိ၏။(၁ကော၁၂း၇)

### ၂။ ၎င်းဆုကျေးဇူးများသည် သန့်ရှင်းသောဝိညာဉ်တော် အလိုရှိသည့်အတိုင်း ပေးထားခြင်းဖြစ်သည်။

''ဤအခွင့်ရှိသမျှတို့ကို တပါးတည်းသော ဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးသီးတို့အား အသီးသီးတို့အား အသီးသီးခံရသော အခွင့်ကို အလိုတော်ရှိသည့်အတိုင်း ဝေဌ၍ပေးတော်မူ၏။'' (၁ကော၁၂း၁၁)

### ၃။ ၎င်းဆုကျေးဇူးများသည် လိုအပ်သည့်အတိုင်း ပေးထားခြင်းဖြစ်သည်။

ဝိညာဉ်ဆုကျေးဇူးများသည်အဓိကအကြောင်းအရာ(၃)ခုအတွက်ဖြစ်သည်။

(၁) **သာသနာလုပ်ငန်း**အတွက် ဆုကျေးဇူးများ–နေရာအဆင့်တစ်ခုအတွက်ခေါ်ခြင်း။

(၂) **လက်တွေ့အသုံးပြုနေသောလုပ်ငန်း**အတွက် ဆုကျေးဇူးများ–အခြားသူများကို အမှုတော်ဆောင်ရန်။

(၃) **ထူးခြားသော လုပ်ငန်း**အတွက် ဆုကျေးဇူးများ–ဝိညာဉ်ဆိုင်ရာဖော်ပြခြင်းများနှင့် တန်ခိုး။

– သမ္မာကျမ်းစာတွင် တိကျသောဆုကျေးဇူး၂၁ခုအကြောင်းဖော်ပြထားသည်။

**၁။ သာသနာလုပ်ငန်း**

✔ တမန်တော်၊ ပရောဖက်၊ ဧဝံဂေလိ၊ သင်းအုပ်ဆရာ

''ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကိုပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုခြင်း အရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာဆရာအရာ၌ ၎င်းခန့်ထားတော်မူ၏။'' (ဧဖက်၄း ၁၂)

**၂။ လက်တွေ့အသုံးပြုလုပ်ငန်း**

✔ အမှုဆောင်ခြင်း၊ အားပေးတိုက်တွန်းခြင်း၊ ပေးကမ်းခြင်း၊ ခေါင်းဆောင်မှု၊ ဂရုဏာလုပ်ငန်း၊ ကူညီမစခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်း၊ ''ဓမ္မဆရာအရာရှိလျှင်၊ ဓမ္မဆရာအမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမသြဝါဒ ပေးသော သူသည် ထိုအမှုကို ဆောင်ရွက်စေ။ နှီးဆော်သွေးဆောင်သောသူသည် ထိုအမှုကိုဆောင်ရွက်စေ။ စွန့်ကြဲဝေ၌သော သူသည် လျစ်လျူသော စိတ်နှင့် ဝေ၌စေ။ အုပ်ချုပ်သောသူသည် လုံ့လဝိရိယနှင့် အုပ်ချုပ်စေ။ မစသနားခြင်းအမှုကို ပြုသောသူသည်စေတနာ စိတ်နှင့်ပြုစေ။'' (ရောမ၁၂း၇–၈)

''ဘုရားသခင်သည် ပဌမအရာ၌ တမန်တော်တို့ကို၎င်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကို၎င်း တတိယအရာ၌ ဆရာတို့ကို၎င်း၊ ထို့နောက်တန်ခိုးပြသောသူတို့ကို၎င်း၊ ထို့နောက်အနာရောဂါ ငြိမ်းစေနိုင်သော အခွင့်ရှိသော သူတို့ကို၎င်း၊ သင်းထောက်တို့ကို၎င်း၊ စီရင်အုပ်စိုးသော သူတို့ကို၎င်း၊ အမျိုးမျိုးသော ဘာသာစကားပြောနိုင်သော သူတို့ကို၎င်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏။''(၁ကော၁၂း၂၈)

**၃။ ထူးခြားသောလုပ်ငန်း**

- ဉာဏ်ပညာ၊ ပညာတရား၊ ထိုးထွင်းခြင်း၊ ပရောဖက်ပြုခြင်း၊ အမျိုးမျိုးသော ဘာသာစကားပြောခြင်း အနက်ကို ဖော်ပြခြင်း၊ ယုံကြည်ခြင်း၊ အနာငြိမ်းခြင်း၊ နိမိတ်လက္ခဏာတန်ခိုးပြခြင်း ''ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာတရားကို ပေးတော်မူ၏။ ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ထိုးထွင်းခြင်းတရားကို ပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သူအား ယုံကြည်ခြင်းကို ပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သူအား အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ကို ပေးတော်မူ၏။ တစ်ယောက်သောသူအား တန်ခိုးကို ပြနိုင်သောအခွင့်ကို၎င်း၊ တစ်ယောက်သောသူအား ပရောဖက်ပြုနိုင်သော အခွင့်ကို၎င်း၊ တစ်ယောက်သောသူအား ဝိညာဉ်တို့ကိုပိုင်းခြား၍ သိနိုင်သော အခွင့်ကို၎င်း၊ တစ်ယောက်သော သူအား အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သောအခွင့်ကို၎င်း၊ တစ်ယောက်သောသူအား ထိုဘာသာစကား၏ အနက်ကို ဖော်ပြနိုင်သော အခွင့်ကို၎င်း ပေးတော်မူ၏။'' (၁ကော ၁၂း၈–၁၀)

သမ္မာကျမ်းစာထဲတွင် အခြားသောဝိညာဉ်ဆုကျေးဇူးများစွာ ဖော်ပြထားသည်၊ သို့သော် သမ္မာသစ်ကျမ်းတွင် ဤအရာများသည် ပို၍ရှင်းလင်းစွာ ဖော်ပြထားသော အရာများဖြစ်သည်။

## ၂။ ဝိညာဉ်ဆုကျေးဇူးများသည် အဘယ်ကြောင့် အရေးကြီးသနည်း။

✔ လူသားများအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်နှင့်စီမံကိန်းများကို ပြည့်စုံစေရန်အတွက် ဖြစ်သည်။ '' . . . ငြိမ်သက်ခြင်း၏ အရှင်ထာဝရဘုရားသခင်သည် မိမိနှစ်သက်တော်မူသော အမှုအရာကို ယေရှုခရစ်အားဖြင့် . . . . . . ကောင်းသောအကျင့် အမျိုးမျိုးတို့၌ သင်တို့ကိုပြုပြင်တော်မူပါစေသော။ . . . '' (ဟေဗြဲ ၁၃း၂၀–၂၁)

✔ အမှုတော်လုပ်ငန်းအတွက် ဘုရားသခင်၏ လူတို့ကို ပြင်ဆင်ရန်အတွက် ဖြစ်သည် ''ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍၊ ဓမ္မဆရာ၏ အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှါ . . . ''။ (ဧဖက် ၄း၁၁–၁၂)

✔ ဝိညာဉ်ရေး၌ရင့်ကျက်သော အသက်တာကိုရရှိရန်အတွက်ဖြစ်သည်။

''ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏ အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း။'' (ဧဖက် ၄း၁၃)

✔ ခရစ်တော်၏ ကိုယ်တော်ကို ညီညွတ်စေမည့်အကြောင်းဖြစ်သည် ''သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးသီး အင်္ဂါတော်ဖြစ်ကြ၏။''(၁ကော၁၂း၂၇)

## ၃။ ဝိညာဉ်ဆုကျေးဇူးများကို မည်ကဲ့သို့ လက်တွေ့အသုံးပြုသင့်သနည်း။

✔ အသင်းတော်ကို တည်ဆောက်ရန်အတွက် အသုံးပြုသင့်သည်။ ''သို့ဖြစ်၍ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင် အသင်းတော်ကို တည်ဆောက်ခြင်းငှါ ကြွယ်ဝပြည့်စုံမည်အကြောင်း ကြိုးစားကြလော့။'' (၁ကော ၁၄း၁၂)

✔ အချင်းချင်းတို့ကို ဝေငှရန်အတွက် အသုံးပြုသင့်သည်။ ''သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်းဝေငှ ပေးကမ်းကြလော့။'' (၁ပေ ၄း၁၀)

✔ ဘုရားသခင်ဘုန်းတော် ထင်ရှားစေရန်အတွက်အသုံးပြုသင့်သည်။''ဘုရားသခင်သည်အရာရာ၌ ယေရှုခရစ်အားဖြင့်၊ ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကိုဆောင်ရွက်သောသူသည်၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်းဆောင်ရွက်စေ။'' (၁ပေ ၄း၁၁)

✔ ဘုရားသခင်၏ လက္ခဏာများကို ဖော်ပြရန်အတွက် အသုံးပြုသင့်သည်။ ''ဝိညာဉ်ပကတိ၏ အကျိုးဟူမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။'' (ဂလာတိ ၅း၂၂)

**ရှင်ပေါလုသည် သတိပေးချက် ၂ခု ကိုပေးထားသည်–**

✔ ၎င်းတို့ကို လျစ်လျူမရှုသင့်ပေ။

''ဗျာဒိတ်တော်ကိုခံ၍ သင်းအုပ်များတို့သည် လက်တင်ခြင်းနှင့်တကွ၊ သင်၌ အပ်ပေးသော ဆုကျေးဇူးကို မပြုစုဘဲမနေနှင့်။'' (၁တိ ၄း၁၄)

✔ ၎င်းတို့ကို အစဉ်အတိုင်းအသုံးပြုသင့်သည်။

''ခပ်သိမ်းသော အမှုကို တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်းစီရင်ကြလော့။'' (၁ကော ၁၄း၄၀)

**၄။ ဝိညာဉ်ဆုကျေးဇူးကို သတ်မှတ်ခြင်း**

✔ ၎င်းသည် မည်သည့်အရာဖြစ်သနည်း။

- မေးခွန်းများနှင့် အဖြေရွေးချယ်မှုများကို အသုံးပြုခြင်းရှာဖွေမှု ကိရိယာတန်ဆာပလာတစ်ခုဖြစ်သည်။
- လူပုဂ္ဂိုလ်တစ်ဦး၏ ဝိညာဉ်ဆုကျေးဇူးများ သိရှိခြင်းအတွက် ကိရိယာတန်ပလာ တစ်ခုဖြစ်သည်။
- လူတို့သည် အသင်းတော်၌သူတို့၏ အခန်းကဏ္ဍကို ရှာဖွေတွေ့ရှိဖို့ ကူညီပေးရန်အတွက် လမ်းညွှန်မှု တစ်ခုဖြစ်သည်။

✔ ၎င်းသည် အောက်ပါအရာတွက် မဟုတ်ပါ။

- ၎င်းသည် လုံးဝပြည့်စုံမှုတစ်ခု မဟုတ်ပါ။ ဆုကျေးဇူးများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်သည်။
- ၎င်းသည် လူပုဂ္ဂိုလ်တစ်ဦး၏ အမှုဆောင်ခြင်း(သို့) သာသနာလုပ်ငန်းကို ကန့်သတ်ရန်အတွက် အသုံးပြုရန် မဟုတ်ပါ။ လိုအပ်လျှင် ဆုကျေးဇူးများကို ဘုရားသခင်ပေးနိုင်သည်။

**ဝိညာဉ်ဆုကျေးဇူးများကို စမ်းသပ်ခြင်း**

ဘုရားသခင်သည် လူတိုင်းကို ဝိညာဉ်ဆုကျေးဇူးများနှင့်အတူ ကောင်းကြီး ပေးထားပါသည်။ ဘုရားသခင်သည် သင့်အားပေးထားသော ဝိညာဉ်ဆုကျေးဇူးများကို သင်သိပါသလား။သင်သည် မည်သည့် ဆုကျေးဇူးများ ရရှိပိုင်ဆိုင်ကြောင်း မသိဘဲတွေဝေနေရာတွင် ၎င်းတို့သည် မည်သည့်အရာများဖြစ်ကြောင်း ဤစမ်းသပ်မှုက ဖော်ပြပေးမည်ဖြစ်သည်။

ဤအရာသည် ဝိညာဉ်ဆုကျေးဇူးများကို စမ်းသပ်ခြင်းတစ်ခု ဖြစ်သည်။ ၎င်းတွင် ဖော်ပြချက် ၁၁၀ ခု ပါဝင်ပြီး၊ သင်ဖြေကြားခြင်းဖြင့် တုံ့ပြန်ရမည်ဖြစ်သည်။ ဤစမ်းသပ်မှုသည် လူတို့ရေးသားခြင်းဖြစ်ကြောင်း၊ အမှန်တကယ် ပြည့်စုံမှုမရှိကြောင်း စိတ်ထဲ၌မှတ်ယူပါ။ ၎င်းသည် သင်၏ ဝိညာဉ်ဆုကျေးဇူးများကို ရှာဖွေရန်အတွက် အစပြုသော နေရာတစ်ခုအဖြစ် အသုံးပြုသင့်ပြီး၊ ပြည့်စုံလုံလောက်သော ညွှန်ပြမှုတစ်ခုတော့ မဟုတ်ပါ။ ဤစမ်းသပ်မှုသည် သင်၏ စစ်မှန်သော ဝိညာဉ်ဆုကျေးဇူးများကို အမြဲတစေညွှန်ပြပေးနိုင်မည် မဟုတ်ပါ။ ၎င်းသည် အခြားသူများကို ကောင်းကြီးပေးနိုင်ရန်အတွက် ဘုရားသခင်သည် သင့်အားမည်ကဲ့သို့ ကောင်းကြီးပေးသည့် အကြောင်းကို ရှာဖွေရန် ကြိုရိယာတန်ဆာပလာတစ်ခုမျှသာ ဖြစ်သည်။

သင်သည် ဤဖော်ပြချက်များအားလုံးကို တုံ့ပြန်ရန်အတွက် လုံ့လောက်သော အချိန်ကို အသုံးပြုနိုင်ရန် လိုအပ်ပါသည်။ သို့မဟုတ်လျှင် ဤစမ်းသပ်မှုသည် အဓိပ္ပါယ်ရှိသော အကျိုးရလဒ်များကို ပေးမည်မဟုတ်ပါ။ အောက်ပါသတ်မှတ်ချက်အတိုင်း သင်ပထမဆုံးခံစားချက်ဖြင့် နံပါတ်စဉ်ရေးသားမှုများနှင့်အတူ ဖော်ပြချက်တိုင်းကို တုံ့ပြန်ပါ။

- ၅ = အမြဲလုပ်သည်
- ၄ = ခါတိုင်းကဲ့သို့လုပ်သည်
- ၃ = မကြာခဏလုပ်သည်
- ၂ = ရံဖန်ရံခါလုပ်သည်
- ၁ = လုပ်ခဲ့သည်
- ၀ = ဘယ်တော့မှမလုပ်ပါ

**အစပြုကြစို့–**

၁။ လူတို့သည် တွန့်ဆုတ်မှုမရှိဘဲ ကျွန်ုပ်၏ခေါင်းဆောင်မှုကို နောက်လိုက်ရန်ဆန္ဒရှိကြသည်။-------

၂။ ကျွန်တော်/မသည် နောက်လိုက်ခရစ်ယာန်များအား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝေငှလိုသည်။-----

၃။ သင်းတော်မရှိသေးသည့် လူများအကြား ဘုရားသခင်၏ကယ်တင်ခြင်း အစီအစဉ်ကို ကြွေးကြော်ရန်မှာ ကျွန်တော်အတွက် ဝမ်းမြောက်ခြင်းကို ဖြစ်စေသည်။ -------

၄။ သူတို့၏ ဝိညာဉ်ရေးရာ အသက်တာ၌ အခြားလူများကို ဦးဆောင်ရန်အတွက် တာဝန်ဝတ္တရားရှိခြင်းသည် ဝမ်းမြောက်စရာပင်ဖြစ်သည်။ -------

၅။ ကျွန်တော်/မသည် သမ္မာကျမ်းစာထဲ၌ အရေးကြီးသော အမှန်တရားများကို ရှာဖွေရန်အတွက် လူတို့ကို ကူညီရာ၌ ဝမ်းမြောက်ပါသည်။-------

၆။ ကျွန်တော်/မသည် တစ်ဦးတည်း(သို့)အခြားသူများနှင့်ဘုရားသခင်အား ချီးမွမ်းသီချင်း သီဆိုခြင်းကို အလွန်နှစ်သက်သည်။-------

၇။ ဝိညာဉ်ရေးရာ ဆက်ကပ်အပ်နှံမှုပို၍ နက်ရှိုင်းရန်အတွက် လူများကို နိုးဆော်ပေးခြင်းသည် ဝမ်းမြောက်စရာဖြစ်ပါသည်။-------

၈။ ဝိညာဉ်ရေးရာပြဿနာရှိသော လူတို့သည် အကြံပေးရန်နှင့် တိုင်ပင်ဆွေးနွေးရန်အတွက် ကျွန်တော်/မဆီသို့ လာကြသည်။--------

၉။ ကျွန်တော်/မသည် ကျောင်းတွင် အကောင်းဆုံးအမှတ်များရရှိခဲ့သည်။-------

၁၀။ အသင်းတော်၌သေးငယ်သော လုပ်ငန်းများလုပ်ဆောင်ခြင်းသည် ကြီးမားသောဝမ်းမြောက်စရာ ဖြစ်သည်။----

၁၁။ ကျွန်တော်/မသည် သူတို့၏လုပ်ငန်း၌ လူတို့ကိုကူညီရန်အတွက် အခွင့်အရေးများကို ရှာဖွေပေးသည်။-------

၁၂။ အဖွဲ့အုပ်စု၏ ရည်မှန်းချက်ပန်းတိုင်များကို ပြီးပြည့်စုံစေရန်အတွက် လူတို့ကိုဦးဆောင်ခြင်းတွင် ကြီးမားသော ဝမ်းမြောက်မှုရှိသည်။-------

၁၃။ ကျွန်တော်/မသည် သာသနာလုပ်ငန်းပို၍ ထိရောက်စေရန်အတွက် လူတို့ကို စုစည်းလိုသည်။-------

၁၄။ သခင်ဘုရား၏ လုပ်ငန်းအတွက်များစွာသော ငွေကြေးပေးကမ်းမှုတွင် ကြီးမားသော ကျေနပ်မှုရှိသည်။------

၁၅။ ကျွန်တော်/မသည် အခြားသူများ၏ ပြဿနာများအတွက် ကိုယ်ချင်းစာစိတ်ရှိသည်။-------

၁၆။ လူပုဂ္ဂိုလ်တစ်ဦးသည် ရိုးသားဖြောင့်မတ်မှုရှိသည် မရှိသည်ကိုသိရန် လွယ်ကူသည်။-------

၁၇။ ကျွန်တော်/မသည် ဘုရားသခင်၌ ကြီးမားသော ယုံကြည်မှုရှိသောကြောင့် မဖြစ်နိုင်သော အရာကိုပင် လုပ်ဆောင်ရန် အသင့်ရှိသည်။-------

၁၈။ မိမိအိမ်၌ လူများဧည့်ခံခြင်းတွင် ကြီးမားသော ဝမ်းမြောက်မှုရှိသည်။-------

၁၉။ ကျွန်တော်/မသည် ပတ်ဝန်းကျင်၌ အရာဝတ္ထုများပြုပြင် ထိန်းသိမ်းရာတွင်လွယ်ကူမှု တွေ့ရသည်။-------

၂၀။ အခြားသူများရှေ့တွင် ဆုတောင်းခြင်းလိုအပ်ကြောင်း ကျွန်တော်/မသိသည်။--

၂၁။ ကျွန်တော်/မသည် ခန္ဓာပိုင်းဆိုင်ရာချို့တဲ့သော ပုဂ္ဂိုလ်များ ကျန်းမာစေရန်အတွက် ဆုတောင်းပေးခြင်း အခွင့်အရေးကို နှစ်သက်သည်။-------

၂၂။ ကျွန်တော်/မသည် ယဉ်ကျေးမှုခြားနားသော နေရာတစ်ခုတွင် လွယ်ကူစွာ လိုက်လျောညီထွေ နေထိုင်တတ်သည်။ -------

၂၃။ ကျွန်တော်/မသည် အုပ်စုအဖွဲ့နှင့်အချင်းချင်း ဆက်နွယ်မှုတွင် အခွင့်အာဏာကို အသုံးပြုတတ်သည်။-------

၂၄။ ကျွန်တော်/မသည် အခြားသူများကို နှစ်သိမ့်ရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြွေးကြော် ဆိုသည်။-------

၂၅။ ကျွန်တော်/မသည် ယေရှုခရစ်တော်ကို လက်ခံရန်အတွက် ဝိညာဉ်တော်ပြင်ဆင်နှင့်သော လူပုဂ္ဂိုလ်အား ဆုံးဖြတ်နိုင်စွမ်းရှိသည်။-------

၂၆။ အဖွဲ့အစည်းတစ်ခုအတွက် ဝိညာဉ်ရေးရာခေါင်းဆောင်မှုကို ကူညီပေးခြင်းသည် ကောင်းသောအရာ ဖြစ်သည်။-------

၂၇။ ကျမ်းစာသင်ကြားပေးခြင်းသည် အသင်းတော်ထဲ၌ ကျွန်တော်/မလုပ်ဆောင်သော ဝမ်းမြောက်စရာ အကြောင်း တစ်ခု ဖြစ်သည်။-------

၂၈။ ဘုရားသခင်သည် ဂီတကို တီးခတ်ရန်အတွက် ကျွန်ုပ်အားအစွမ်းသတ္တိပေးထားပြီး၊ ကျွန်တော်/မ ပျော်ရွှင် ဝမ်းမြောက်ပါသည်။-------

၂၉။ စိတ်အားငယ်သော သူတို့ကို အားပေးခြင်းသည် ဝမ်းမြောက်စရာတစ်ခုဖြစ်သည်။--------

၃၀။ ကျွန်တော်/မသည် ဘဝအသက်တာ၌ ခက်ခဲသော ပြဿနာများ ဖြေရှင်းခြင်းကို နှစ်သက် သဘောကျသည်။--------

၃၁။ ခက်ခဲသော အမှန်တရားများကို သင်ယူရန်အတွက် လွယ်ကူပါသည်။------

၃၂။ ကျွန်တော်/မသည် ဘုရားသခင်၏ ဘုန်းတော်အတွက် လုပ်ငန်းတာဝန်အချိန်ဇယား၊ ပြုလုပ်ခြင်းကို နှစ်သက်သည်။---------

၃၃။ ကျွန်တော်/မသည် အသင်းတော်၌ အရေးပေါ်လုပ်ငန်းများကို ကူညီရာ၌ ဝမ်းမြောက်သည်။---------

၃၄။ လူတို့သည် အရေးကြီးသော လုပ်ငန်းတစ်ခုကို ပြုလုပ်ရာ၌ ကျွန်ုပ်၏နောက်သို့ လိုက်ရာတွင် ဝမ်းမြောက်ကြသည်။---------

၃၅။ ရေးကြီးသော ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ဝမ်းမြောက်မှုရှိသည်။------

၃၆။ ကျွန်တော်/မသည် ဘုရာသခင်အား ငွေကြေးကို ရက်ရောစွာ ပေးကမ်းခြင်းတွင် အမှန်တကယ် ဝမ်းမြောက်သည်။---------

၃၇။ အိမ်သို့အလည်အပတ်သွားရောက်ခြင်းသည် ကြီးမားသော ကျေနပ်မှုကို ပေးပါသည်။--------

၃၈။ ကျွန်တော်/မသည် တစ်စုံတစ်ခုမှန်သည်(သို့)မှားသည်ကို လျင်မြန်စွာ သိလိုသော စိတ်ရှိသည်။---------

၃၉။ မဖြစ်နိုင်သောအရာများ ပေါ်ပေါက်လာသောအခါ ကျွန်တော်/မသည် ရှေ့သို့တိုးရန် အသင့်ရှိသည်။---------

၄၀။ မမျှော်လင့်ဘဲ လူတို့သည်ထွက်သွားသည့်အခါ၊ အဆင်မပြေမှုဟူ၍ မခံစားတတ်ပါ။---------

၄၁။ ကျွန်တော်သည် အနုပညာ(သို့)လက်မှုပညာများစွာ ဖန်တီးရာတွင် ဝမ်းမြောက်သည်။---------

၄၂။ ဆုတောင်းခြင်းသည် ကျွန်ုပ်၏အနှစ်သက်ဆုံးသော ဝိညာဉ်ရေးရာ လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။---------

၄၃။ ကျွန်တော်/မသည် စိတ်ခံစားမှုပိုင်း၌ ချို့တဲ့သောလူများကို ဆုတောင်းပေးသည့်အခါ ပို၍သက်သာလာကြသည်။---------

၄၄။ အသစ်သော ပတ်ဝန်းတစ်ခုထဲသို့ သွား၍၊မိတ်ဆွေ ဖွဲ့ခြင်းသည် ကျွန်တော့်အဖို့ လွယ်ကူသည်။---------

၄၅။ ကျွန်တော်/မသည် ဘုရားသခင်သွားစေလိုသော နေရာသို့လူတို့ကို ဦးဆောင်ရာတွင် အနည်းငယ်ကြောက်ရွံ့မှုရှိသည်။---------

၄၆။ ကျွန်တော်/မသည် တစ်နေ့တာ၏ ပြဿနာများနဲ့ဆက်စပ်သော ဘုရားသခင် နှုတ်ကပတ်တော်ဝေငှခြင်း၌ ဝမ်းမြောက်သည်။---------

၄၇။ ကျွန်တော်/မအတွက် လူတို့အား သတင်းကောင်းဝေငှရန် သည်ဝန်ထုပ်တစ်ခုဟု ခံစားပါသည်။---------

၄၈။ ကျွန်တော်/မသည် ဝိညာဉ်ရေးရာပြဿနာရှိသော လူတို့ကို ကူညီလိုသောဆန္ဒရှိသည်။---------

၄၉။ ကျွန်တော်/မသည် သွန်သင်ပေးသည့်အခါ၊ လူတို့သည် သင်ယူလိုကြသည်။---------

၅၀။ ကျွန်တော်/မသည် အသင်းတော်၊ ကျောင်းနှင့် ဒေသန္တရ တေးဂီတ ထုတ်လုပ်ခြင်းများ၌ ပါဝင်မှုကို နှစ်သက်မြတ်နိုးသည်။---------

၅၁။ ကျွန်တော်/မသည် တက်ကြွမှုမရှိသော အသင်းဝင်များအား နောက်တစ်ကြိမ်ခရစ်ယာန်များအဖြစ် ပါဝင်လာရန် အားပေးလိုသည်။---------

၅၂။ အများသောအားဖြင့် လူတို့သည် ကျွန်ုပ်တို့၏ အကြံပေးခြင်းကို လိုက်နာကြသည်။---------

၅၃။ ကျွန်တော်/မသည် ခက်ခဲသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်သဘောနိုင်သည်။--------

၅၄။ ကျွန်တော်/မသည် အသင်းတော်၌ အသေးမွှားလုပ်ဆောင်မှုတွင် ကြီးမားသောကျေနပ်မှုရရှိသည်။--------

၅၅။ ကျွန်တော်/မသည် အရေးကြီးသော သာသနာလုပ်ငန်းအတွက် အခြားသူများကို လွှတ်မြောက်စေမည့် လုပ်ငန်းများကို လုပ်ဆောင်ရန် ဆန္ဒရှိသည်။-------

၅၆။ မိမိကိုကိုယ်လုပ်ဆောင်ရန်ထက် တစ်စုံတစ်ခုအား လုပ်ငန်းတစ်ခုအတွက် ခန့်ထားခြင်းသည် ပို၍ ထိရောက်မှုရှိသည်။------

၅၇။ ကျွန်တော်/မသည် အဖွဲ့ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန်အတွက် တာဝန်ဝတ္တရားအပေါ် ဝမ်းမြောက်သည်။------

၅၈။ ကျွန်တော်/မသည် အရေးကြီးသော အခြေအနေတစ်ခုအား ငွေကြေးထောက်ပံ့ရန် အခွင့်အရေးကို နှစ်သက်သည်။------

၅၉။ ကျွန်တော်/မသည် ခက်ခဲသော အခြေအနေများ၌ လူတို့ကို နှစ်သိမ့်ခြင်းတွင် ဝမ်းမြောက်သည်။------

၆၀။ အမှန်နှင့် အမှားခြားနားမှုကို လွယ်ကူစွာ ကျွန်တော်/ကျွန်မ နားလည်သဘောပေါက်သည်။-----

၆၁။ အခြားသူများက မဖြစ်နိုင်ဟု ခံစားရာတွင် အခြေအနေတစ်ခုအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းပြမည့်အကြောင်း ယုံကြည်ရန် အသင့်ရှိသည်။------

၆၂။ ကျွန်ုပ်အိမ်၌ လူတို့သည် သက်တောင့်သက်တာ ခံစားပုံပေါ်သည်။------

၆၃။ မိမိလက်ဖြင့် အရာဝတ္ထုများ ဖန်တီးခြင်းကို ကျွန်တော်/ကျွန်မနှစ်သက်သည်။-----

၆၄။ ဘုရားသခင်သည် ကျွန်ုပ်၏ ဆုတောင်းခြင်းကို မြင်နိုင်သော နည်းလမ်းများနှင့် အမြဲအဖြေပေးတတ်သည်။------

၆၅။ မကျန်းမာသော လူပုဂ္ဂိုလ်ထံသို့ အလည်သွားရောက်ကာ ဆုတောင်းပေးပြီး ဘုရားသခင်သည် သူ့ကို ကျန်းမာစေသည်။------

၆၆။ ကျွန်တော်/ကျွန်မသည် နေရာဒေသ(သို့) ယဉ်ကျေးမှုခြားနားသော ခရစ်ယာန်များနှင့် ကောင်းစွာ ဆက်သွယ်နိုင်သည်။------

၆၇။ ကျွန်တော်/မသည် အခြားသူများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ဝေငှရန် အခွင့်အရေးကို နှစ်သက်သည်။------

၆၈။ ယနေ့လောက၌ ဘုရားနှုတ်ကပတ်တော်၏ သတိပေးခြင်းနှင့် တရားစီရင်ခြင်း အကြောင်းကို ဟောပြောရန်မှာ ကျွန်ုပ်အတွက် အရေးကြီးသည်။-----

၆၉။ အိမ်နီးခြင်း မယုံကြည်သူများနှင့် ခရစ်တော်၏ ရည်ရွယ်ချက်အကြောင်း ဝေငှရာတွင် ဝမ်းမြောက်မှုရှိသည်။------

၇၀။ ကျွန်တော်/ကျွန်မသည် ဂရုစိုက်စောင့်ရှောက်သောကြောင့် လူတို့သည် သူတို့ဒုက္ခများ နှင့် လိုအပ်မှုများကို ကျွန်ုပ်ထံသို့ ယူဆောင်လာကြသည်။------

၇၁။ ကျွန်တော်/ကျွန်မဆက်သွယ်သော အခြားလူတို့အား ကျွန်ုပ်၏ ဂီတတီးခပ်သောအ စွမ်းအားဖြင့် အမှန်တကယ် အကျိုးသက်ရောက်မည်ဟု ခံစားသည်။------

၇၂။ ကျွန်ုပ်သာသနာလုပ်ငန်း၏ ဝမ်းမြောက်မှုတစ်ခုမှာ ပို၍ထိရောက်သော ခရစ်ယာန် များဖြစ်လာရန်အတွက် လူတို့ကို သင်တန်းပို့ချခြင်းဖြစ်သည်။------

၇၃။ မကြာခဏ ရှုပ်ထွေးမှု ခံစားရသော လူတို့သည် အားပေးနှစ်သိမ့်ခြင်းများအတွက် ကျွန်ုပ်ထံသို့ လာတတ်ကြသည်။------

၇၄။ ခက်ခဲသော အခြေအနေတစ်ခုထဲ၌ အကောင်းဆုံးသော ရွေးချယ်မှုကို ပြုလုပ်ရာ၌ ကျွန်ုပ်တွင် အလွန်ကောင်းသော အသိဉာဏ်တစ်ခုရှိသည်။------

၇၅။ ကျွန်တော်/ကျွန်မသည် သမာကျမ်းစာသွန်သင်ချက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်သည်။------

၇၆။ ကျွန်တော်/ကျွန်မသည် ၎င်းကို လုပ်ဆောင်ရန်အတွက် တစ်စုတစ်ဦးကို ရှာဖွေခြင်းထက်၊ ထိုအလုပ်ကို လုပ်ဆောင်ရာ၌ ပို၍ကျေနပ်မှုရှိသည်။--------

၇၇။ ကျွန်တော်/မသည် သူတို့၏ ဝန်ထုပ်ဝန်ပိုးများကို ဖြေရှင်းရန်အတွက် အခြားသူများအား ကူညီမစခြင်း သာသနာလုပ်ငန်းကို နှစ်သက်သည်။------

၇၈။ အသင်းတော်လုပ်ငန်း၌ ကြီးမားစွာ ပါဝင်လုပ်ဆောင်ရန်အတွက် အခြားသူများကို တွန်းအားပေးရန်မှာ တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်သည်။

၇၉။ အသင်းတော် သာသနာလုပ်ငန်းအတွက် ထိရောက်သော စီမံကိန်းများ၏ တိုးတက်မှုသည် ကျွန်ုပ်အားကြီးမားသော နှစ်သိမ့်ကျေနပ်မှုကို ပေးသည်။-----

၈၀။ ကျွန်တော်/မသည် ဘုရားသခင်အား ပေးနိုင်သော ငွေပမာဏကို မြင်သောအခါ ဝမ်းမြောက်သည်။--------

၈၁။ ဆေးရုံ၌ ဖျားနာသော လူတစ်စုံတစ်ဦးကို ကူညီရာတွင် ကျွန်တော်/ကျွန်မ ဝမ်းမြောက်သည်။--------

၈၂။ ဓမ္မအတွေးအခေါ်တင်ပြချက်၏ အမှားအမှန်ကို ကျွန်တော်/ကျွန်မသည် ကောင်းစွာ ပိုင်းခြားနိုင်သည်။------

၈၃။ အရာအားလုံး ဖြစ်နိုင်သည်ဟု ယုံကြည်သော သူတစ်ဦးအဖြစ် ကျွန်ုပ်ကိုလူများက မြင်ကြသည်။--------

၈၄။ သာသနာပြုများ ကျွန်ုပ်တို့အသင်းတော်သို့ လာသည့်အခါ၊ သူတို့ကို အိမ်သို့ အလည်လာရန် ကျွန်တော်/ကျွန်မ ဆန္ဒရှိသည်။--------

၈၅။ ဘုရားသခင်ဖန်ဆင်းခြင်း၌ များစွာသော အရာနှင့်ကျွန်ုပ်လုပ်ဆောင်ခြင်း၏ အကျိုးရလဒ်များက အခြားသူများ မမြင်သောအရာနှင့် တိုးတက်မှုရှိသော အရာများကို ကြီးပွားတိုးတက်စေရန်နှင့် လှပစေရန်အတွက် ကူညီပေးသည်ကို ကျွန်တော်/ကျွန်မ မြင်သည်။ – --------

၈၆။ သူတို့၏ ထိရောက်မှုနှင့် လုံးဝကောင်းစားခြင်းသည် ဘုရားသခင်၏ ဆုတောင်းခြင်းအပြေအပေါ် မူတည်ကြောင်းကိုသိ၍ အခြားသူများအတွက် ကျွန်တော်/ကျွန်မသည် သစ္စာရှိစွာ ဆုတောင်းပေးသည်။-----

၈၇။ ကျွန်တော်/ကျွန်မသည် ခန္ဓာ(သို့)စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သော သာသနာလုပ်ငန်း၌ ပါဝင်လုပ်ဆောင်ရန် ဆန္ဒရှိပြီး၊ သူတို့၏ ကျန်းမာခြင်းအတွက် ဆုတောင်းပေးသည်။--------

၈၈။ အသစ်သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခု၌ အသင်းတော်အသစ် စတင်ရန်ဟူသော အတွေးသည် ကျွန်ုပ်ကို စိတ်လှုပ်ရှားစေသည်။

၈၉။ ကျွန်တော်/ကျွန်မသည် အဖွဲ့အစည်းထဲ၌ အလုပ်လုပ်သူများကို သင်တန်းပို့ချရာတွင် ဝမ်းမြောက်သည်။-----

၉၀။ ကျမ်းစာသင်တန်းတွင် အခြားသူများ ထိခိုက်စေသည့်တိုင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝေငှရန် လိုအပ်ပါသည်။--------

၉၁။ ကျွန်တော့်ပတ်ဝန်းကျင်၌ မယုံကြည်သူများအတွက် ကျွန်တော်/ကျွန်မသည် ပြင်းပြသော စိတ်ဆန္ဒတစ်ခု ရှိသည်။--------

၉၂။ အခြေနေတစ်ခုထဲ၌ အခြားလူများနှင့်အတူ ရင်းနှီးစွာအချင်းချင်း ဆက်နွယ်မှုကို ကျွန်တော်/မနှစ်သက်သည်။--------

၉၃။ ကျမ်းစာသင်တန်းတစ်ခု သင်ကြားခြင်းအတွက် လိုအပ်သော ပစ္စည်းများစုဆောင်းရန်မှာ လွယ်ကူပါသည်။--------

၉၄။ ဘုရားသခင်အား ချီးမွမ်းသီချင်းသီဆိုခြင်း(သို့) ဖြူစင်သော ဝမ်းမြောက်ခြင်းအတွက် အခြားသူများကို ဦးဆောင်ခြင်းသည် တစ်ဦးချင်းစီကို ကျေနပ်စေသည်။--------

၉၅။ ကျွန်တော်/ကျွန်မသည် အသင်းတော်၌ မယုံကြည်သူ မိသားစုထက်၊ ဆိုးသွမ်းသော မိသားစုတစ်စုကို ပို၍ ခေါ်ဖိတ်လိုသည်။---------

၉၆။ ပြဿနာများကို ဖြေရှင်းရာ၌ ကျွန်တော်/မသည် ယုံကြည်မှုရှိသည်။ -----

၉၇။ သမ္မာကျမ်းစာ၏ ခက်ခဲသောစာအုပ်ကို ဖတ်ရှုလေ့လာခြင်းသည် စိတ်လှုပ်ရှားဖွယ်ကောင်းသော စိန်ခေါ်မှုတစ်ခု ဖြစ်သည်။---------

၉၈။ ကျွန်တော်/ကျွန်မသည် ဆွဲဆောင်မှု အာရုံမရှိသော အရာများကို လုပ်ဆောင်လိုသည်။

၉၉။ မိသားစုတစ်စုသည် အရေးကြီးသော ပြဿနာတစ်ခုကို ရင်ဆိုင်တွေ့ကြုံလျှင်၊ သူတို့ကို ကူညီရန် အခွင့်အရေး၌ ကျွန်တော်/ကျွန်မ ဝမ်းမြောက်သည်။ -------

၁၀၀။ လုပ်ငန်းတစ်ခုကို လုပ်ဆောင်ရာတွင် ကျွန်တော့်နောက်သို့လိုက်သော သူများရှိခြင်းသည် ကြီးမားသော ကျေနပ်မှုဖြစ်စေသည်။---------

၁၀၁။ တူညီသော ဆုံးဖြတ်ချက်ဆီသို့ ရောက်အောင်လူတို့ကို ဆွဲဆောင်ခြင်းထက် အုပ်စုအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို ကျွန်တော်/မ ပို၍သဘောကျသည်။---------

၁၀၂။ ဘုရားသခင်သည် ကျွန်ုပ်၏လိုအပ်ချက်များ ထောက်ပံ့ပေးမည်ကို သိသောကြောင့် ကျွန်တော်/ကျွန်မသည် ရက်ရောစွာပေးကမ်းနိုင်သည်။---------

၁၀၃။ အိမ်၌နေသော လူများထံသို့ အလည်အပတ်သွားရောက်ရာတွင် အထူးကျေနပ်မှု တစ်ခုရှိသည်။---------

၁၀၄။ ကျွန်တော်/ကျွန်မသည် ပုဂ္ဂိုလ်တစ်ဦး၏ ရည်ရွယ်ချက်များကို မကြာခဏ ရှာဖွေတတ်သည်။---------

၁၀၅။ လူများအားငယ်သည့်အခါ၊ သူတို့အပေါ် အကောင်းမြင်ဝါဒရှိခြင်း၌ ကျွန်တော်/မဝမ်းမြောက်သည်။---------

၁၀၆။ လူတို့သည် ကျွန်တော့်အိမ်သို့အလည်လာရောက်ခြင်း၌ ဝမ်းမြောက်ပုံပေါ်သည်။---------

၁၀၇။ များစွာသော အရာဝတ္ထုရေးဆွဲခြင်း၊ ဒီဇိုင်းဖော်ခြင်းနှင့် ဆေးခြယ်ခြင်းတို့၌ ပျော်ရွှင်မှုရှိသည်။---------

၁၀၈။ ကျွန်တော်/မသည် ဖြစ်နိုင်ခြေရှိသော အခြားအရာများပြုလုပ်သင့်သည့် အခါတွင်၊ မိမိကိုယ်ကို ဆုတောင်းတတ်သည်။---------

၁၀၉။ ကျွန်တော်/ကျွန်မ ဆုတောင်းပေးသော လူနာတစ်ဦးသည် ကျန်းမာခြင်း သက်ရောက်မည်ဟု ခိုင်မာစွာ ယုံကြည်သည်။---------

၁၁၀။ အခြားပတ်ဝန်းကျင်နှင့် တိုင်းနိုင်ငံများရှိ လူများအားလုံး ဘုရားသခင်ထံသို့ ပို့ဆောင်ရန်ဟူသည့် ပြင်းထန်သော ဆန္ဒတစ်ခု ကျွန်ုပ်တွင်ရှိသည်။-----

ဝိညာဉ်ဆုကျေးဇူးများ သတ်မှတ်ချက်ကို စမ်းသပ်ခြင်းအား ပြည့်စုံစွာ ဖြေကြားသောကြောင့် ဂုဏ်ယူပါသည်။ တစ်ခုစီတိုင်းကို ဖြေကြားရန်မမေ့ဘဲ၊ ဖော်ပြချက်များအားလုံး သေချာစွာကြည့်ရှုရန် မိနစ်အနည်းငယ် အချိန်ယူပါ။ အခုသင်၏ တုံ့ပြန်မှုများကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာသော စာရွက်သို့ရွှေ့လိုက်ပါ။

၎င်းကို လုပ်ဆောင်ရန်အတွက် အဖြေတိုင်းအပေါ် သင်၏ တုံ့ပြန်မှုများကို ကြည့်ဖို့လိုအပ်ပါသည်။

မေးခွန်း ၁၁၀ ခုအတွက်၊ ခွဲခြမ်းစိတ်ဖြာသော စာရွက်၏ သင့်လျော်သော နေရာ၌ သင်၏နံပါတ်စဉ် အဖြေများကို ရေးသားပါ။ စုစုပေါင်းရမှတ်နေရာတွင် အလျားလိုက် မျဉ်းပေါ်ရှိ နံပါတ်တိုင်းကို ပေါင်းထည့်ပါ။ ဥပမာတစ်ခုကို ကြည့်ပါ။

| မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | စုစုပေါင်း | ရာထူး | ဝိညာဉ်ဆုကျေးဇူး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ၂၃ | ၃ | ၄၅ | ၀ | ၆၇ | ၁ | ၈၉ | ၃ | ၈ | ၂ | တမန်တော် |
| ၂ | ၃ | ၂၄ | ၁ | ၄၆ | ၁ | ၆၈ | ၀ | ၉၀ | ၁ | ၆ | ၃ | ပရောဖက် |
| ၃ | ၃ | ၂၅ | ၅ | ၄၇ | ၃ | ၆၉ | ၅ | ၉၁ | ၁ | ၁၇ | ၁ | ဧဝံဂေလိဆရာ |

အခုအမှတ်စုစုပေါင်း အားလုံးကိုကြည့်ပါ။ စုစုပေါင်းရမှတ်အများဆုံးသည် သင်၏ အားအသာဆုံး ဝိညာဉ်ဆုကျေးဇူး ဖြစ်သည်။ လူအချို့တွင် တူညီသော ရမှတ်နှင့် ဝိညာဉ်ဆုကျေးဇူးများစွာ ရှိနိုင်သည်။ သတ်မှတ်ချက်သည် မပြည့်စုံသောကြောင့်၊ သင်၏ဝိညာဉ်ဆုကျေးဇူး အားသာချက်ကို စုစုပေါင်းရမှတ် အများဆုံးနှင့် ဖော်ပြနိုင်လိမ့်မည် မဟုတ်ပေ။ နောက်ဆုံး၌ သင်သည် တစ်ခုစီအတွက် ကျမ်းစာအကိုးအကား ပေးထားသော ဝိညာဉ်ဆုကျေးဇူးများ စာရင်းကို တွေ့မြင်လိမ့်မည်ဖြစ်သည်။

**ဝိညာဉ်ဆုကျေးဇူးများ ခွဲခြမ်းစိတ်ဖြာမှု အထောက်အထား**

**စမ်းသပ်မှုကို မဖြည့်မီ သင်သည် ဤမှတ်ချက်ကို မကြည့်ရှုသင့်ပါ။**

| မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | မေး | ဖြေ | စုစုပေါင်း | ရာထူး | ဝိညာဉ်ဆုကျေးဇူး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂၃ | | ၄၅ | | ၆၇ | | ၈၉ | | | | တမန်တော် |
| ၂ | | ၂၄ | | ၄၆ | | ၆၈ | | ၉၀ | | | | ပရောဖက် |
| ၃ | | ၂၅ | | ၄၇ | | ၆၉ | | ၉၁ | | | | ဧဝံဂေလိ |
| ၄ | | ၂၆ | | ၄၈ | | ၇၀ | | ၉၂ | | | | သင်းအုပ် |
| ၅ | | ၂၇ | | ၄၉ | | ၇၁ | | ၉၃ | | | | ဆရာ |
| ၆ | | ၂၈ | | ၅၀ | | ၇၂ | | ၉၄ | | | | ဂီတ |
| ၇ | | ၂၉ | | ၅၁ | | ၇၃ | | ၉၅ | | | | နှိုးဆော်ခြင်း |
| ၈ | | ၃၀ | | ၅၂ | | ၇၄ | | ၉၆ | | | | ဉာဏ်ပညာ |
| ၉ | | ၃၁ | | ၅၃ | | ၇၅ | | ၉၇ | | | | အတတ်ပညာ |
| ၁၀ | | ၃၂ | | ၅၄ | | ၇၆ | | ၉၈ | | | | အစေခံခြင်း |
| ၁၁ | | ၃၃ | | ၅၅ | | ၇၇ | | ၉၉ | | | | ကူညီမစခြင်း |
| ၁၂ | | ၃၄ | | ၅၆ | | ၇၈ | | ၁၀၀ | | | | ခေါင်းဆောင်မှု |
| ၁၃ | | ၃၅ | | ၅၇ | | ၇၉ | | ၁၀၁ | | | | စီမံအုပ်ချုပ်မှု |
| ၁၄ | | ၃၆ | | ၅၈ | | ၈၀ | | ၁၀၂ | | | | ပေးကမ်းခြင်း |
| ၁၅ | | ၃၇ | | ၅၉ | | ၈၁ | | ၁၀၃ | | | | သနားခြင်းဂရုဏာ |
| ၁၆ | | ၃၈ | | ၆၀ | | ၈၂ | | ၁၀၄ | | | | ထိုးထွင်းဉာဏ် |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | | ၃၉ | | ၆၁ | | ၈၃ | | ၁၀၅ | | | | ယုံကြည်ခြင်း |
| ၁၈ | | ၄၀ | | ၆၂ | | ၈၄ | | ၁၀၆ | | | | ညှော်ဝတ်ကျေပွန်ခြင်း |
| ၁၉ | | ၄၁ | | ၆၃ | | ၈၅ | | ၁၀၇ | | | | လက်မှုပညာ |
| ၂၀ | | ၄၂ | | ၆၄ | | ၈၆ | | ၁၀၈ | | | | အချင်းအချင်းအဖို့ ဆုတောင်းခြင်း |
| ၂၁ | | ၄၃ | | ၆၅ | | ၈၇ | | ၁၀၉ | | | | အနာငြိမ်းခြင်း |
| ၂၂ | | ၄၄ | | ၆၆ | | ၈၈ | | ၁၁၀ | | | | သာသနာပြု |

**ဝိညာဉ်ဆုကျေးဇူးများစာရင်း**

**တမန်တော်**

ငင်းဆုကျေးဇူးသည် ဝိညာဉ်တော်က စစ်မှန်သော ဩဝါဒကို ကြွေးကြော် ရန်နှင့်ဆုံးမသွန်သင်ခြင်းအားဖြင့် ဘုရားသခင်၏ အသင်းတော်များကို ဦးဆောင်ရန်၊ အားပေးတိုက်တွန်းရန်နှင့် တိုးတက်စေရန်အတွက် ထူးခြားသော ခရစ်ယာန်များကို ခန့်ထားခြင်းဖြစ်သည်။ (တမန် ၁၂း၁–၅၊ ၁၄း၂၁–၂၃)

**ပရောဖက်**

ဝိညာဉ်တော်သည် ပေးထားသော နေရာတစ်ခု၌ ဘုရားသခင်၏ ဗျာဒိတ်တော်ကို အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် အသုံးပြုရန်အတွက် ခရစ်ယာန်များအား တန်ခိုးပေးထားသည့် ထူးမြတ်သော ဆုကျေးဇူးဖြစ်သည်။ (၁ကော ၁၄း၁–၅၊ ၃၀–၃၃၊ ၁၄း၃၇)

**ဧဝံဂေလိ**

ငင်းသည် သခင်ခရစ်တော်၏ တပည့်တစ်ဦးဖြစ်လာရန်အတွက် မယုံကြည်သူများအား သတင်းကောင်း ဝေငှပေးရန် ထူးခြားသော ခရစ်ယာန်များကို ဝိညာဉ်တော်အားဖြင့် အားပေးသော ဆုကျေးဇူးဖြစ်သည်။ (တမန် ၈း၂၆–၄၀)

**သင်းအုပ်**

ငင်းသည် ယုံကြည်သူအုပ်စုတစ်စု၏ ဝိညာဉ်ရေးရာကောင်းစားဖို့အတွက် တာဝန်ဝတ္တရားကို လုပ်ဆောင်မည့် အကြောင်း ခရစ်ယာန်များကို ဝိညာဉ်တော်အားဖြင့် အားပေးသော ထူးခြားသည့် ဆုကျေးဇူးဖြစ်သည်။ (၁ပေ ၅း၁–၁၁)

**ဆရာ**

၎င်းသည် အခြားသူများသင်ယူလေ့လာနိုင်မည့် ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန်တရားကို နားလည်သဘောပေါက်စေရန်အတွက် ခရစ်ယာန်များကို ဝိညာဉ်တော်အားဖြင့် ထူးခြားစွာပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ဟေဗြဲ ၅း၁၂– ၁၄')

**ဂီတ**

၎င်းသည် ဒေသန္တရအဖွဲ့၏ ကိုးကွယ်ခြင်းအတွေ့အကြုံကို တိုးပွားစေရန်နှင့် ဂီတပုံစံအမျိုးမျိုးအားဖြင့် ဘုရားသခင်ကို ချီးမွမ်းရန်အတွက် ခရစ်ယာန်များကို ဝိညာဉ်တော်အားဖြင့် ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (၁ကော ၁၄း၂၆၊ မာကု ၁၂း၃၆)

**နှိုးဆော်ခြင်း**

၎င်းသည် လိုအပ်သောခရစ်ယာန် မိတ်ဆွေများဘေးတွင် ရပ်တည်ရန်နှင့်သူတို့သည် ကူညီမစသည်ကို ခံစားရန်အတွက် နှစ်သိမ့်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့်အား ပေးတိုက်တွန်းခြင်းစသည်တို့ကို ယူဆောင်လာရန် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်များအား ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (တမန် ၁၁း၂၃–၂၄၊ ၁၄း၂၁–၂၂)

**ဉာဏ်ပညာ**

၎င်းသည် ဘဝအသက်ရှင်ခြင်းနှင့် ဆက်စပ်သည့်အတိုင်း ဘုရားသခင်၏ အလိုတော်နှင့် လုပ်ဆောင်ခြင်းကို နားလည်သဘောပေါက်စေရန်အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့အား ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ယာကုပ် ၃း၁၃ –၁၇)

**အတတ်ပညာ**

၎င်းသည် ဘုရားသခင် နှုတ်ကပတ်တော်၏ စစ်မှန်သောအမှန်တရားကို နား လည်သဘောပေါက်ရန်နှင့် အသင်းတော်၌ တိကျသော အခြေအနေများတွင် ၎င်းတို့ကို သံဟဇာတဖြစ်စေရန်အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့တို့အား ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ဖေက် ၃း၁၄–၁၉)

**အစေခံခြင်း**

၎င်းသည် အခြားခရစ်ယာန်များ၏ ဝန်ထုပ်ဝန်ပိုးများကို လိုလိုလားလားဖြေ ရှင်းရန်နှင့်သူတို့၏လုပ်ငန်းကို ပို၍ ထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် နည်းလမ်းတစ်ခုထဲ၌ သူတို့ကို ကူညီပေးရန် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့တို့ အားပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ဂလာတိ ၆း၁–၂)

**ကူညီမစခြင်း**

ၚင်းသည် အခြားခရစ်ယာန်များ၏ ဝန်ထုပ်ဝန်ပိုးများကို လိုလိုလားလားဖြေ ရှင်းရန်နှင့်သူတို့၏ လုပ်ငန်းကို ပို၍ ထိရောက်စွာလုပ်ဆောင်ရန် နည်းလမ်းတစ်ခုထဲ၌ သူတို့ကို ကူညီပေးရန်အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့တို့အား ပေးထားသော ဆုကျေးဇူးဖြစ်သည်။(တမန် ၆း၂–၄)

**ခေါင်းဆောင်မှု**

ၚင်းသည် အသင်းတော်လုပ်ငန်းကို အတူတကွထိရောက်စွာ လုပ်ဆောင်ရန် အတွက် နည်းလမ်းတစ်ခုအတွင်းသို့ ဘုရားသခင်၏ လူတို့ကိုနိုးဆော်ရန် လမ်းပြရန်နှင့် အားပေးရန် စသည်တို့အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့ကို ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ဟေဗြဲ ၁၃း၇၊ တရားသူကြီး ၃း၁၀၊ ထွက် ၁၈း၁၃–၁၆)

**စီမံအုပ်ချုပ်မှု**

ၚင်းသည် အသင်းတော်သာသနာလုပ်ငန်း ရည်ရွယ်ချက်ပန်းတိုင်များကို နား လည်သဘောပေါက်ရန်နှင့် ထိုလုပ်ဆောင်မှုအပေါ် အသင်းတော်ကို စောင့်ထိန်းပြီး ထိရောက်စွာ ဦးဆောင်ရန်အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့အား ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (တမန် ၁၂း၁၂–၂၁)

**ပေးကမ်းခြင်း**

ၚင်းသည် အလွန်လိုချင်သောဆန္ဒ၊ ရက်ရောမှုနှင့် လွတ်လပ်စွာဖြင့် အသင်းတော်လုပ်ငန်းအတွက် သူတို့၏ ရုပ်ဝတ္ထုကောင်းကြီးမင်္ဂလာများကို ပေးလှူရန်အတွက် ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်အချို့တို့အား ပေးထားသော ဆုကျေးဇူး ဖြစ်သည်။ (၂ကော ၈း၁–၅)

**သနားခြင်းဂရုဏာ**

ၚင်းသည် အချိန်နှင့်စွမ်းအားများစွာကို ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဒုက္ခခံရန်သော သူများအတွက် ကိုယ်ချင်းစာနာမှုနှင့် သနားကြင်နာခြင်းစသည်တို့ကို ခံစားတတ်ရန် ခရစ်ယာန်အချို့တို့ကို ပေးထားသော ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။ (လုကာ ၁၀း၃၀–၃၇)

**ထိုးထွင်းဉာဏ်**

ၚင်းသည် ဘုရားသခင်(သို့) စာတန်မာရ်နတ်၏ အပြုအမူလုပ်ဆောင်မှု ဟုတ်သည် မဟုတ်သည်ကို သေချာအောင် သိရှိနိုင်မည့်အကြောင်း ခရစ်ယာန်အချို့တို့ကို သီးသန့်ပေးထားသော ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။ (တမန် ၅း၃–၆၊ ၁၆း၁၆–၁၈)

**ယုံကြည်ခြင်း**

ၚင်းသည် အသင်းတော်၌ ဘုရားသခင်၏အနာဂတ်လုပ်ငန်းအတွက် ရဲရင့်စွာ ရပ်တည်နိုင်ရန် ဘုရားသခင်၏ ကတိတော်၊ တန်ခိုးတော်နှင့် မျက်မှောက်တော်၌ ယုံကြည်ကိုးစားမည့်အကြောင်း ခရစ်ယာန်အချို့တို့အားပေးထားသော ဝိညာဉ် ဆုကျေးဇူးဖြစ်သည်။ (ဟေဗြဲ ၁၁)

**ဧည့်ဝတ်ကျေပွန်ခြင်း**

ၚင်းသည် အခြားလူများအားအိပ်ရန် နေရာပေးခြင်း၊ အစာကျွေးမွေးခြင်းနှင့် အချင်းချင်းမိတ်သဟာယဖွဲ့ခြင်း စသည်တို့အတွက် မိမိတို့၏အိမ်ကို လှိုက်လှဲပျူငှာစွာ ဖွင့်ပေးရန်အတွက် ခရစ်ယာန်အချို့တို့အား သီးသန့်ပေးထားသော ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။ (ကမ္ဘာဦးကျမ်း ၁၈း၁–၁၅)

**လက်မှုပညာ**

ၚင်းသည် အနုပညာ၊ ဖန်တီးမှုဖြင့် နိုင်ငံတော်ကို တည်ဆောက်ရန်လက်များနှင့် စိတ်ပိုင်းဆိုင်ရာပြုရန်အတွက် ထိုအရည်အချင်းကို ခရစ်ယာန်အချို့တို့အား သီးသန့်ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (ထွက် ၂၈း၃–၄)

**အချင်းချင်းအဖို့ဆုတောင်းခြင်း**

ၚင်းသည် နိုင်ငံတော်တည်ဆောက်ခြင်း၌ ကြီးမားသော အကျိုးသက်ရောက်မှုနှင့်အတူ ကြာရှည်စွာ ဆုတောင်းရန်အတွက် ခရစ်ယာန်အချို့တို့အား သီးသန့်ပေးထားသော ဆုကျေးဇူးဖြစ်သည်။ (၁သက် ၃း၁၀–၁၃၊ ၁တိ ၂း၁–၂)

**အနာငြိမ်းခြင်း**

ၚင်းသည် ဖျားနာသူများ ကျန်းမာခြင်းရရှိစေရန်အတွက် ခရစ်ယာန်များအား သီးသန့်ပေးထားသော ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။ (ယာကုပ် ၅း၁၃–၁၆၊လုကာ ၉း ၁–၂)

**သာသနာပြု**

ၚင်းဆုကျေးဇူးသည် ယဉ်ကျေးမှု(သို့) ပတ်ဝန်းကျင် အသိုင်းအဝိုင်းတစ်ခု၌ သူ့တို့တွင်ရှိသော အခြားဝိညာဉ်ဆုကျေးဇူးများနှင့် အမှုတော်ဆောင်ရန်အတွက် ခရစ်ယာန်၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်သော ဒေသန္တရအသင်းတော်အား သန့်ရှင်းသော ဝိညာဉ်တော်ပေးထားခြင်းဖြစ်သည်။ (၁ကော ၉း၁၉–၂၃)

# အခန်း(၆)

## လူများကိုစီမံခန့်ခွဲခြင်း

''သင်တို့သည် ကိုယ်၌သူတပါး ပြုစေလိုသည့်အတိုင်းပြုကြလော့။''(လုကာ၆း၃) ရွှေပညတ်ချက်ဖြစ်သည်။ ၎င်းကို ကျွန်တော်တို့အားလုံးသည် ကောင်းစွာသိသော်လည်း အချိန်တိုင်း လိုက်လျှောက်ရန် အားနည်းကြသည်။ အသင်းတော်သည် ဘုရားသခင်နှင့် လူအချင်းချင်း ဆက်သွယ်မှုအပေါ် အခြေခံသောလုပ်ငန်း တစ်ခုဖြစ်သည်။ တစ်ဦးနှင့် တစ်ဦးညီညွတ်စွာ အသက်ရှင်ရန်၊ ဘုရားသခင်နှင့်အတူ သွားလာရန်နှင့် ထိုမေတ္တာကြောင့် အသေခံခြင်းဖြစ်ကြောင်း ကမ္ဘာကြီးအား ဖော်ပြရန်အတွက် ဤအခြေခံသဘောတရားများကို ယေရှုသည် ကျွန်ုပ်တို့အား သွန်သင်ခဲ့သည်။ သင်သည် လူများကို စီမံခန့်ခွဲရာ၌ သူတို့အပေါ် အခွင့်အာဏာကိုမသုံးပဲ၊ သူတို့နှင့် အချင်းချင်း ဆက်နွယ်ခြင်းဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ လူများကို စီမံခန့်ခွဲခြင်းသည် သင့်အတွက် သူတို့ လုပ်ဆောင်နိုင်သောအရာကို ပြောပြခြင်းမဟုတ်ဘဲ သူတို့အတွက် သင်လုပ်ဆောင်နိုင်သောအရာကို မေးမြန်းခြင်း ဖြစ်သည် ယေရှုသွန်သင်ခဲ့သည့်အတိုင်း ၎င်းသည်နေ့စဉ်အသက်တာ၌ လက်တွေ့လုပ်ဆောင်ရမည့် ပညတ်ချက် ဖြစ်သည်။ ဤအခန်းတွင် လူများကို စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံလူများကို စီမံခန့်ခွဲခြင်းအတွက် အခြေခံသဘော တရားများ အချို့နှင့် မည်ကဲ့သို့ လူများကို စီမံခန့်ခွဲမည်စသည်တို့ကို ကျွန်တော်တို့ လေ့လာကြမည် ဖြစ်သည်။

### ၁။ လူများကိုစီမံခန့်ခွဲခြင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးသနည်း။

အသင်းတော်သည်လူတို့အကြောင်းဖြစ်သည်

- ''သင်တို့မူကားမှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးများကိုဖော်ပြ ပစေခြင်းငှါ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ရာဇ်ပရောဟိတ်မျိုး သန့်ရှင်းသော လူမျိုးပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။'' (၁ပေ၂း၉)

- အသင်းတော်သည် အဆောက်အဦးတစ်ခုမဟုတ်ဘဲ၊ လူများကိုခေါ်သည်။
- ကျွန်ုပ်တို့သည်အရာဝတ္ထုအပေါ်တွင်မဟုတ်ဘဲ၊လူအများကိုအာရုံထားကြသည်။
- ၎င်းသည်အချင်းချင်းဆက်နွယ်မှုအကြောင်းဖြစ်သည်။
- ❖ ဘုရား
- ❖ ခရစ်တော်
- ❖ တစ်ဦးနှင့်တစ်ဦး

၂။ လူတို့သည်အသင်းတော်၏ အကြီးမားဆုံးသော အရင်းအမြစ်များဖြစ်ကြသည်။

- ▪ လူတို့သည်အသင်းတော်၏ ကြွယ်ဝသော ဥစ္စာပစ္စည်းများဖြစ်ကြသည်။
- ▪ လူတို့သည်အသင်းတော်သို့ ဆုကျေးဇူးများစွာနှင့် အရည်အချင်းများကို ယူဆောင်လာကြသည်။

''ကောင်းသောအကျိုးအလို့ငှါသာ ဝိညာဉ်တော်ကို လူအသီးသီးတို့အား ထင်ရှားစွာပေးတော်မူလျှက်ရှိ၏။ (၁ကော၁၂း၇)

- ❖ သာသနာလုပ်ငန်းအတွက်ဝိညာဉ်ဆုကျေးဇူးများ
- ❖ အမှုတော်လုပ်ငန်းအတွက်အရည်အချင်းများ
    - လူတို့၌ရင်းနှီးပြပ်နှံခြင်းသည်ကြီးမားသောအကျိုးကိုပြန်၍ထောက်ပံ့ပေးသည်။

**၃။ သာသနာလုပ်ငန်းသည် လူတို့အားဖြင့် ပြီးပြည့်စုံသည်။**

''ပြုပြင်ခြင်းအမှု အထူးထူး အထွေအထွေ ရှိငြားသော်လည်း ခပ်သိမ်းသော သူတို့၌ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တစ်ပါးတည်း ရှိ၏။'' (၁ကော၁၂း၆)

- လူတို့သည် သာသနာလုပ်ငန်းကို လုပ်ဆောင်ကြပြီး၊ ပြုပြင်ခြင်းခံသူများဖြစ်ကြသည်။
- အခြားသော ပစ္စည်းဥစ္စာများသည် လူတို့ကိုကူညီမစရန်အတွက် တန်ဆာပလာများသာဖြစ်ကြသည်။
- ယေရှု၏သာသနာလုပ်ငန်းသည် လူတို့၏ စိတ်နှလုံးသားဖြစ်သည်။

**၄။ အသင်းဝင်များသည် အလုပ်သမားများမဟုတ်ဘဲ၊ စေတနာ့ဝန်ထမ်းများဖြစ်ကြသည်။**

- ကိုယ်ကျိုးစွန့်လူများသည် အားပေးမှုကိုလိုအပ်ကြသည်။
- သူတို့သည်ဘုရားသခင်၏ ဦးဆောင်မှုကိုခံရမည်ဖြစ်သည်။
- ပြင်းပြသောဆန္ဒမရှိခြင်းသည် ရည်ရွယ်မရှိခြင်းကို ဆိုလိုပြီးရည်ရွယ်ချက်မရှိခြင်းသည်လူမရှိခြင်းကိုဆိုလိုသည်။
    - ❖ ကိုယ်ကျိုးစွန့်ခြင်းသည် နှိုးဆော်တိုက်တွန်းခြင်းကို လိုအပ်ကြသည်။
- စေတနာ့ဝန်းထမ်းများသည် သူတို့လုပ်နေသော အကြောင်းအရာများ သေချာမှုရှိစေရန် လိုအပ်သည်။

- စေသနာ့ဝန်ထမ်းများသည် ယခင်ခက်ခဲမှုများကို လုပ်ဆောင်ရန်အတွက် လိုအပ်သည်။

– ကိုယ်ကျိုးစွန့်များသည်နီးကြားတက်ကြွမှုကိုလိုအပ်ကြသည်။

- သူတို့သည်လခစားများ မဟုတ်သောကြောင့် တစ်စုံတစ်ခုကို ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည်။
- သူတို့သည် ဧဝံဂေလိသတင်းကောင်းအားဖြင့် နိုးဆော်မှုကိုခံဖို့ လိုအပ်သည်။

**၅။ ပြသာနာကို ရှောင်ကြဉ်ရန်ဖြစ်သည်**

- ပြဿနာများသည် အသင်းတော်အတွင်းရှိ လူတို့အကြား အမြဲဖြစ်ပေါ်လေ့ရှိသည်။
- ပြဿနာအထဲ၌ လူတို့ကိုမည်ကဲ့သို့ ကိုင်တွယ်ရမည်အကြောင်း သင်ယူခြင်းသည် အလွန်အရေးကြီးသည်။

**၂။ လူများကို စီမံခန့်ခွဲခြင်းအတွက် အခြေခံသဘောတရားများ**

**(၁) လူတို့သည် ထူးမြတ်သောလူသူများ ဖြစ်ကြသည်။**

''ကိုယ်တော်သည် အကျွန်ုပ်၏ကျောက်ကပ်ကိုပင် ဖန်ဆင်း၍အမိဝမ်းထဲမှာ အကျွန်ုပ်ကိုဖုံးအုပ်တော်မူပြီ။'' (ဆာလံ၁၃၉း၁၃)

- ➢ သူတို့တွင်ထူးကဲသောအရည်အချင်းများရှိသည်။
- ➢ သူတို့တွင်ထူးကဲသောအတွေ့အကြုံများရှိသည်။
- ➢ သူတို့တွင်ထူးကဲသောအတွေးအခေါ်များရှိသည်။
- ➢ သူတို့တွင်ထူးကဲသောကိုယ်ရည်ကိုယ်သွေးများရှိသည်။

**(၂) လူတို့တွင်ပိုင်ဆိုင်လိုသောဆန္ဒရှိသည်။**

✔ လူတို့သည်တစ်စုံတစ်ခု၏အစိတ်အပိုင်းဖြစ်လိုကြသည်။

✔ အများသောအားဖြင့်လူတို့သည်အထီးကျန်ဆန့်စွာတစ်ယောက်ထဲနေခြင်းကိုမနှစ်သက်ကြပေ။

''ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည် တစ်ယောက်ထဲ မနေကောင်း သူနှင့်တော်သော အထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်ဟု အကြံတော်ရှိမူ၏။'' (ကမ္ဘာ ၂း၁၈)

✔ ယေရှု ကျွန်ုပ်တို့အချင်းချင်း မိတ်သဟာယဖွဲ့ခြင်းအတွက် လိုအပ်ချက်ကိုသိသည်။

**(၃) လူတို့သည် ပူးပေါင်းပါဝင်လိုသော ဆန္ဒရှိသည်။**

✔ လူတို့သည် ပွဲကြည့်ပရိတ်သတ်တစ်ဦး ဖြစ်ခြင်းထက် ပါဝင်လုပ်ဆောင်ရန် ဆန္ဒရှိသည်။

✔ လူတို့သည် ပေးကမ်းမှုကို ပြုလုပ်လိုသောဆန္ဒရှိကြသည်။

✔ လူတို့သည် လိုအပ်သော နေရာ၌ သူတို့၏ ဆုကျေးဇူးများနှင့် အရည်အချင်းများကို အသုံးပြုရန် ဆန္ဒရှိကြသည်။

## (၄) လူတို့သည်တန်ဖိုးထားမှုကိုလိုချင်ကြသည်။

- လူတို့သည်အသုံးဝင်သောသူဖြစ်ကြောင်းခံစားရန်လိုသည်။
- ''ချည်နှောင်ခြင်းကို ခံစဉ်တွင်ငါဖြစ်ဘွားသောသော သားတည်းဟူသော သင်သည် အထက်က အသုံးမရသောသူ၊ ယခုတွင် ငါနှင့်သင်သည် အသုံးရသောသူ ဩနေသိမ်အဖို့ ငါတောင်းပန်ပါ၏။'' (ဖိလမုန်၁း၁၀–၁၁)
- လူများကို တန်ဖိုးထားလျှင် သူတို့သည် စေတနာနှင့် လုပ်ဆောင်လာကြမည်ဖြစ်သည်။

## (၅) လူတို့သည်ရှိသေလေးစားမှုကိုလိုချင်ကြသည်။

''ခပ်သိမ်းသော သူတို့ကိုရှိသေကြလော့။'' (၁ပေ၂း၁၇)

- သူတို့သည် ဂုဏ်အသရေနှင့်ဆက်ဆံမှုကိုခံလိုကြသည်။
- လူတို့သည် ဘုရာသခင်ကို ရှိသေသည့်အတိုင်း ကျွန်ုပ်တို့ကို ရှိသေသင့်သည်။

## (၆) လူတို့သည် အသိအမှတ်ပြုခြင်းကို လိုချင်ကြသည်။

''သတေဖန်၊ ဖော်တုနက်၊ အခါယကုတို့သည် ရောက်လာသောကြောင့် ငါဝမ်းမြောက်ခြင်းရှိ၏။ အကြောင်းမူကား၊ သင်တို့သည် ပြုစု၍ မပြည့်စုံသမျှကို သူတို့သည် ထပ်၍ပြည့်စုံစေသဖြင့်၊ ငါ့စိတ်နှင့် သင်တို့စိတ်ကို သက်သာစေကြပြီ။ ထိုသို့သော သူတို့ကို လက်ခံကြလော့။'' (၁ကော ၁၆း၁၇–၁၈)

- လူတို့သည် ချီးမွမ်းခြင်းကို ခံလိုကြသည်။
- အသိအမှတ်ပြုခြင်းသည် ယုံကြည်မှုကို တည်ဆောက်ပေးသည်။

## (၇) လူတို့သည် ဦးဆောင်လမ်းပြမှုကို လိုချင်ကြသည်။

➢ ရူပါရုံကို မျှဝေပေးပါ။

- ခေါင်းဆောင်တစ်ဦးဖြစ်သည့်အတိုင်း သင်သည်အခြားသူများကို အားပေးပြီး နိုးဆော်ပေးရမည် ဖြစ်သည်။
- ရည်မှန်းချက်ပန်းတိုင်အားလုံးအပေါ် အခြေပြုလာရန် လူတိုင်းကို စောင့်ထိန်းပေးပါ။
  ''ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြ၏။'' (သုတ္တံ ၂၉း၁၈)
- ကြိုးပမ်းမှုများကို ညှိနှိုင်းဆွေးနွေးပေးပါ။

- လူတိုင်းသည် အတူတကွလုပ်ဆောင်သည့်အကြောင်း သေချာစေပါ
- အသင်းတော်ရှုပါရုံ(သို့)ရည်မှန်းချက်များနှင့် မကိုက်ညီသော လှုပ်ရှားမှုမျိုးကို ခွင့်မပြုပါနဲ့။
- အထိရောက်ဆုံးသော ခေါင်းဆောင်မှု ပုံစံကို အသုံးပြုပါ။
- လိုအပ်ပါက မတူညီသောနေရာများ၌ မတူညီသော ပုံစံများကို အသုံးပြုပါ။
- လိုအပ်လျှင်၊တာဝန်ဝတ္တရားနှင့်လုပ်ငန်းတာဝန်များကို ခွဲဝေပေးပါ။

**(၈) လူတို့သည် သတင်းအချက်အလက်များကို သိလိုကြသည်။**

- သင်၏ ရည်ရွယ်ချက်များနှင့်မျော်လင့်ချက်များကို ဝေငှပေးပါ။
- လူတိုင်းသူတို့၏ အခန်းကဏ္ဍနားလည်သဘောပေါက်သည်ကို သိရှိပါ။
- လူတို့သည် တစ်စုံတစ်ခုသိသည်ဟု မထင်မှတ်ပါနဲ့၊သူတို့ကို ပြောပြပေးပါ။
- အချက်အလက်များအားလုံးကို တိုက်ရိုက်ဝေငှပေးပါ။

**၃။ မည်ကဲ့သို့ လူများကို စီမံခန့်ခွဲမည်နည်း**

လူများကို ပို၍ စီမံခန့်ခွဲရန်အတွက် သင်လိုက်လျှောက်နိုင်သော အခြေခံ အဆင့်အချို့ကို ဖော်ပြထားပါသည်။

**အဆင့်(၁) သူတို့ကို ပါဝင်စေပါ**

- ပါဝင်လုပ်ဆောင်ရန်အတွက် သူတို့ကို ခေါ်ဖိတ်ပါ။
- သူတို့၏ ဝိညာဉ်ဆုကျေးဇူးများကို အသုံးပြုရန်အတွက် အားပေးပါ။

**အဆင့်(၂) သူတို့ကို ရှိသေလေးစားပါ**

- သူတို့၏ ထည့်ဝင်မှုကို တန်ဖိုးထားပါ။
- သူတို့၏ အကြံအဉာဏ်များကို တောင်းပါ။

**အဆင့်(၃) သူတို့ကို သင်တန်းပို့ချပေးပါ။**

- သူတို့၏ အရည်အချင်းများနှင့် အစွမ်းအစများ တိုးတက်ရန်အတွက် ကူညီပေးပါ။
- သူတို့ကို သင်တန်းသို့စေလွှတ်ပါ (သို့) သင်တန်းပို့ချပေးပါ

**အဆင့်(၄) သူတို့ကို အသိအမှတ်ပြုပါ**

- သူတို့၏ ပါဝင်မှုအတွက် ကျေးဇူးတင်ပါ။
- သူတို့၏ အောင်မြင်မှုအတွက် ယုံကြည်မှုကိုပေးပါ။

**အဆင့်(၅) သူတို့ကို ဆုချပေးပါ**

- လက်ဆောင်အနည်းငယ်နှင့်သင်၏ ချီးမွမ်းခြင်းကိုဖော်ပြပါ။
- နေ့လည်စာ(သို့)လက်ဖက်ရည်နှင့် သူတို့ကို ဧည့်ခံပါ။

**၄။ အသင်းတော် အမှုဆောင်များ၏ ခြားနားသော ပုံစံများကို စီမံခန့်ခွဲခြင်း**

**၁။ လခစား အသင်းတော်အမှုဆောင်များကို စီမံခန့်ခွဲခြင်း**

- သူတို့သည် သင့်သာသနာလုပ်ငန်းအဖွဲ့၏ အစိတ်အပိုင်းများ ဖြစ်သောကြောင့် သူတို့ကို ကောင်းစွာ ဆက်ဆံပြီး၊ ထောက်ပံ့ပေးပါ။
- လှုပ်ရှားမှုများမဟုတ်ဘဲ၊ တာဝန်ဝတ္တရားများကို သူတို့အားခွဲဝေပေးရန် လိုအပ်ပါသည်။
- အသင်းအဖွဲ့ လုပ်ငန်းသည် ဦးစားပေးမှုတစ်ခု ဖြစ်သောကြောင့် အားလုံးအတူတကွ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- လူတိုင်းသည် တာဝန်ဝတ္တရားနှင့် အခွင့်အာဏာတို့၏ ရှင်းလင်းသော နေရာများ လိုအပ်မည်ဖြစ်သည်။

**၂။ အသင်းတော် ခေါင်းဆောင်များကို စီမံခန့်ခွဲခြင်း**

- တိကျသော ရည်ရွယ်ချက်(သို့) သာသနာလုပ်ငန်း နေရာများ၌ သူတို့ကိုတာဝန်ပေးအပ်ပါ။
- သင်၏ အခွင့်အာဏာနှင့် ထိန်းချုပ်များကို ထိန်းသိမ်းစောင့်ရှောက်ပါ။
- ဦးဆောင်လမ်းပြမှုနှင့် အကူအညီများကို ပေးပါ။
- သင်တန်းပို့ချခြင်းကို စဉ်ဆက်မပြတ်လုပ်ဆောင်ပါ။
- သင်၏ သာသနာလုပ်ငန်းကို ပြိုကွဲစေသူများကို သတိထားပါ။
    - မိမိဖာသာလုပ်ဆောင်လိုသောသူများ၊
    - သင်၏ အခွင့်အာဏာထဲသို့ ဆက်ကပ်အပ်နှံမှုမရှိသူများ၊

**၃။ စေတနာ့ဝန်ထမ်းများကို စီမံခန့်ခွဲခြင်း**

- အားပေးတတ်သူနှင့် နိုးဆော်တတ်သူဖြစ်ပါစေ
- သူတို့အတွက် တိကျသော ရည်ရွယ်ချက်များကို ထားပါ။
- လုပ်ငန်းတာဝန်များကို သတ်မှတ်ရက်နှင့်အတူ ပေးအပ်ပြီး၊ ပြီးမြောက်စေရန်အတွက် သွန်သင်ပေးပါ။
- အနာဂတ်ခေါင်းဆောင်များကို တိုးတက်စေရန်အတွက် နည်းပေးလမ်းညွှန်မှုကို ပေးပါ။
- အသစ်အဆန်း(သို့)အကြံဉာဏ်သစ်များကို အားပေးပါ။
- တိုက်ရိုက်စီမံအုပ်ချုပ်မှုအတွက် ခေါင်းဆောင်တစ်ဦး(သို့) အမှုဆောင်တစ်ဦးအား တာဝန်ပေးအပ်ပါ။

**လူများကို စီမံခန့်ခွဲမှုလေ့ကျင့်ခန်း**

ညွှန်ကြားချက်များ– ဘယ်ဖက်အကွက်ရှိ ရေးသားထားသော အခြေအနေတစ်ခုစီအတွက် အသုံးပြုသင့်သော (သို့) အသုံးပြုနိုင်သော သင့်လျှော်သည့် အောက်ပါခေါင်းဆောင်မှု ပုံစံလေးခုကို ရေးသားထားပါ။

(ညွှန်ကြားချက်၊ စည်းစနစ်ကျခြင်း၊ အသင်းအဖွဲ့ကို တည်ထောင်သူ၊ လက်တွေ့လုပ်ဆောင်ခြင်း)

| **အခြေအနေ** | **အသုံးပြုရန်ခေါင်းဆောင်မှုပုံစံများ** |
|---|---|
| ၁။ သင်သည် အသင်းတော်အတွက် ကွန်ပျူတာ တစ်လုံးကို ပေးလှူခဲ့ပြီး၊ ၎င်းကို အကောင်းဆုံး မည်သို့အသုံးပြုမည်ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။ | |
| ၂။ သင်သည် ထောင်တွင်း သာသနာလုပ်ငန်းကို စတင်ပြီး၊ အခြားသာသနာလုပ်ငန်းများမှ လိုအပ်သော ပစ္စည်းများကို ရယူလိုသော ဆန္ဒမရှိသူဖြစ်သည်။ | |
| ၃။ သင်၏ ကိုးကွယ်ခြင်းအဖွဲ့သည် ကိုးကွယ်ခြင်း ဦးဆောင်သူ အကြောင်းကို ငြီးတွားပြီးလာရောက် တိုင်ကြားကြသည်။ | |
| ၄။ သင်သည် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ ဧဝံဂေ လိကိုပို၍ လုပ်ဆောင်လိုသည်ကို သိသော်လည်း ၎င်းကိုအကောင်းဆုံး မည်သို့ ဆောင်ရွက်ရမည်ကို သေချာမှုမရှိပါ။ | |
| ၅။ သင်သည် မြို့၏ အခြားတစ်ဘက်၌ ပို၍ကြီးမားသော နေရာသစ်တစ်ခုသို့ သင်၏ အသင်းတော်ကို ပြောင်းရွှေ့ လိုက်သည်။ | |

| | |
|---|---|
| ၆။ လူအချို့သည် ကိုးကွယ်ခြင်း အကြောင်းနှင့် မကျေမနပ် ဖြစ်ကာ၊ တစ်စုံတစ်ခုကို လုပ်ဆောင်ရာ၌ ခြားနားစွာ စဉ်းစား တွေးခေါ်ရန်အတွက် သင့်ကို လိုချင်ကြသည်။ | |
| ၇။ သင်၏ ကလေးသာသနာလုပ်ငန်းသည် ၎င်း၏ရည်မှန်းချက် ပန်းတိုင်များကို အောင်မြင်မှုမရှိ သည်သာမက၊တိုးတက်မှုလည်း ကျဆင်းလျှက် ရှိသည်။ | |
| ၈။ လူများသည် အနီးနား၌ အသင်းတော်အသစ် တစ်ခုကို စတင်ရန်အတွက် သင်၏ အသင်းတော်ကို ထားရစ်ခဲ့ကြသည်။ | |
| ၉။ မြို့ရှိအခြားသောအသင်းတော်သည် သူတို့၏အစီအစဉ်များကို လုပ်ဆောင်ရန်အတွက် သင်၏ အသင်းတော်ကို အသုံးပြုနိုင်မည့် အကြောင်း ခွင့်တောင်းကြသည်။ | |
| ၁၀။ သင်၏ အသင်းတော်၌ အချင်းချင်းအတင်း ပြောသော ပြဿနာတစ်ခု ရှိသည်။ | |

# အခန်း (၇)

## ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်း

''သူတစ်ပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။''(မဿဲ ၅း၉)

အသင်းတော်(သို့) သာသနာ့ခေါင်းဆောင်တိုင်းက ပြဿနာသည် အဖွဲ့အစည်းတိုင်း၌ မလွဲမရှောင်သာသော ကိစ္စတစ်ခုဖြစ်သည်။ အစောကပြောခဲ့သည့်အတိုင်း၊ အသင်းတော်သည် လူများအကြောင်းဖြစ်ပြီး၊ အချင်းချင်း ဆက်နွယ်မှုများအပေါ်တွင် အခြေခံထားသည်။ ဘုရားသခင်နှင့် ပြဿနာကို အပြစ်ဟုခေါ်သည်။ အချင်းချင်းအကြား ပြဿနာသည်လည်း အပြစ်ထဲသို့ သွေးဆောင်နိုင်ပြီး၊ ကျွန်တော်တို့သည် အပြစ်ထဲသို့ မကျရောက်မည့်အကြောင်း သတိရှိရမည်ဖြစ်သည်။ ''နှောင့်ရှက်တတ်သော ဒုစရိုက်ကိုင၎်းပယ်ရှား၍''(ဟေဗြဲ၁၂း၁)။ ယေရှု၏ တောင်ပေါ်ဒေသနာ၊ ဖြစ်သော ရှင်မဿဲခရစ်ဝင်ကျမ်း–၅း၉တွင် ''တစ်ပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့'' ဟု မိန့်တော်မူခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့အားခိုက်ရန် ပြုခြင်းကို ငြိမ်းစေသူများဖြစ်ရန်အတွက် ခေါ်ခြင်းဖြစ်ပြီး၊ ၎င်းအတွက် ပြင်ဆင်ရန်လိုအပ်ကာ၊ သမ္မာကျမ်းစာ နည်းလမ်းအတိုင်း ဖြေရှင်းနှင့်အကြောင်းရင်းများ၊ ၎င်းကို သမ္မာကျမ်းစာနည်းလမ်းအတိုင်း မည်ကဲ့သို့သိရှိပြီး၊ ဖြေရှင်းရမည်အကြောင်း စသည်တို့ကို ကျွန်တော်တို့ လေ့လာကြမည်ဖြစ်သည်။

**၁။ အဘယ်ကြောင့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် သင်ယူခြင်းသည် အလွန်အရေးကြီးသနည်း။**

**၁။ ပြဿနာများသည် အချိန်တိုင်းအသင်းတော်၌ ရှိစမြဲဖြစ်သည်။**

- လူတွေနှင့်အတူရှိသည့်အချိန်တိုင်း၌ ပြဿနာရှိသည်။
- စစ်မှန်သော အမှန်တရားရှိသည့်အတိုင်း ဆက်စပ်မှုရှိသော နားလည်သဘောပေါက်မှုလည်း ရှိပါသည်။

**၂။ အသင်းတော်ပြဿနာအများစုသည် ပဋိပက္ခများနှင့်ဆက်စပ်လျက်ရှိသည်။**

- သူတို့သည် အသင်းတော်ကို ဆုပ်ကိုင်ထားပြီး ကြီးထွားတိုးတက်မှုအတွက်လည်း တားဆီးပေးနိုင်သည်။
- သေးငယ်သော ဝိရောဓိများသည် ကြီးသောပြဿနာများ ဖြစ်လာနိုင်ပါသည်။

**၃။ ပြဿနာသည် လွယ်ကူစွာပျံ့နှံ့နိုင်ပြီး၊ အသင်းတော်ကို ကွဲပြားစေနိုင်ပါသည်။**

''အိမ်သည်လည်း မိမိနှင့်မသင့်မတင့် ကွဲပြားလျှင် မတည်နိုင်ရာ။'' (မာကု၃း၂၅)

- ဆန့်ကျင်ဘက်ဖြစ်သော အမြင်များကို ဖန်တီးခြင်းဖြင့်၎င်း၊
- သင်း၏ အခွင့်အာဏာကို လျော့ချစေခြင်းဖြင့်၎င်း၊

**၄။ ပြဿနာကို ထိရောက်စွာ ကိုင်တွယ်ခြင်းသည် အသင်းတော်ရှေ့သို့ သွားရန်အတွက် ဖြစ်စေသည်။**

- ကြီးထွားရန်အတွက် အတားအဆီးများကို ဖယ်ရှားပါ၊
- နားလည်သဘောပေါက်ခြင်းနှင့် ရှေ့လာမည့် ပြဿနာဖြေရှင်းခြင်းအတွက် အဖွဲ့အစည်းဘောင် တစ်ခုကို ဖန်တီးပါ၊

**၂။ ပြဿနာ၏ အရင်းအမြစ်များ**

**(၁) အသင်းဝင်များအချင်းချင်းအကြား**

- အမြင်မတူညီမှုများ
- မတူညီသော အတွေ့အကြုံများ
- မတူညီသော ရည်မှန်းချက်ပန်းတိုင်များနှင့်အစီစဉ်များ

**(၂) သင်းအုပ်နှင့်အသင်းသူ/သားများအကြား**

- မတူညီသောရည်ရွယ်ချက်များ
- မတူညီသောအားပေးနိုးဆော်မှုများ
- မတူညီသောပုံစံများ

**(၃) ယဉ်ကျေးမှု ထုံတမ်းစဉ်လာနှင့် ခေတ်သစ်အမြင်များအကြား**

- ဆန်ကျင်ဘက် လွတ်လပ်မှုပုံစံ

- အားပေးနှစ်သိမ့်မှုနှင့်ဆက်စပ်ပတ်သက်မှု၏ ဆန့်ကျင်ဘက်
- အယူအဆတသမတ်တည်းဖြစ်ခြင်းနှင့် လိုက်လျော်ညီထွေမှု၏ ဆန့်ကျင်ဘက်

**(၄) မျိုးဆက်အချင်းချင်းအကြား**

- လက်ရှိနှင့်ၚင်းအပြင်
- လူငယ်နှင့်လူကြီး ဆန့်ကျင်ဘက်
- ကျယ်လောင်မှုနှင့်ပျော့ပြောင်းမှု ဆန့်ကျင်ဘက်

**(၅) သာသနာလုပ်ငန်းများအကြား**

- ပစ္စည်းဥစ္စာများအတွက် ပြိုင်ဆိုင်ခြင်း
- လူများအတွက် ပြိုင်ဆိုင်ခြင်း
- ကျော်စောခြင်းအတွက် ပြိုင်ဆိုင်ခြင်း

**၃။ ပြဿနာကို ဖြစ်စေသော အကြောင်းအရာများ**

ပြဿနာအားလုံးသည် အကြောင်းရင်းသုံးခုမှ ဖြစ်ပေါ်လာကြောင်း အောက်တွင် ဖော်ပြထားပါသည်။

**(၁) စာတန်မာရ်နတ်**

➢ သူတို့သည် အပြစ်ကို ပြုလုပ်ရန်အတွက် ကျွန်ုပ်တို့ကို အမြဲသွေးဆောင်ဖြားယောင်လျက်ရှိသည်။

''သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။'' (၁ပေ ၅း၈)

**(၂) ကျွန်ုပ်တို့၏ အပြစ်ရှိခြင်းသဘော**

➢ ကျွန်ုပ်တို့သည် အပြစ်ရှိသောသူများအဖြစ် မွေးဖွားလာကြသည်။ၚင်းသည် ကျွန်ုပ်တို့၏ သဘာဝဖြစ်သည်။

''အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သော အကျင့်ကို မကျင့်နိုင်ကြ။'' (ဂလာတိ ၅း၁၇)

**(၃) အပြစ်နဲ့ပြည့်နှက်နေသော လောကကမ္ဘာ**

➢ ကျွန်ုပ်တို့၏ ကမ္ဘာသည် ပျက်စီးယိုယွင်းနေပြီး၊ ကျွန်ုပ်တို့ကိုလည်း ပျက်စီးစေရန်အတွက် ကြိုးစားလျက်ရှိသည်။

''လောက၌ရှိသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက် ခြင်း၊လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့် သာစပ်ဆိုင်ကြ၏။'' (၁ယော ၂း၁၆)

**(၄) ပြဿနာအတွက် အကြောင်းရင်းများ**

**က။ ဆုတောင်းခြင်း၊ ဆင်ခြင်အောက်မေ့ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း စသည့်တို့လုပ် ဆောင်ပြီးနောက် ရူပါရုံ(သို့) ရည်မှန်းချက် ပန်းတိုင်များ ရှင်းလင်းမှုမရှိခြင်း။**

- အုပ်စုများ(သို့)လူတို့တွင် မကူညီသော ရူပါရုံ(သို့) ရည်မှန်းချက်ပန်တိုင်များ ရှိကြသည်။
- အဓိကဇဟိုကျသော ရူပါရုံဟူ၍ မရှိပါ။
  ''ဗျာဒိတ်တော်မရှိလျှင် လူတို့သည် အကျိုးနည်းဖြစ်ကြ၏။'' (သုတ္တံ ၂၉း၁၈)

**ခ။ စည်းစနစ်ကျသော စီမံကိန်းတစ်ခုမရှိခြင်း**

- နေရာတစ်ခု၌ အဓိကအကြောင်းအရာများကို ဦးစားပေး လုပ်ဆောင်ရန်အတွက် စီမံကိန်းမရှိခြင်း။
- လူတို့သည် ပူးပေါင်းလုပ်ဆောင်မှုအတွက် လိုအပ်ချက်မဟုတ်ဘဲ၊ လူပုဂ္ဂိုလ်ပေါ် အခြေခံပြီး ပစ္စည်းဥစ္စာများ အတွက် ယှဉ်ပြိုင်ကြသည်။
- လူတို့သည် ရှေ့အနာဂတ်လိုအပ်မှုအတွက် မဟုတ်ဘဲ၊ လက်ရှိအခြေအနေပေါ် အခြေခံပြီး ပစ္စည်းဥစ္စာများ အတွက် ယှဉ်ပြိုင်ကြသည်။
- အသင်းတော် ပစ္စည်းဥစ္စာများ၏ အဖွဲ့အစည်းဟူ၍ မရှိပါ။

**ဂ။ ကောင်းသော တပည့်တော်မဖြစ်စေခြင်း**

- လူတို့သည် ခရစ်ယာန်ယုံကြည်မှု အခြေခံသဘောတရားများကို မသွန်သင်ခဲ့ကြပေ။
- ခရစ်ယာန်တန်ဖိုးကို အသင်းတော် ခေါင်းဆောင်မှုအားဖြင့် မဖော်ပြကြပေ။
- သမ္မာကျမ်းစာအတိုင်း ပြဿနာဖြေရှင်းခြင်းအကြောင်း မသွန်သင်ခဲ့ကြပေ။

**ဃ။ ဆက်သွယ်မှု အားနည်းခြင်း**

- လူတို့သည် အခြားအသင်းတော်၏လိုအပ်ချက်များကို မသိကြပေ။
- လူတို့သည် တစ်ဦးနှင့်တစ်ဦးပုံမှန်ဆက်သွယ်မှု မရှိကြပေ။
- ဆက်သွယ်မှုသည် တန်ပြန်လုပ်ဆောင်ရမည့်အရာ ဖြစ်သည်။

**င။ ပြဿနာများကို မဖြေရှင်းခြင်း**

- ပြီးခဲ့သော ပြဿနာများကို ဘယ်တော့မှ မဖြေရှင်းပါ။
- လက်ရှိပြဿနာများကို လျစ်လျူရှုကြသည်။
- ဖြစ်လာမည့်ပြဿနာများကို ကြိုတင်၍ မပြင်ဆင်ကြပါ။

**(၅) ပြဿနာကို သိရှိခြင်း**

**က။ ထင်ရှားသော လက္ခဏာများ**

- စိတ်ခံစားမှုဖွင့်ထွက်ခြင်း
- ရေးသားသော မကျေနပ်မှုများ
- အတင်းအဖျင်းပြောခြင်း၊ ကောလာဟလစကားများ

**ခ။ ပေါ်လွင်မှုနည်းသော လက္ခဏာများ**

- အသင်းတော်လှုပ်ရှားမှုများမှ မပါဝင်ခြင်း။
- စီမံကိန်းနှေးကွေးခြင်း(သို့)ရပ်တန့်ခြင်း။
- ဆက်နွယ်မှုမရှိခြင်း။

**(၆) ပြဿနာကို ဖြေရှင်းခြင်း**

''ထို့ကြောင့်သင်၏ ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊ သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏အပြစ်ကိုပြ၍ ဆုံးမလော့။ သူသည် သင်၏ စကားကို နားထောင်လျှင် ညီအစ်ကိုကိုရပြီ။ သို့မဟုတ် သင်၏စကားကို နားထောင်လျှင် လူနှစ်ဦး၊ သုံးဦး သက်သေခံ၍ စကားရှိသမျှတို့ကို တည်စေခြင်းငှါ ကိုယ်နှင့်အတူ လူတစ်ဦး၊ နှစ်ဦးကို ခေါ်ဦးလော့။ ထိုသူတို့၏ စကားကိုနားမထောင်လျှင် အသင်းတော်အား ကြားပြောလော့။ အသင်းတော်၏ စကားကို နားမထောင်လျှင် သာသနာပလူကဲ့သို့၎င်း၊ အခွန်ခံကဲ့သို့ ၎င်းထိုသူကို မှတ်လော့။'' (မဿဲ ၁၈း၁၅–၁၇)

**၁။ သင်သည်တစ်စုံတစ်ဦးနှင့် ပြဿနာရှိသည့်အခါ**

''ကိုယ်မျက်စိ၌ရှိသော တံကျင်ကို မမြင်စမှတ်ဘဲလျက် ညီအစ်ကိုသင်မျက်စိ၌ရှိသော ငြောင့်ငယ်ကို ထုတ်ပါရစေဟု အဘယ်သို့ ညီအစ်ကိုအား ဆိုရသနည်း။ လျှို့ဝှက်သောသူ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာထုတ်လော့။ နောက်မှညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကိုထုတ်ခြင်းငှါ ရှင်းလင်းစွာဖြစ်လိမ့်မည်။'' (လုကာ၆း၄၂)

**(၁) ပြဿနာသည် သင်၏အပြစ်ဖြင့်ကြောင်း ဝန်ခံပါ။**

- သင်၏ပြဿနာ နေရာများကိုသိပြီး၊ မိမိကိုယ်အပေါ် ရိုးသားမှုရှိပါ။ (ဥပမာ–စကားပြောကြမ်းခြင်း၊ မကောင်းကြောင်းပြောခြင်း၊ အတင်းအဖျင်းပြောခြင်း၊ စိတ်မရှည်ခြင်း)

(၂) သင်တာဝန်ရှိသော ပြဿနာအစိတ်အပိုင်းအတွက် ဦးစွာဝန်ချတောင်းပန်ပါ။

- သင်နှင့်ပြဿနာရှိသော ပုဂ္ဂိုလ်တစ်ဦးဆီသို့ ချဉ်းကပ်သည့်အခါ ထိုရည်ရွယ်ချက်နှင့်အတူ ပြုလုပ်ပါ။

(၃) သင်၏အမှားအတွက် ခွင့်လွှတ်ခြင်းကို ရှာဖွေပါ။

- သင်တို့အပေါ် သင်ပြုခဲ့သော အမှားအတွက် သူတို့ထံမှ ခွင့်လွှတ်ခြင်းကို တောင်းခံသည့် အတိုင်း ယခုသင့်အပေါ် သူတို့လုပ်ခဲ့သော အကြောင်းကို သင်ပြောပြနိုင်ပါသည်။

(၄) ခွင့်လွှတ်သည့်အခါ သင်၏ပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သည်။

(၅) သင်သည် ခွင့်လွှတ်ခြင်းမခံရလျှင်၊ ရှင်မဿဲခရစ်ဝင်ကျမ်း ၁၈း၁၅–၁၇ ဖော်ပြသည့်အတိုင်း တစ်ဦး(သို့) တစ်ဦးထက်မက လူများကိုရယူပါ။

**၁။ သင်သည် တစ်စုံတစ်ဦးနှင့် ပြဿနာရှိသည့်အခါ–**

''ကိုယ်မျက်စိ၌ရှိသော တံကျင်ကို မမြင်မမှတ်ဘဲလျက်၊ ညီအစ်ကို သင်၏မျက်စိ၌ရှိသော ငြောင့်ငယ်ကို ထုတ်ပါရစေဟု အဘယ်သို့ ညီအစ်ကိုအား ဆိုရသနည်း။ လျှို့ဝှက်သောသူ၊ ကိုယ်မျက်စိ၌ရှိသော တံကျင်ကို ရှေးဦးစွာ ထုတ်လော့။ နောက်မှညီအစ်ကို မျက်စိ၌ရှိသော ငြောင့်ငယ်ကိုထုတ်ခြင်းငှါ ရှင်းလင်းစွာမြင်လိမ့်မည်။''(လုကာ ၆း ၄၂)

**၁။ ပြဿနာသည် သင်၏အပြစ်ဖြစ်ကြောင်း ဝန်ခံပါ**

✔ သင်၏ ပြဿနာနေရာများကိုသိပြီး၊ မိမိကိုယ်အပေါ် ရိုးသားမှုရှိပါ။ (ဥပမာ–စကားပြောကြမ်းခြင်း၊ မကောင်းပြောခြင်း၊ အတင်းအဖျင်းပြောခြင်း၊ စိတ်မရှည်ခြင်း)

**၂။ သင်တာဝန်ရှိသော ပြဿနာအစိတ်အပိုင်းအတွက် ဦးစွာဝန်ချတောင်းပန်ပါ**

✔ သင်နှင့်ပြဿနာရှိသော ပုဂ္ဂိုလ်တစ်ဦးဆီသို့ ချဉ်းကပ်သည့်အခါ၊ထိုရည်ရွယ် ချက်နှင့်အတူ ပြုလုပ်ပါ။

**၃။ သင်၏ အမှားအတွက် ခွင့်လွှတ်ခြင်းကို ရှာဖွေပါ**

✔ သူတို့အပေါ် သင်ပြုခဲ့သော အမှားအတွက် သူတို့ထံမှခွင့်လွှတ်ခြင်းကို တောင်းခံသည့်အတိုင်း၊ ယခုသင့်အပေါ် သူတို့ လုပ်ခဲ့သောကြောင်းကို သင်ပြောပြနိုင်ပါသည်။

**၄။ ခွင့်လွှတ်သည့်အခါ၊ သင်၏ပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သည်။**

**၅။ သင်သည် ခွင့်လွှတ်ခြင်းမခံရလျှင်၊ ရှင်မဿဲခရစ်ဝင်ကျမ်း ၁၈း၁၅–၁၇ ဖော်ပြသည့်အတိုင်း တစ်ဦး(သို့) တစ်ဦး ထက်မက လူများကို ရယူပါ။**

**၂။ သင်သည် ပြဿနာတစ်ခုကို ဆင်ခြင်းစဉ်းစားရန်ခေါ်သည့်အခါ**

**၁။ ပြဿနာကို သိပါ။**

- ✔ ရောဂါလက္ခဏာမဟုတ်ဘဲ၊ ပြဿနာအကြောင်းကို သိပါ။
- ✔ ပြဿနာနှင့်၎င်းအတွက် တာဝန်ရှိသူသည်မည်သူဖြစ်သည် အပေါ်လူတိုင်းသည် သဘောတူညီမှုရှိမည်မှာ သေချာပါသည်။ လိုအပ်လျှင် သူတို့ကိုတစ်ယောက်ပြီးတစ် ယောက်ခွင့်လွှတ်နိုင်ရန်အတွက် သူတို့ကျူးလွန်ခဲ့သော အပြစ်များကို ရေးသားပါ။

**၂။ ပါဝင်သောသူများကို သိပါ။**

- ✔ အမှန်တကယ်ပါဝင်သောသူကို သိပါ။
- ✔ သူတို့မည်ကဲ့သို့ ပါဝင်သည့်အကြောင်းသိပါ။ (သူတို့၏အပြစ်သည် မည်သည့်အရာဖြစ်သနည်း)
- ✔ သူတို့ပါဝင်ရသည့် အကြောင်းရင်းကို ဆုံးဖြတ်ပါ။

**၃။ ၎င်းကို သမ္မာကျမ်းစာအတိုင်း ဖြေရှင်းပါ။**

- ✔ သင်လုပ်ဆောင်မှုတိုင်း၌ ဘုရားသခင်ဘုန်းကို ထင်ရှားစေပါ။
- ✔ လူတိုင်းသူတို့၏ အပြစ်များအတွက် ဝန်ချတောင်းပန်စေပါ။(လုကာ ၆း၄၂)
- ✔ ခွင့်လွှတ်ခြင်းအတွက် သူတို့အားတောင်းလျှောက်စေပါ။
- ✔ ခွင့်လွှတ်ခြင်းခံရလျှင်၊ ပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သည်။
- ✔ ခွင့်လွှတ်ခြင်းမခံရပါက၊ သက်သေများနှင့်တကွ ဆက်လက်လုပ်ဆောင်ပါ။(မဿဲ ၁၈း၁၅–၁၇)

**၄။ ၎င်းကို ငြိမ်းချမ်းစွာဖြေရှင်းပါ။**

- ✔ ပြဿနာသည် အခွင့်အရေးများကို ကူညီပေးသည်။
- ✔ ပြဿနာကို ဖြေရှင်းရန်ကြိုးစားရာ၌ အပြစ်မလုပ်မိစေနဲ့။
- ✔ ခန့်မှန်းခြင်းဖြင့် ကိစ္စများကို ဆိုးရွားအောင်မလုပ်ပါနဲ့။အချက်အလက်များကို ရယူပါ။
- ✔ အကြီးမားဆုံးသော ပညတ်ချက်များကို သတိရပါ။

– ဘုရားသခင်ကို ချစ်လော့။

''ယေရှုက၊ သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့။'' (မဿဲ ၂၂း၃၇)

– ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။

''ထိုမှတပါးကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော အရာသည် ဒုတိယပညတ်ဖြစ်၏။'' (မဿဲ ၂၂း၃၉)

## ၇။ ပြဿနာအပြင် သိရှိရမည့်အရာများ

**၁။ ကျွန်တော်တို့သည် မိမိလုပ်ဆောင်သော အရာများအတွက်သာ တာဝန်ရှိကြသည်။**

✔ ဉာဏ်ပညာရှိစွာ အသက်ရှင်ပါ

''ထို့ကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ကျင့်ဆောင်မည် အကြောင်း သတိပြုကြလော့။'' (ဧဖက် ၅း၁၅)

✔ ဘုရားသခင်တစ်ပါးတည်းသာလျှင် စိတ်နှလုံးကို ပြောင်းလဲစေနိုင်သည်

''ထိုအခါ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သင့်အပေါ်မှာသက်ရောက်သဖြင့်၊ သင်သည်သူတို့နှင့်အတူ ပရောဖက်ပြု၍ ခြားနားသောသူ ဖြစ်လိမ့်မည်။'' (၁ရာ ၁၀း ၆)

**၂။ ခွင့်လွှတ်ခြင်းသည် တန်ခိုးရှိသည်**

✔ ပြဿနာများကို သင့်ဘေးတွင် ချထားပါ

✔ ယေရှုမိန့်တော်မူသော စကားအတိုင်း–''သွားလော့၊ နောက်တဖန်ဒုစရိုက်ကို မပြုနှင့်။''

''ငါသည်လည်း သင်၏အမှုကို မစီရင်၊သွားလော့။နောက်တဖန်ဒုစရိုက်ကို မပြုနှင့်ဟု မိန့်တော်မူ၏။'' (ယော ၈း၁၁)

**၃။ ပြဿနာကို ငြိမ်းစေသောသူဖြစ်ပါ**

''သူတပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရ ကြလတံ့။'' (မဿဲ ၅း၉)

**၈။ ပြဿနာသည် အမြဲတမ်းဆိုးသည်မဟုတ်ပါ**

**၁။ အပြစ်မပါဘဲ ပြဿနာရှိနိုင်သည်။(ဥပမာ–တူညီသောပြဿနာ ဖြေရှင်းရာတွင် မတူညီသော သဘောထား အမြင်နှစ်ခု–နှစ်ခုစလုံးသည် ကောင်းသောအကျိုးအတွက် အကောင်းဆုံးရလဒ်ကို ရရှိရန်အတူတကွ လုပ်ဆောင်ကြသည်)**

၂။ ပြဿနာသည် တစ်စုံတစ်ခုရည်ညွှန်းရန်လိုအပ်သည်ကို သိနိုင်သည်။ (ဥပမာ–ကောင်းသောရလဒ်အတွက် ညှိယူရန်လိုအပ်သော ဖြစ်စဉ်တစ်ခု(သို့) အနက်အဓိပ္ပါယ် ဖော်ပြရန်လိုအပ်သော လုပ်နည်းလုပ်ဟန်တစ်ခု)

**ပြဿနာကို ကိုင်တွယ်ဖြေရှင်းခြင်းလေ့ကျင့်ခန်း**

| အသင်းတော်ပြဿနာများ၏ဥပမာများ | ကောင်းသောဖြေရှင်းချက်များ |
|---|---|
| ၁။ လူငယ်သာသနာလုပ်ငန်း ခေါင်းဆောင်မှုသည် ငွေကြေးဥစ္စာများနှင့် ခွဲဝေထားသော နေရာအတွက် မပျော်ရွှင်ဘဲ၊ ပို၍ လိုအပ်ကြောင်း ပြောကြသည်။ | |
| ၂။ သင်းထောက်အုတ်အဖွဲ့သည် အသင်းတော်အတွက် ဦးဆောင်မှု အသစ်တစ်ခုအပေါ် သင်းအုပ်ဆရာနှင့် သဘောထား ကွဲလွဲကြသည်။ | |
| ၃။အဖွဲ့အစည်း၏ အသင်းဝင်ဟောင်းအချို့သည် သင်တို့ အသုံးပြု နေသော ကိုးကွယ်ခြင်း ဂီတအသစ်အတွက မကျေနပ်မှုများ ဖြစ်ပေါ်လာပြီး၊ ‘‘ပို၍ဟောင်းသော’’သီချင်းများကို နှစ်သက်ကြသည်။ | |
| ၄။ သင့်အဖွဲ့အစည်းထဲ၌ မိသားစုနှစ်ခုသည် မြေကွက်အပေါ် တရား ဥပဒေနှင့် ခါးသီးသော အငြင်းပွါးမှုတစ်ခုဖြစ်ကြပြီး၊ အသင်းဝင်များနှစ်စု စတင်ကွဲပြားကြသည်။ | |
| ၅။ သင်၏ ကိုးကွယ်ခြင်း ဦးဆောင်သူသည် ကိုယ်ကျင့်တရား ဖောက်ပြန်၍၊ ဖိုမဆက်ဆံမှုရှိကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်လာသည်။ | |

# အခန်း(၈)

## <u>တပည့်တော်များဖြစ်စေခြင်း</u>

''သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။'' (မဿဲ ၂၈း၁၉)

လောက၌ အသင်းတော်သည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ဆက်သွယ်ခြင်းထဲသို့ လူများကို ဆွဲခေါ်ရန်အတွက် တည်ထောင်ခြင်းဖြစ်သည်။ ''လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။'' (ယော–၃း၁၇)။ အသင်းတော် ခေါင်းဆောင်များဖြစ်သည့်အတိုင်း၊ ကျွန်ုပ်တို့၏ အဓိကဦးစားပေးသော အရာသည် အသင်းတော်ကို စီမံခန့်ခွဲရန်မဟုတ်ဘဲ၊ အခြားသူများကို ခရစ်တော်ထံသို့ ပို့ဆောင်ရန်ဖြစ်သည်။ ၎င်းကို တပည့်တော်ဖြစ်စေခြင်းဟုခေါ်သည်။ ကျွန်တော်တို့သည် ဟောပြောခြင်း၊ ဆုံးမသွန်သင်ခြင်း၊ ဧဝံဂေလိဝေငှခြင်း(သို့) ကိုးကွယ်ခြင်း စသည်တို့ကို လုပ်ဆောင်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် အခြားသူများအထဲ၌ ခရစ်တော်၏ ပုံသဏ္ဍာန်တော်ကို မြင်တွေ့ရန်အတွက် ဖြစ်ရမည်။ (ဂလာတိ ၄း၁၉)။ ဤအခန်းတွင် တပည့်တော်ဖြစ်စေခြင်း၊ ၎င်း၏ရည်ရွယ်ချက်၊ အခြေခံသဘောတရားများ နှင့်ဖြစ်စဉ်၊ စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာခြင်း၏ အရေးကြီးပုံစသည်တို့ကို လေ့လာကြမည်ဖြစ်ပါသည်။

**ဆုံးမသွန်သင်ခြင်းနှင့် တပည့်တော်ဖြစ်စေခြင်းအကြား ခြားနားချက်မှာအဘယ်နည်း။**

- ဆုံးမသွန်သင်ခြင်းသည် အသိပညာ(သို့) အကြောင်းအရာအချက်အလက်များနှင့် အတူကျော်ဖြတ်ခြင်းဖြစ်သည်။ ၎င်းသည် သိရှိခြင်းအကြောင်းဖြစ်သည်။
- တပည့်တော်ဖြစ်စေခြင်းသည် အသိပညာ(သို့)အကြောင်းအရာအချက်အလက်များကို လက်တွေ့အသုံးပြုခြင်းအကြောင်းဖြစ်သည်။ ၎င်းသည် လုပ်ဆောင်ခြင်းအကြောင်းဖြစ်သည်။

**(က) တပည့်တော်ဖြစ်ခြင်း၏ ရည်ရွယ်ချက်**

**၁။ အခြားသူများအထဲ၌ ခရစ်တော်၏ ပုံသဏ္ဌာန်တော်ကို မြင်တွေ့ရန်ဖြစ်သည်။**

''ခရစ်တော်သည် သင်တို့အထဲ၌ တည်လျက်ရှိတော်မူသည်တိုင်အောင် သင်တို့အဘို့ သားဘွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့။'' (ဂလာတိ ၄း၁၉)

– ၎င်းသည် အသင်းတော်၏ ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သည်။

– ပျောက်သောသူကို ရှာတွေ့သောအခါ၊ကောင်းကင်သည် ဝမ်းမြောက်လျှက်ရှိ၏

''ထိုနည်းတူ ငါဆိုသည်ကား၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် နောင်တရသော လူဆိုးတယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်ဟု မိန့်တော်မူ၏။'' (လုကာ ၁၅း၁၀)။

**၂။ အခြားသူများ၏ ဝိညာဉ်ဆုကျေးဇူးများကို တိုးတက်စေရန်ဖြစ်သည်။**

''ကောင်းသောအကျိုးအလိုငှါသာ ဝိညာဉ်တော်ကို လူအသီးအသီးတို့အား ထင်ရှားစွာ ပေးတော်မူလျှက်ရှိ၏။'' (၁ကော ၁၂း၇)

– သင်၏ အသင်းဝင်ဖြစ်ခြင်း၌ အသင့်ရှိပြီးသော ဆုကျေးဇူးများကို ဖော်ထုတ် ပေးရန်။

– သင်၏ အသင်းသားများ ပိုင်ဆိုင်သော ဆုကျေးဇူးများကို အသုံးပြုရန်။

**၃။ သာသနာလုပ်ငန်းအတွက် အခြားသူများကို သင်တန်းပို့ချရန်နှင့် တန်ဆာဆင်ပေးရန် ဖြစ်သည်။**

''ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။'' (၂တိ ၃း၁၆–၁၇)

– အသင်းသူ/သားများအတွက် သာသနာလုပ်ငန်းလုပ်ဆောင်ခြင်း၊

– အသင်းတော်ပြင်ပရှိလူများအတွက် သာသနာလုပ်ငန်းလုပ်ဆောင်ခြင်း၊

**၄။ အသင်းတော်ကြီးထွားမှုကို တိုးပွားစေရန်ဖြစ်သည်။**

– တပည့်တော်များသည် အခြားတပည့်များကို မွေးထုတ်ပေးကြသည်။

''သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် .... ။'' (မဿဲ ၂၈း ၁၉)

– သင်၏သာသနာလုပ်ငန်းကို လူများစွာထံသို့ ကျယ်ပြန့်စေရန်ဖြစ်သည်။

၅။ ၎င်းသည် အခြားခေါင်းဆောင်များ တိုးတက်စေရန်အတွက် ကြိုတင်လိုအပ်သော အချက်တစ်ခုဖြစ်သည်။

– အရည်အချင်းရှိသော ခေါင်းဆောင်များသည် ဦးစွာပထမ တပည့်များဖြစ်ရပါမည်။

– ယုံကြည်ခြင်းပြင်းပြမှုသည် ခေါင်းဆောင်များအတွက် အရေးကြီးသော အရည်အချင်းတစ်ခုဖြစ်သည်။

## (ခ) တပည့်တော်ဖြစ်ခြင်း၏ အခြေခံသဘောတရားများ

### ၁။ တပည့်တော်ဖြစ်ခြင်းသည် ဘယ်တော့မှ အဆုံးမသတ်ပါ။

''. . . . ခရစ်တော်၏ဘာသာ၌ အစဦးဖြစ်သော အကြောင်းအရာတို့ကိုထား၍၊ စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့။'' (ဟေဗြဲ ၆း၁–၂)

- အမြဲဘွဲ့ရသူများဟူ၍ တစ်ဦးမှမရှိပါ။
- ခရီးသည် ပန်းတိုင်ကဲ့သို့ အရေးကြီးသည်။

### ၂။ ၎င်းသည် အသင်းတော်၏ ပထမဆုံးဦးစားပေးသောအရာဖြစ်သည်။

''သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့။'' (မဿဲ ၂၈း၁၉)

- အသင်းတော်သည် ၎င်းရည်ရွယ်ချက်အတွက် တည်ထောင်ခြင်းဖြစ်သည်။
- အသင်းတော်အထဲ၌ ရှိသမျှသည် ၎င်းအတွက် အကျိုးသက်ရောက်မှုရှိကြသည်။
  - လူတို့ကို တပည့်တော်ဖြစ်စေသည့်အတိုင်း၊သူတို့သည် ပို၍အမှုဆောင်ကြမည်ဖြစ်သည်။
  - လူတို့ကို တပည့်တော်ဖြစ်စေသည့်အတိုင်း၊သူတို့သည် အသင်းတော်၌ ပါဝင်ကြမည်ဖြစ်သည်။
  - လူတို့ကို တပည့်တော်ဖြစ်စေသည့်အတိုင်း၊သူတို့သည် အသင်းတော်အား ပို၍ပေးကမ်းကြမည်ဖြစ်သည်။

### ၃။ တပည့်တော်ဖြစ်ခြင်းသည် အချိန်ယူလုပ်ဆောင်ရသော အရာဖြစ်သည်။

- ၎င်းသည် တစ်ညတည်းအတွင်းလျင်မြန်စွာ ဖြစ်လာသောအရာ မဟုတ်ပါ။
- တောင်ထိပ်ပေါ်ကို သင်မည်ကဲ့သို့တက်သနည်း။
  - ခြေလှမ်းတစ်လှမ်းပြီးတစ်လှမ်းတက်ရသည်။

### ၄။ တပည့်တော်ဖြစ်ခြင်းတွင် ကြိုးပမ်းမှုလိုအပ်သည်

- လူတို့သည် အကူအညီ လိုအပ်ကြသည်။
- လူတို့သည် အားပေးမှုကို လိုအပ်ကြသည်။
- လူတို့သည် တာဝန်သိတတ်မှုကို လိုအပ်ကြသည်။

**၅။ တပည့်တော်ဖြစ်ခြင်းသည် လူများကို ပါဝင်စေပါသည်**

- သင်၏ အသင်းသားများကို တပည့်တော်ဖြစ်ဖို့ကူညီရန်အတွက် အခြားသူများ ၏အကူအညီကို ရယူပါ။
- သက်သေခံခြင်းသည် အလွန်ထိရောက်သော ကိရိယာတန်ဆာပလာများ ဖြစ်ကြသည်။
- ခရစ်ယာန်တိုင်းသည် သူတို့နှင့်အတူ လျှောက်လှမ်းရန်အတွက် ညီအစ်ကို မောင်နှမများလိုအပ်ပါသည်။

''တယောက်လဲလျှင် တစ်ယောက်ထူလိမ့်မည်။ တယောက်တည်းသော သူလဲလျှင်မူကား အကျိုးနည်းပြီး။'' (ဒေသနာ ၄း၁၀)

**၆။ တပည့်တော်ဖြစ်ခြင်းသည် အလိုဆန္ဒကို ဖြစ်ပေါ်စေသည်**

- သင်သည် ''အခြားသူများအထဲ၌ ခရစ်တော်၏ သဏ္ဌာန်တော်ကို တွေ့မြင်ရန်'' ဆန္ဒရှိရမည်ဖြစ်သည်။ (ဂလာ ၄း၁၉)
- ကျွန်တော်တို့အားလုံးသည် ယုံကြည်ခြင်း၌ ကြီးထွားရန်အတွက် ဆန္ဒရှိရမည် ဖြစ်သည်။
  ''ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်''(ယာကုပ် ၄း၈)

**(ဂ) တပည့်တော်ဖြစ်ခြင်း၏ဖြစ်စဉ်**

**က။ တပည့်တော်ဖြစ်ခြင်း၏ လက္ခဏာများမှာ အဘယ်နည်း။**

**၁။ ယုံကြည်ခြင်း**

''မျက်မှောက်မမြင်ဘဲ ယုံကြည်မြောင်လင့်ခြင်းရှိသည်အတိုင်း၊ ငါတို့သည် ကျင့်ဆောင်ပြုမူသည်ဖြစ်၍။'' (၂ကော ၅း၇)

- တပည့်တော်တစ်ဦးသည် ယုံကြည်ခြင်း၌ သွားလာသည်။
- တပည့်တော်တစ်ဦးသည် ဘုရားသခင်ကို ယုံကြည်ကိုးစားသည်။
- တပည့်တော်တစ်ဦးသည် ဒုက္ခရောက်သည့် အချိန်များ၌ ယုံကြည်ခြင်းကို စွဲကိုင်တတ်သည်။

**၂။ ကိုးကွယ်ခြင်း**

''ယေရှုက၊ သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့။'' (မဿဲ ၂၂း၃၇)

- တပည့်တော်တစ်ဦးသည် ဘုရားသခင်၏မြင့်မြတ်ခြင်းကို ဝန်ခံတတ်သည်။
- တပည့်တော်တစ်ဦးသည် ဘုရားသခင်ကို အမြဲဘုန်းထင်ရှားစေတတ်သည်။
- တပည့်တော်တစ်ဦးသည် ကိုးကွယ်ခြင်းတွင် ပုံမှန်တက်ရောက်လေ့ရှိသည်။

**၃။ကျမ်းစာလေ့လာခြင်း**

''ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။'' (၂တိ ၃း၁၆–၁၇)

- တပည့်တော်တစ်ဦးသည် ဘုရားသခင်၏ နည်းလမ်းများကို အမြဲသင်ယူလေ့ရှိသည်။
- တပည့်တော်တစ်ဦးသည် ဘုရားသခင်၏ ဉာဏ်ပညာကို တောင်းလျှောက်တတ်သည်။
- တပည့်တော်တစ်ဦးသည်ဆုတောင်းခြင်းအဖြေအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြည့်ရှုလေ့ရှိသည်။

**၄။ ဆုတောင်းခြင်း**

''မခြားမလပ်ဆုတောင်းမဌနာပြုကြလော့ .... ။'' (၁သက် ၅း၁၇)

- တပည့်တော်တစ်ဦးသည် နေ့စဉ်ဘုရားသခင်နှင့်အတူ စကားပြောသည်။
- တပည့်တော်တစ်ဦးသည် ဝိညာဉ်တော်၌ အသက်ရှင်သည်။
- တပည့်တော်တစ်ဦးသည် အသက်တာ၌ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေတတ်သည်။

**၅။ အမှုဆောင်ခြင်း**

''ထိုကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သင်တို့သည် သခင်ဘုရား၏ အမှုတော်ကြိုဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့မလျော့မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏ အမှုတော်ကို ကြိုးစားအားထုတ်ကြလော့။'' (၁ကော ၁၅း၅၈)

- တပည့်တော်တစ်ဦးသည် ခရစ်တော်၏အမှုတော်ကို ဆောင်လျက်ရှိသည်။
- တပည့်တော်တစ်ဦးသည် အခြားလူများကို ဦးစွာအစေခံတတ်သည်။
- တပည့်တော်တစ်ဦးသည် ခရစ်တော်၏ ပုံဥပမာကို လိုက်လျောက်တတ်သည်။

**၆။ သာသနာလုပ်ငန်းနှင့်သက်သေဖြစ်ခြင်း**

''ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။'' (တမန် ၁း၈)

- တပည့်တော်တစ်ဦးသည် ဘုရားသခင်ပြုခဲ့သောအရာကို အခြားသူများအား ပြောလေ့ရှိသည်။
- တပည့်တော်တစ်ဦးသည် ဘုရားသခင်လမ်းပြဦးသည့်နေရာသို့ သွားတတ်သည်။
- တပည့်တော်တ်စဦးသည် အခြားသူများကိုလည်း တပည့်များဖြစ်စေသည်။

**ခ။ တပည့်တော်ဖြစ်ခြင်း အစီအစဉ်တစ်ခုကို တိကျစွာဖော်ပြခြင်း**

၁။ တပည့်တော်ဖြစ်ခြင်းအတွက် ရည်ရွယ်ချက်ပန်းတိုင်များကို တိုးတက်စေပါ။

၂။ အရည်အချင်းနှင့်ပြည့်ဝသော ခေါင်းဆောင်များနှင့် ဆရာများကို သိရှိပါ။

၃။ ရည်ရွယ်ချက်ရှိသောသူနှင့် လုပ်ဆောင်သောသူဖြစ်ပါ။

၄။ တပည့်တော်ဖြစ်ခြင်းအတွက် နည်းဗျူဟာတစ်ခုကို တိုးတက်စေပါ။

**(အဆင့် –၁) ချီးမွမ်းကိုးကွယ်ခြင်းသို့ ခေါ်ဖိတ်ခြင်း**

- အားလုံးသည် ကိုးကွယ်ခြင်းသို့ လာရောက်ရန်အတွက် ခေါ်ဖိတ်ခြင်းနှင့် အစပြုသည်။
- သန့်ရှင်းသောဝိညာဉ်တော်၏မျက်မှောက်တော်ကို သူတို့သည် ခံစားပါစေ။
- သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုထူးခြားစွာ ထိတွေ့မည့်အကြောင်း ဆုတောင်းပါ။
- သူတို့သည် ထိတွေ့မှုခံစားသည့်အတိုင်း ခရစ်တော်ကို လက်ခံရန်အတွက် သူတို့ကို အားပေးပါ။
- ပရိသတ်ရှေ့တွင် သူတို့၏ယုံကြည်ခြင်းကို ဝန်ခံရန်အတွက် သူတို့ကိုအားပေးပါ။

**(အဆင့် –၂) ကျမ်းစာလေ့လာမှု၌ သူတို့ကို စာရင်းသွင်းပါ**

- ပုံမှန်ကျမ်းစာလေ့လာခြင်း၌ သူတို့ကို ဖိတ်ပါ။
- ခရစ်ယာန်အခြေခံအကြောင်းအရာများကို သွန်သင်ပေးပါ။
- ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းအကြောင်းကို သွန်သင်ပေးပါ။
- သမ္မာကျမ်းစာနှင့်ဆိုင်သော အမြင်များကို သွန်သင်ပေးပါ။
- နေ့စဉ်ကျမ်းစာဖတ်ရန်အတွက် အားပေးပါ။

**(အဆင့် –၃) ဆုတောင်းခြင်းအသက်တာအတွက် အားပေးပါ**

- ဆုတောင်းခြင်း သင်တန်းများပြုလုပ်ပေးပါ
- ဆုတောင်းခြင်း သာသနာလုပ်ငန်း၌ သူတို့ကို ပါဝင်စေပါ

**(အဆင့် –၄) အမှုတော်လုပ်ငန်း၌ သူတို့ကို ပါဝင်စေပါ**

- သူတို့အသင်းတော်၌ အမှုဆောင်ရန် လိုအပ်သည်။
- အသင်းတော်၏ အသင်းဝင်တစ်ဦးဖြစ်သည့်အတိုင်း၊ အသင်းတော်ကို ထောက်ပံ့ရန် လိုအပ်ပါသည်။

- ခရစ်တော်၏ အသင်းဝင်ဖြစ်သည့်အတိုင်း၊ ၎င်းသည် မိန့်မှာချက်ဖြစ်သည်။
- သူတို့၏ အရည်အချင်းများအတိုင်း အမှုဆောင်စေပါ။
- သူတို့၌ရှိသော ဝိညာဉ်ဆုကျေးဇူးများအပေါ် အခြေခံပါ။
- သူတို့ပိုင်ဆိုင်ထားသော အခြားဆုကျေးဇူးနှင့် အရည်အချင်းများအပေါ် မူတည်ပါစေ။

**(အဆင့် –၅) သာသနာလုပ်ငန်းထဲ၌ အဖွဲ့ဝင်များကို ရွှေ့ပါ**

- သာသနာလုပ်ငန်း အခွင့်အရေးများကိုပေးပါ
- ဒေသန္တရ
- ပြည်တွင်း
- အပြည်ပြည်ဆိုင်ရာ
- ဖေ်ဂေလိသင်တန်း ပြုလုပ်ပါ
  - သက်သေခံဝေငှခြင်းကို ပြင်ဆင်ထားပါ။
  - သူတို့အား သက်သေခံဝေငှမည့် လူများ၏စာရင်းကို ပြင်ဆင်ထားပါ။

- အသင်းတော်(သို့) သာသနာလုပ်ငန်း ခေါင်းဆောင်မှုအတွက် သူတို့ကို သင်တန်းပို့ချပါ။

**(အဆင့် –၆) တပည့်တော်များဖြစ်ခြင်းမှ အခြားသူများကို တပည့်တော်ဖြစ်စေခြင်းသို့ အသင်းဝင်များကို ရွှေ့ပေးပါ**

- အခြားသူများကြီးထွားမှုကို ကူညီရန်အတွက် သူတို့ကို အားပေးပါ။
- အခြားသူများကို သင်တန်းပို့ချရန်အတွက် သူတို့ကို သင်တန်းပေးပါ။

**ဂ။ စဉ်ဆက်မပြတ်ဆန်းစစ်လေ့လာခြင်း**

- နှစ်စဉ်သင်၏ တပည့်တော်ဖြစ်ခြင်းဖြစ်စဉ် သတ်မှတ်ချက်နှင့် ဤမေးခွန်းများကို မေးပါ။

၁။ တပည့်တော်ဖြစ်ခြင်းဖြစ်စဉ်ထဲ၌ တက်ကြွစွာ အသင်းသူ/သားများမည်မျှ ပါဝင် ကြသနည်း။
၂။ မည်သည့်နေရာ၌ အောင်မြင်မှုများရရှိကြသနည်း။
၃။ ကျွန်ုပ်တို့အသင်းဝင်များသည် တစ်ဦးချင်းယုံကြည်ခြင်း၌ ကြီးထွားကြပါသလား။
၄။ အသင်းတော်အတွက် အသီးများသီးစေပါသလား။ တစ်ဦးချင်းစီအတွက် အသီးများ သီးစေပါသလား။
၅။ ကျွန်ုပ်တို့အသင်းတော်နှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုမှာ အဘယ်နည်း။

- လိုအပ်လျှင် ညှိနှိုင်းမှုကို ပြုလုပ်ပါ
  – အောင်မြင်သော အတန်းများ(သို့) သင်ခန်းစာများ၌ ပါဝင်ရန်အတွက် အားပေးပါ
  – အခြားသူများကို အားပေးရန် သက်သေခံဝေငှခြင်းများကို အသုံးပြုပါ

## <u>တပည့်တော်ဖြစ်ခြင်း အစီစဉ်လေ့ကျင့်ခန်း</u>

ညွှန်ကြားချက် – သင်တန်းအဆင့်တိုင်း၌ ပါဝင်မည့်ခေါင်းစဉ်များအတွက် သင်၏အ ကြံဉာဏ်(သို့) အကြံပြုချက်များနှင့် အတူ အောက်ပါဇယားကိုဖြည့်ပါ။

- ယုံကြည်သူအသစ်– အဆင့် ၁ (ယုံကြည်ခြင်း၏အစပြုခြင်း)

| | | |
|---|---|---|
| ၁။ ဘုရားသခင်သည်အဘယ်သူနည်း | ၅။ | ၉။ |
| ၂။ ရေနှစ်ခြင်းမင်္ဂလာ | ၆။ | ၁၀။ |
| ၃။ ပွဲတော်မင်္ဂလာ | ၇။ | ၁၁။ |
| ၄။ သမ္မာကျမ်းစာအမြင်(သမ္မာဟောင်းနှင့်သမ္မာသစ်ကျမ်း) | ၈။ | ၁၂။ |

- အခြေခံယုံကြည်သူ– အဆင့်၂ (ယုံကြည်ခြင်း၏ အခြေခံတရားများ)

| | | |
|---|---|---|
| ၁။ ဖန်ဆင်းခြင်း–ကမ္ဘာဦးကျမ်း | ၅။ | ၉။ |
| ၂။ ဝိညာဉ်ဆုကျေးဇူးများ | ၆။ | ၁၀။ |

| | | |
|---|---|---|
| ၃။ ခရစ်ယာန်အသက်တာ–သမ္မာသစ်ကျမ်း | ၇။ | ၁၁။ |
| ၄။ သုံးပါးတစ်ဆူ | ၈။ | ၁၂။ |

- အခြေခိုင်သော ယုံကြည်သူ–အဆင့်၃ (ယုံကြည်ခြင်းကြီးထွားမှု)


| | | |
|---|---|---|
| ၁။သမ္မာဟောင်းကျမ်းသမိုင်း | ၅။ | ၉။ |
| ၂။စာတန်မာရ်နတ်နှင့်မကောင်းဆိုး | ၆။ | ၁၀။ |
| ၃။ယုံကြည်ခြင်း–ဟေဗြဲသြဝါဒစာ | ၇။ | ၁၁။ |
| ၄။ဝိညာဉ်ရေးရာကြီးထွားခြင်း | ၈။ | ၁၂။ |

- အားကြီးသော ယုံကြည်သူ–အဆင့်၄ (ယုံကြည်ခြင်း၌ လုပ်ဆောင်ခြင်း)

| | | |
|---|---|---|
| ၁။ နှုတ်ကပတ်တော်သင်ကြားခြင်း | ၅။ | ၉။ |
| ၂။ သာသနာခေါင်းဆောင်မှုလုပ်ငန်း | ၆။ | ၁၀။ |
| ၃။ သာသနာလုပ်ငန်းများ | ၇။ | ၁၁။ |
| ၄။ နောက်ဆုံးသောအချိန်–ဗျာဒိတ်ကျမ်း | ၈။ | ၁၂။ |

## အပိုင်း ၃

## ပစ္စည်းဥစ္စာများကို စီမံခန့်ခွဲခြင်း



# အခန်း(၉)

## စနစ်တကျ စီမံကိန်းရေးဆွဲခြင်း

''သင်တို့တွင် တစ်ယောက်သောသူသည် တိုက်ကိုတည်မည်ဟု အကြံရှိလျှင်၊ ထိုတိုက်ပြီးအောင် ငွေလောက်မည် မလောက်မည်ကို သိခြင်းငှါ၊ ရှေးဦးစွာထိုင်၍ ကုန်စရိတ်ကို မချင့်တွက်ဘဲ နေမည်လော။ သို့မဟုတ် တိုက်မြစ်ကိုတည်၍ တိုက်ကိုမပြီးနိုင်လျှင်၊ ဦမြင်သော သူအပေါင်းတို့က ဤသူသည်တည်စပြု၍ အစမသတ်နိုင်ဟု ကဲ့ရဲ့ကြလိမ့်မည်။'' (လုကာ ၁၄း၂၈–၃၀)

အစီစဉ်ရေးဆွဲခြင်းသည် အသင်းတော်ခေါင်းဆောင်မှု လုပ်ငန်း၌ အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ကယ်လီဖိုးနီးယားနိုင်ငံရှိ စာရေးဆရာလည်းဖြစ်၊ သင်းအုပ်ဆရာလည်းဖြစ်သော Robert Schyller က ''စီမံကိန်းရေးဆွဲရန် ပျက်ကွက်သူများသည်၊ ရှုံးနိမ့်မှုအတွက် စီစဉ်သူများဖြစ်ကြသည်''ဟု ပြောခဲ့သည်။ ရှင်းလင်းတိကျသော စီမံကိန်းတစ်ခုရှိခြင်းသည် သူတို့၏ ရူပါရုံကို အကောင်းဆုံး အောင်မြင်ရန်အတွက် နည်းလမ်းတစ်ခုထဲသို့ ၎င်း၏လိုအပ်သော အချက်အလက်များကို စုဆောင်းရန်နှင့် အသုံးပြုရန်အတွက် အသင်းတော်ကို ကူညီပေးသည်။ စီမံကိန်းမရှိလျှင် အသင်းတော်များသည် ကန့်သတ်ထားသော ပစ္စည်းဥစ္စာများနှင့် တန်ဖိုးရှိသောအချိန်ကို ဖြုန်းတီးရာရောက်ပြီး၊ ဘုရားသခင်လုပ်ဆောင်စေလိုသော အရာများကိုလည်း အောင်မြင်မည်မဟုတ်ပေ။ စီမံကိန်းရှိခြင်းသည် အသင်းတော်လုပ်ဆောင်မည့်အရာကို ကန့်သတ်ပေးခြင်းမဟုတ်ဘဲ၊ ပို၍ထိရောက်မှုရှိစေရန်အတွက် ၎င်း၏ ရည်ရွယ်ချက်များကို စနစ်တကျလုပ်ဆောင်နိုင်ရန် အခြေခံအုတ်မြစ်ကို ချပေးခြင်းသာဖြစ်သည်။ ဤအခန်းတွင် စနစ်ကျသော စီမံကိန်းတစ်ခု၏ အခြေခံအကြောင်းအရာများနှင့် သင့်အသင်းတော်အတွက် တစ်ခုကို မည်ကဲ့သို့ တိုးတက်စေမည့်အကြောင်း ကျွန်တော်တို့ လေ့လာကြမည်ဖြစ်သည်။

### ၁။ စနစ်တကျ စီမံထားခြင်းဆိုသည်မှာ အဘယ်နည်း။

- ✔ စနစ်တကျ စီမံထားခြင်းဆိုသည်မှာ လုပ်ဆောင်မှုများနှင့်ရူပါရုံတစ်ခုကို အောင်မြင်ရန်အတွက် ရည်မှန်းချက်ပန်းတိုင်များကို စုဆောင်းထားခြင်းဖြစ်သည်။
- ✔ စနစ်တကျ စီမံထားခြင်းတစ်ခုသည် သင်အသုံးပြုရမည့် ပစ္စည်းများ၊၎င်းတို့ကို အသုံးပြုမည်အချိန်နှင့် လက်တွေ့အသုံးပြုမည့် ပုံစံများအကြောင်းကို ပြောပြသည်။

### ၂။ အသင်းတော်တွင် အဘယ်ကြောင့်စနစ်ကျသောစီမံကိန်းတစ်ခု လိုအပ်ပါသနည်း။

- ✔ ရှေ့အနာဂတ်အတွက် လုပ်ငန်းတစ်ခုကို ပုံဖော်ရန်အတွက် ဖြစ်သည်။
  - ရှေ့အနာဂတ် ကြီးထွားမှုနှင့်တိုးတက်ခြင်းအတွက် အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ရန်ဖြစ်သည်။

''ငါ့စကားကို နားမထောင်ဘဲလျက်၊ငါ့ကိုသခင်၊သခင်ဟု အဘယ်ကြောင့် ခေါ်ကြသနည်း။ ငါထံသို့လာ၍၊ ငါ့စကားကို ကြားသည့်အတိုင်း နားထောင်သောသူသည် အဘယ်သူနှင့်တူသနည်းဟူမူကား၊တိုက်ကို တည်သောအခါ နက်စွာတူး၍ ကျောက်ပေါ်မှာ တိုက်မြစ်ချသောသူနှင့်တူ၏။ မြစ်ရေထသဖြင့်ရေစီး၍ ထိုတိုက်ကို ရိုက်ခတ်သောအခါ

ကျောက်ပေါ်မှာ တည်လျက်ရှိသောကြောင့် မလှုပ်နိုင်ရာ။ ငါ့စကားကိုကြား၍ နားမထောင်သော သူမူကား၊ အခုအခံမရှိဘဲ မြေပေါ်မှာ တိုက်ကိုတည်သောသူနှင့်တူ၏။ ရေစီး၍ ထိုတိုက်ကို ရိုက်ခတ်သောအခါ၊ ချက်ခြင်းလဲ၍ အကုန်အစင်ပြို ပျက်လေသည်ဟု ဟောတော်မူ၏။'' (လုကာ ၆း၄၆–၄၉)

– အသင်းတော်၏ လုပ်ဆောင်မှုများနှင့် သာသနာလုပ်ငန်းများစွာကို ညွှန်ကြားရန်နှင့် လမ်းပြရန်အတွက် ဖြစ်သည်။

✔ အာရုံပြန့်လွင့်မှုများကို ရှောင်ရှားရန်အတွက် ဖြစ်သည်။

– ရူပါရုံနှင့်သာသနာလုပ်ငန်းအပေါ် အာရုံစူးစိုက်ရန်အတွက်ကူညီပါ။ ''ထို့ကြောင့် ဤမျှလောက်များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက်ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသောဝန်တို့ကိုငင်း၊ နှောင့်ရှက်တတ်သော ဒုစရိုက်ကိုငင်းပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသောပန်းတုံးတိုင်သို့ ရောက်ခြင်းငှါ အားမလျော့ဘဲ ပြေးကြကုန်အံ့။

✔ လုပ်ငန်းမှလွင့်ပါ မသွားအောင်ကာကွယ်ပေးရန်ဖြစ်သည်။

✔ ၎င်း၏ ပစ္စည်းဥစ္စာများကို ထိရောက်စွာနှင့် လုံလောက်စွာ အသုံးပြုရန်ဖြစ်သည်။

– ပစ္စည်းများကို လုံလောက်စွာ အသုံးချနိုင်ရန်၊

– ရရှိနိုင်သော ပစ္စည်းများမှ ထွက်ကုန်များကို များပြားစေရန်၊

✔ ရှေ့လာမည့်ပြဿနာများကို ကာကွယ်ရန်ဖြစ်သည်။

– ရရှိနိုင်သော ပစ္စည်းများအကြောင်းနှင့်ဆိုင်သော ပြဿနာများကို ရှောင်ကြဉ်ပါ။

## (ဂ) စနစ်ကျသော စီမံကိန်းတစ်ခုတွင် မည်သည့်အရာများပါဝင်သနည်း။

စနစ်ကျသော စီမံကိန်းတစ်ခုတွင် အဓိကအကြောင်းအရာ (၇)ခုရှိသည်။ ၎င်းတို့မှာ–

### ၁။ ရူပါရုံဖော်ပြချက်

✔ ပြီးမြောက်ရန်အတွက် သင်ကြိုးစားနေသောဆန္ဒရှိသည့် အကျိုးရလဒ်ကိုဖော်ပြပါ

✔ သင်၏ အဆုံးစွန်ရည်မှန်းချက် ပန်းတိုင်မှာ အဘယ်နည်း။

### ၂။ လုပ်အပ်မှုများဖော်ပြချက်

✔ ရူပါရုံပြီးမြောက်စေရန်အတွက် သင်လိုအပ်သော အရာကို ဖော်ပြပါ

✔ မည်သို့ရရှိမည်ဟူသော အပေါ်တွင်မဟုတ်ဘဲ၊ သင်လိုအပ်မှုအပေါ် အဓိကအာရုံထားပါ၊

### ၃။ ဆောင်ရွက်မည့်လုပ်ငန်းအစီစဉ်ကို ရေးဆွဲခြင်း

✔ လိုအပ်ချက်တိုင်းအတွက် သင်အကောင်အထည်ဖော်မည့် လုပ်ဆောင်မှုများကို ဖော်ပြပါ၊

✔ လိုအပ်သော အရာတိုင်း မည်သို့ရရှိမည့်အကြောင်းရေးသားပါ၊

✔ မည်သည့်အရာကို သင်တိကျစွာ လုပ်ဆောင်လိုသနည်း

✔ အခြားသူများအပေါ် ဦးစားပေးလုပ်ဆောင်ရမည့်အရာများကို ဆုံးဖြတ်ပါ

✔ ပြီးမြောက်ရမည့် လုပ်ဆောင်မှု(သို့)စီမံကိန်းများကို အစဉ်လိုက်ဖော်ပြပါ

- အချို့သောလုပ်ဆောင်မှုများသည် အခြားသောအရာများထက် အလျင်ကျရမည် ဖြစ်သည်။
- အချို့သောလုပ်ဆောင်မှုများသည် သင်၏သာသနာလုပ်ငန်းတွင် အရေးကြီးသောအရာများ ဖြစ်နိုင်ပါသည်။

## ၄။ အချိန်ကာလသတ်မှတ်ခြင်း

✔ သင်လုပ်ဆောင်မည့်အချိန်ကို တိကျစွာ ဖော်ပြပါ

✔ လုပ်ငန်းတိုင်း မည်မျှကြာမည်ကို ဖော်ပြပါ

✔ လုပ်ငန်းပြီးမြောက်ရမည့်အချိန်ကို ဖော်ပြပါ

## ၅။ လိုအပ်သော ပစ္စည်းဥစ္စာများ

✔ ရှိပြီးသော ပစ္စည်းများတွင် မည်သည့်အရာများလိုအပ်သနည်း။

- လူများလုပ်ဆောင်ရန်အတွက် လိုအပ်သောအရာကို တိကျစွာဖော်ပြပါ။
- လိုအပ်မည့်ကိရိယာတန်ဆာပလာများကို သိပါ။
- လိုအပ်မည့်ငွေကြေးများကို ဆုံးဖြတ်ပါ။

✔ လိုအပ်ချက်အသစ်များမှာ မည်သည့်အရာများဖြစ်သနည်း။

- အထောက်အကူပစ္စည်း
- ကိရိယာတန်ဆာပလာ
- လူ

✔ မည်သည့်သင်တန်းမျိုးလိုအပ်ပါသနည်း။

- လူများကို သာသနာလုပ်ငန်းသို့ ဦးဆောင်ရန်။
- လူများကို သာသနာလုပ်ငန်းလုပ်ဆောင်စေရန်။

## ၆။ နည်းပရိယာယ်များ

✔ သင့်၌ ရှိသောတိကျသည့် အခွင့်အရေးများကို သိပါ။

✔ သင့်အဖွဲ့ဝင်များ၏ ဆုကျေးဇူးများကို အကောင်းဆုံးမည်ကဲ့သို့ အသုံးပြုမည် ကို ဆုံးဖြတ်ပါ။

✔ သင်၌ ရှိပြီးသောပစ္စည်းများ၏ အကျိုးအမြတ်မည်သို့ ရမည့်အကြောင်းဆုံးဖြတ်ပါ။

**၇။ ဖွဲ့စည်းတည်ဆောက်ပုံ**

✔ မည်သူသည် မည်သည့်အခွင့်အာဏာရှိမည်ကို ဆုံးဖြတ်ပါ။
   – စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များအတွက်၊
   – ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက်၊

✔ မည်သူ့တာဝန်ရှိသည်ကို ဆုံးဖြတ်ပါ
   – ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန်အတွက်၊
   – ပြီးပြည့်စုံသော တာဝန်ဝတ္တရားများကို ရရှိရန်အတွက်၊

✔ လိုအပ်သော အဖွဲ့များနှင့်၎င်းတွင် ပါဝင်မည့်သူများကို ဆုံးဖြတ်ပါ။

**(ဃ) စနစ်ကျသော စီမံကိန်းတစ်ခုကို မည်ကဲ့သို့ တိုးတက်စေမည်နည်း။**

စနစ်ကျသော စီမံကိန်းတစ်ခုကို တိုးတက်စေသည့်အခါ၌ အသုံးပြုရမည့် အခြေခံခြေလှမ်းများအချို့ကို ဖော်ပြထားပါသည်။

**၁။ စနစ်ကျစွာ စီမံသောအုပ်စုတစ်စုကို ဖွဲ့စည်းထားပါ။**

✔ အဓိကကျသော လူများကို ရွေးချယ်ပါ။

✔ သင့်လျော်သော အရည်အချင်းရှိသူများကို ရွေးချယ်ထားပါ။

✔ စီမံကိန်းအတွက် ဆန္ဒပြင်းပြသော ပုဂ္ဂိုလ်များကို ထည့်သွင်းပါ။

**၂။ သင်၏စီမံကိန်းကို ရေးဆွဲပါ။**

✔ ရိုးရှင်းသော အရာတစ်ခုနှင့်အစပြုပါ

✔ သင်၏ရူပါရုံနှင့် အဓိကလိုအပ်ချက်များကို ဖော်ပြပါ။

**၃။ စီမံကိန်း၌ အသေးစိတ်လိုအပ်ချက်များကို ထည့်သွင်းထားပါ။**

✔ လိုအပ်မှုတိုင်းအတွက် အကောင်အထည်ဖော်ရမည့် လုပ်ဆောင်မှုများကို ဆုံးဖြတ်ပါ။

✔ လုပ်ဆောင်မှုတိုင်း၏ အခြေခံအကြောင်းအရာများအသေးစိတ်ကို ဆွေးနွေးပါ။
   – အချိန်
   – လိုအပ်သော ပစ္စည်းဥစ္စာများ
   – နည်းပရိယာယ်များ
   – ဖွဲ့စည်းတည်ဆောက်ပုံ

✔ အဖွဲ့မှအကြံဉာဏ်များနှင့် အကြံပြုချက်များအားလုံးကို စဉ်းစားပါ။

✔ စီမံကိန်းထွက်ပေါ်လာပါစေ။

**၄။ အသင်းတော်၌ အခြားသူများထံမှ ရှိသောအရာများကို စုစည်းပါ။**

✔ အစီအစဉ်ကြီးထွားလာရန်(သို့)အမြင်သစ်များကို မိတ်ဆက်ပေးရန်။

✔ အလွန်အသုံးဝင်နိုင်သော အခြားသူများ၏ အမြင်များကို ရယူရန်။

✔ လမ်းကြောင်းတစ်ခု တားဆီးခြင်းကို ရှောင်ရှားလိုသောအရာမှ ကူညီရန်။

**၅။ ရေးသားထားသော အချက်အလက်တစ်ခုကို ပြင်ဆင်ထားပါ။**

✔ စီမံကိန်းတစ်ခုကို ရေးဆွဲခြင်းသည် ၎င်းကို ရှင်းလင်းစေရန်အတွက် ကူညီပေးပါသည်။

✔ ၎င်းသည် အခြားသူများအတွက် ဝေဖန်ချက်ပေးနိုင်သောအရာ ဖြစ်သည်။

✔ ၎င်းသည် ဆွေးနွေးခြင်းနှင့်ကိုးကားချက်များအတွက် အခြေခံအချက်တစ်ခုကို ကူညီထောက်ပံ့ပေးသည်။

✔ ၎င်းသည် စီမံကိန်းဖြစ်စဉ်မှ ထိတွေ့နိုင်သော အရာတစ်ခုဖြစ်သည်။

**၆။ စီမံကိန်းကို အဆုံးသတ်ပါ။**

✔ နောက်ဆုံးရေးသားထားသော စနစ်ကျသည့်အစီအစဉ်ကို ပြင်ဆင်ထားပါ။

✔ အသင်းဝင်များသည် အစီအစဉ်အပေါ်ဝေဖန်ကြပါစေ။

✔ သူတို့၏သဘောတူညီမှုကို သိရှိရန်။

✔ ရှေ့ဖြစ်လာမည့်ပြဿနာများကို ရှောင်ကြဉ်ရန်။

**၇။ စီမံကိန်းကို သိစေပါ။**

✔ အဓိက ခေါင်းဆောင်များအား ရေးထားသော မိတ္တူများကို ဝေပေးပါ။

✔ သင်၏ စီမံကိန်းကို အဖွဲ့ပရိသတ်(သို့)သာသနာလုပ်ငန်းအား တင်ပြပါ။

# စနစ်တကျစီမံကိန်းရေးဆွဲခြင်း လေ့ကျင့်ခန်း

**ရှုပါရုံဖော်ပြချက်** -----------------------------------------------

-----------------------------------------------

**ရည်ရွယ်ချက်ပန်းတိုင်– ၁** -----------------------------------------------

<u>လုပ်ဆောင်ချက်များ</u>

၁။ -----------------------------------------------
၂။ -----------------------------------------------
၃။ -----------------------------------------------
၄။ -----------------------------------------------
၅။ -----------------------------------------------

**ရည်ရွယ်ချက်ပန်းတိုင်–၂** --------------------------------------------

<u>လုပ်ဆောင်ချက်များ</u>

၁။ ------------------------------------------------------

၂။ ------------------------------------------------------

၃။ ------------------------------------------------------

၄။ ------------------------------------------------------

၅။ ------------------------------------------------------

**ရည်ရွယ်ချက်ပန်းတိုင်–၃** --------------------------------------------

<u>လုပ်ဆောင်ချက်များ</u>

၁။ ------------------------------------------------------

၂။ ------------------------------------------------------

၃။ ------------------------------------------------------

၄။ ------------------------------------------------------

၅။ ------------------------------------------------------

**ရည်ရွယ်ချက်ပန်းတိုင်–၄** --------------------------------------------

<u>လုပ်ဆောင်ချက်များ</u>

၁။ ------------------------------------------------------

၂။ ------------------------------------------------------

၃။ ------------------------------------------------------

၄။ ------------------------------------------------------

၅။ ------------------------------------------------------

## အခန်း (၁၀)

## ငွေကြေးကို စီမံခန့်ခွဲခြင်း

''သင်တို့သည် ဘုရားသခင်၏ အစေကိုဋ္ဌင်း၊လောကီစည်းစိမ်၏ အစေကိုဋ္ဌင်း မခံနိုင်ကြ။'' (မဿဲ ၆း၂၄) သာသနာလုပ်ငန်းအားလုံး၌ ငွေကြေးအသုံးပြုရာတွင် လုပ်ဆောင်ရမည့် အရာအချို့ရှိသည်။ သူတို့သည် အသင်းသူ/ သားများထံမှရရှိသော အလှူများနှင့် လက်ဆောင်ဘဏ္ဍာများအပေါ်တွင် မှီခိုကြသည်။ အသင်းတော် ခေါင်းဆောင် တစ်ဦးအနေဖြင့်၊ သင်သည် အလှူငွေများအားလုံးကို တိကျစွာစာရင်း မှတ်သားရန်နှင့် သာသနာလုပ်ငန်း အသုံးစရိတ်များကိုလည်း ကောင်းစွာ စစ်ဆေးမှတ်တမ်းတင် ရေးသားရန်အတွက် တာဝန်ဝတ္တရားရှိသည်။ ၎င်းသည် တရားသော လုပ်ငန်းဖြစ်သည်သာမက၊ သမ္မာကျမ်းစာ၏ အရေးကြီးသော မိန့်မှာချက်တစ်ခုလည်း ဖြစ်ပါသည်။ ဘုရား သခင်နှင့် အသင်းသားများအား သင်၏သာသနာလုပ်ငန်းငွေကြေးများ ကောင်းစွာစီမံထားခြင်းကို ဖော်ပြခြင်းဖြင့် သင်သည် အားကိုးအားထားထိုက်သောသူဖြစ်ကြောင်းကို ညွှန်ပြရာလည်းရောက်သည်။ ငွေကြေး၌ ရိုးသားဖြောင့်မတ်

မှုမရှိခြင်းကသာ ပျက်စီးခြင်းနှင့် ဆင်းရဲဒုက္ခကိုဖြစ်စေကြောင်း သမ္မာကျမ်းစာက သတိပေးထားပါသည်။ ဤအခန်းတွင် ငွေကြေးကိုကောင်းစွာ စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံ၊ ၎င်း၏ အခြေခံသဘောတရားများ၊ ငွေကြေးနှင့်ဆိုင်သော ရိုးသားဖြောင့်မတ်ခြင်းကို လက်တွေ့အသုံးပြုပုံနှင့် ၎င်း၏ အကျိုးကျေးဇူးများ စသည်တို့ကို ကျွန်တော်တို့ လေ့လာကြမည် ဖြစ်ပါသည်။

## (က) ငွေကြေးကို ကောင်းစွာစီမံခန့်ခွဲခြင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးသနည်း။

### ၁။ ငွေကြောင့်ပြဿနာများစွာ ပေါ်ပေါက်နိုင်ကြောင်း ကျမ်းစာက ဖော်ပြထားပါသည်။

''ငွေကို တပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။''(၁တိ ၆း၁၀)

✔ ညံ့ဖျင်းသော ငွေကြေးစီမံခန့်ခွဲမှုသည် ဖိစီးမှုနှင့်အခြားသော ပြဿနာများကို ဖြစ်ပေါ်စေသည်။

– အခြားသောအပြစ်များ (လိမ်လည်ခြင်း၊ခိုးခြင်း၊တပ်မက်ခြင်း၊လောင်းကစားပြုလုပ်ခြင်း စသည်တို့ဖြစ်သည်)

''ဖြောင့်မတ်ခြင်းတရားသည် လမ်းမလွဲသောသူကို စောင့်တတ်၏။ဒုစရိုက်တရားမူကား၊အပြစ်ရှိသော သူကို လှဲတတ်၏။''(သုတ္တံ ၁၃း၆)

– ၎င်းသည် အချင်းချင်းဆက်နွယ်မှုကို ဖျက်ဆီးသည်

''ဖြောင့်မတ်ခြင်းလမ်းသို့ လိုက်သောသူသည် အနင်းမှန်လိမ့်မည်။ကောက်သောလမ်းသို့ လိုက်သောသူမူကား၊ သဘောထင်ရှားလိမ့်မည်။''(သုတ္တံ ၁၀း၉)

✔ ငွေသည် ရည်မှန်းချက်ပန်းတိုင်အတွက် မဟုတ်ဘဲ၊ရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ရန်အတွက် အဓိက ကျသောအရာတစ်ခုသာ ဖြစ်သည်။

– ငွေသည် ရည်မှန်းချက်ပန်းတိုင်တစ်ခုကို အောင်မြင်ရန်အတွက် သင်အသုံးပြုနိုင်သော ပစ္စည်းတစ်ခုဖြစ်သည်။

– ဘုရားသခင်သည် သူ၏လုပ်ငန်းကို လုပ်ဆောင်ရန်အတွက် သင်လိုအပ်သော ငွေကြေးများကို ထောက်ပံ့ပေးမည် ဖြစ်သည်။

✔ လူတို့အပေါ်ငွေ၏တန်ခိုးကို ကောင်းစွာရေးမှတ်ထားပါသည်။

– ၎င်းသည် မကြာခဏ မှားယွင်းသော ဆုံးဖြတ်ချက်များကို ဖြစ်စေသည်။

– ၎င်းသည် ထောင်အချုပ်ခန်းရောက်သည်အထိ ဖြစ်စေနိုင်သည်။

✔ ငွေသည် ဘုရား (သို့)ကိုးကွယ်သော ရုပ်တုတစ်ခု ဖြစ်လာနိုင်သည်။

''သင်တို့သည် ဘုရားသခင်၏ အစေကိုင်၎င်း၊လောကီစည်းစိမ်း၏ အစေကိုင်၎င်း မခံနိုင်ကြ။'' (မဿဲ ၆း၂၄)

– ငွေကို ရှာခြင်းသည် မှားယွင်းသောဘုရားကို ရှာခြင်းဖြစ်သည်။

– သင်သည် ငွေ၏ကျေးကျွန်ဖြစ်ခြင်းဖြင့် ခရစ်တော်၌ လွတ်မြောက်ခြင်းကို ဆုံးရှုံးစေပါသည်။

### ၂။ ငွေကိုကောင်းစွာအသုံးမပြုခြင်းသည် ဘုရားသခင်ကို လိမ်လည်ခြင်းဖြစ်သည်။

✔ အသင်းတော်အားပေးသော ဘဏ္ဍာသည် ဘုရားသခင်ကို ပေးသောအရာဖြစ်သည်။

– ကျွန်တော်တို့တွင် ရှိသောအရာအားလုံးသည် သူ့အတွက်ဖြစ်သည်။ကျွန်တော်တို့သည် ဘဏ္ဍာစိုးများ (မန်နေဂျာများ) သာဖြစ်ကြသည်။

– ဘုရားသခင်သည် ကျွန်ုပ်တို့ဘဏ္ဍာအတွက် အကြံအစည်တစ်ခုရှိသည်။

✔ ငွေကို လွဲမှားစွာအသုံးပြုခြင်းသည် ခိုးယူခြင်းနှင့်အတူတူပင် ဖြစ်သည်။

– သင်သည် အသင်းတော်မှ လုယူခြင်းဖြစ်သည်။

– သင်သည် ဘုရားသခင်ထံမှ လုယူခြင်းဖြစ်သည်(မာလခိ ၃း၈)

– ခိုးယူခြင်းသည် ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်းမဟုတ်ပါ။

''ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သော သူ၏အကျိုးကို မဖျက်ဆီးတတ်။''(ရောမ ၁၃း၁၀)

## ၃။ ညံ့ဖျင်းသော ငွေကြေးစီမံခန့်ခွဲမှုသည် ညံ့ဖျင်းသောဘဏ္ဍာစိုးဖြစ်ခြင်းကို ခေါ်သည်။

✔ ညံ့ဖျင်းသော ဘဏ္ဍာစိုးဖြစ်ခြင်းသည် ငွေကြေးကို အကျိုးရှိစွာထိန်းသိမ်းခြင်း မဟုတ်ပေ။

– ဘုရားသခင်၏ ဆုကျေးဇူးများကို ကောင်းစွာအသုံးပြုခြင်းသည် နိုင်ငံတော်အတွက် အသီးအပွင့်များကို ဖြစ်ထွန်းစေသည်။

– ဘုရားသခင်၏ ဆုကျေးဇူးများကို ကောင်းစွာထိန်းသိမ်းခြင်းသည် ဘုရားသခင်ဘုန်းတော်ကို ထင်ရှားစေသည်။

## ၄။ ငွေကို ကောင်းစွာစီမံခန့်ခွဲခြင်းသည် ယုံကြည်မှုကို တည်ဆောက်ပေးသည်။

✔ သင်သည် ငွေကြေးကို မကိုင်တွယ်တတ်လျှင်၊ ဝိညာဉ်အရာများကိုလည်း ကိုင်တွယ်တတ်မည် မဟုတ်ပါ။

''သို့ဖြစ်၍ မမြဲသောလောကီစည်းစိမ်ကို သုံးရာတွင် သင်တို့သည် သစ္စာမရှိလျှင်၊မှန်သောစည်းစိမ်ကို သင်တို့၌ အဘယ်သူအပ်မည်နည်း။''(လုကာ ၁၆း၁၁)

✔ သင်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျှင်၊ လူတို့သည် သင့်ကိုယုံကြည်လာကြမည် ဖြစ်သည်။

''အနည်းငယ်သောအမှု၌ သစ္စာမရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်သောအမှု၌ သစ္စာမရှိသော သူသည် ကြီးသောအမှု၌လည်း သစ္စာမရှိ။''(လုကာ ၁၆း၁၀)

**(ခ) ငွေကြေးစီမံခန့်ခွဲခြင်း၏ အခြေခံသောတရားများမှာ အဘယ်နည်း။**

''သင်တို့သခင်သည် ခွဲဝေစီမံသည်ထက်သာ၍ မခွဲမခံကြနှင့်ဟု ပြန်ပြော၏။ စစ်သူရဲတို့ကလည်း အကျွန်ုပ်တို့သည် အဘယ်သို့ ပြုရပါမည်နည်းဟု မေးလျှောက်ကြလျှင်၊ သင်တို့သည် အဘယ်သူကိုမျှ အနိုင်အတတ် မပြုကြနှင့်။ အဘယ်သူကိုမျှမလျှပ်ကြနှင့်။ ကိုယ်ရသောအခနှင့် ရောင့်ရဲကြလော့ဟု ပြန်ပြော၏။'' (လုကာ ၃း၁၃–၁၄)

## ၁။ ဘုရားသခင်ပေးသော အရာနှင့်ရောင့်ရဲတင်းတိမ်မှုရှိပါ။

✔ သင်လိုအပ်သော အရာကိုသာ ဘုရားသခင်အား တောင်းပါ။

✔ သင့်လိုအပ်ချက်များကို ထောက်ပံ့ရန် ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။

## ၂။ ရည်ရွယ်မထားသော နေရာများ၌ငွေကြေးကို မသုံးပါနှင့်။

✔ တစ်ခုအတွက် ငွေကို တောင်းပြီး၊ နောက်တစ်ခုအတွက် အသုံးမပြုမိစေနှင့်။

✔ သူတို့၏ ပေးကမ်းမှုကို လေးစားပါ။

**၃။ တစ်ဦးချင်းအလိုဆန္ဒအတွက် အသင်းတော်ငွေကို မသုံးပါနှင့်။**

- ✔ တစ်ဦးချင်း၏ အလိုဆန္ဒ (သို့) လိုချင်သောအရာကို ကျေနပ်စေရန်အတွက် အသင်းတော်မှငွေကို ဘယ်တော့မှ မယူပါနှင့်။
- ✔ တစ်ဦးချင်း၏ အလိုဆန္ဒ (သို့) လိုချင်သောအရာများအတွက် အသင်းတော်ငွေကို အခြားသူများအား မပေးပါနှင့်။

**၄။ လက်ခံရရှိသော ငွေကြေးအားလုံးအတွက် စာရင်းပြုလုပ်ပါ။**

- ✔ ဝင်ငွေအားလုံးနှင့် ရရှိသော ငွေကြေးလက်ဆောင်များကို စာရင်းမှတ်ပါ။
- ✔ လှူဒါန်းမှုအားလုံး၏ တောင်းဆိုထားသော ရည်ရွယ်ချက်ကို မှတ်သားပြီး၊ သူတို့ကို ဂုဏ်ပြုပါ။
- ✔ တိကျပြီးခေတ်မှီသော မှတ်တမ်းများကို ထိန်းသိမ်းထားပါ။

**၅။ သုံးစွဲသောငွေကြေးအားလုံးအတွက် စာရင်းပြုလုပ်ပါ။**

- ✔ သုံးစွဲငွေအားလုံးကို ရေးမှတ်ထားပါ။
- ✔ သုံးစွဲငွေအားလုံးအတွက် လက်ခံများကို သိမ်းထားပါ။

**၆။ ကြီးမားသော ဝယ်ယူခြင်းများအတွက် လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပါ**

- ✔ ကြီးမားသောဝယ်ယူခြင်းတစ်ခု ပြုလုပ်ရာတွင် တစ်ဦးတစ်ယောက်၏အာဏာကို ခွင့်မပြုပါနှင့်။
- ✔ များပြားသော သုံးစွဲမှုအားလုံးအတွက် စစ်ဆေးချက်နှင့်စာရင်းဖွင့်လက်ကျန် ပုံစံများကိုဆောင်ရွက်ပါ။
- ✔ ငွေကြေးထိန်းသိမ်းရန်အတွက် သဘောတူညီချက်ပုံစံ (သို့ ) အခြားအချက်အလက်တစ်ခု လိုအပ်ပါသည်။

**၇။ ငွေကြေးနှင့်ဆိုင်သော အချက်အလက်ဖော်ပြချက်တစ်ခုကို ပုံမှန်ထုတ်ဝေပါ။**

- ✔ လက်ခံရရှိသော ပမာဏ
- ✔ သုံးစွဲသော ပမာဏ
- ✔ လက်ကျန်ငွေသား

**၈။ အသင်းတော်ငွေကြေးများကို အကြိမ်ကြိမ်လေ့လာနိုင်ရန်အတွက် လွတ်လပ်သောလူများကို အသုံးပြုပါ။**

- ✔ သင်၏ငွေကြေးနှင့်ဆိုင်သော မှတ်တမ်းများကို စစ်ဆေးရန်အတွက် အသင်းတော်ပြင်ပမှ တစ်စုတစ်ယောက်ကို အသုံးပြုပါ။
- ✔ နှစ်စဉ်ငွေကြေးနှင့်ဆိုင်သော စာရင်းစစ်ဆေးချက်ကို ပြုလုပ်ပါ။

**(ဂ) သင်သည် ကောင်းမွန်သောငွေကြေးစီမံခန့်ခွဲမှုကို မည်ကဲ့သို့လက်တွေ့ အသုံးပြုမည်နည်း။**

**၁။ ဆယ်ဘို့တစ်ဘို့အကြောင်း သမ္မာကျမ်းစာမိန့်မှာချက်ကို သွန်သင်ပါ။**

''လယ်ယာ၌တနှစ်တနှစ်တွင် သိမ်းရသောအသီးအနှံဆယ်ဘို့တစ်ဘို့ကို အမှန်ခွဲထားရမည်။'' (တရား ၁၄း၂၂)

✔ ဥပမာအားဖြင့် ဦးဆောင်ပါ – ဆယ်ဘို့တစ်ဘို့ပေးသောသူဖြစ်ပါ

✔ အဦးသီး ပေးလှူခြင်းအတွက် အားပေးပါ (သုတ္တံ ၃ း ၉ )

**၂။ ငွေကြေးနှင့်ဆိုင်သော ရိုးသားဖြောင့်မတ်မှုကို ပြသပေးပါ။**

✔ ဝင်ငွေနှင့်သုံးငွေအားလုံး ရေးမှတ်ထားပါ။

✔ သင့်အကြွေးကို ဦးစွာပေးပါ။

✔ အသင်းတော်ငွေကြေးများကို စာရင်းစစ်ရန်နှင့်ကြည့်ရှုရန်အတွက် လုပ်ထုံးလုပ်နည်းများကို ထားရှိပါ။

**၃။ သင်၏လိုအပ်ချက်များကို ထောက်ပံ့ရန်အတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။**

✔ သင်လိုအပ်သောအရာကို ပေးမည်ဖြစ်သည်။

✔ ဘုရားသခင်သည် သူ့လူများကို ဂရုစိုက်သည်။

''ဤဘဝ၌ ငွေရတတ်သော သူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊မမြဲသောစည်းစိမ်ကို မကိုးစားဘဲ၊ငါတို့ ခံစားဘို့ရာ အလုံးစုံတို့ကို ကြွယ်ဝစွာ ပေးသနားတော်မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစားရမည် အကြောင်းနှင့်။ .. '' (၁တိ ၆း၁၇)

**၄။ အသင်းသားများအား အသင်းတော်ငွေကြေးများကို သိခွင့်ပေးပါ။**

✔ သင်၏ ငွေကြေးများကို အသင်းသူ/သား မသိအောင် မဝှက်ထားပါနှင့်။

✔ ဝင်ငွေနှင့် ထွက်ငွေအားလုံးအတွက် ပွင့်လင်းပြီး၊ ရိုးသားမှုရှိပါ။

**(ဃ) ကောင်းမွန်သော ငွေကြေးစီမံခန့်ခွဲမှု၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။**

**၁။ သင်သည် သင့်အသင်းသူ/သားများနှင့်ယုံကြည်ကိုးစားမှုကို တည်ဆောက်မည်ဖြစ်သည်။**

✔ သူတို့သည် ငွေကြေးနှင့်သင့်ကို ယုံကြည်မှုရှိလျှင်၊အခြားသောအရာများနှင့်လည်း ယုံကြည်ကြမည်ဖြစ်သည်။

✔ သင်၏ အသင်းသူ/သားများသည် သင့်ကို ပို၍ယုံကြည်လာပြီး၊နောက်သို့လိုက်လာကြမည်ဖြစ်သည်။

✔ သင်၏ အသင်းသူ/သားများသည် ကြီးမားသောငွေကြေးဆိုင်ရာကိစ္စများကို ကိုင်တွယ်ရန်အတွက် ယုံကြည်လာကြမည်ဖြစ်သည်။

**၂။ သင်သည် ကြီးမားသောပြဿနာများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။**

✔ စာတန်မာရ်နတ်သည် သင့်ကို သွေးဆောင်နိုင်တော့မည် မဟုတ်ပါ။

✔ လောဘသည် သင့်ကို အုပ်စိုးနိုင်တော့မည် မဟုတ်ပါ။

✔ သင်သည် ဖြူစင်သန့်ရှင်းပြီး၊ ဖြောင့်မတ်သောသူဖြစ်လာက၊ သိုးတော်စုများရှေ့တွင် ပုံသက်သေကောင်းတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

**၃။ သင်သည် ဘုရားသခင်၏တန်းခိုးတော်လုပ်ဆောင်နိုင်သောအရာကို သင်ယူလာမည်ဖြစ်သည်။**

✔ သင်သည် သင်၏လိုအပ်ချက်တိုင်းအတွက် ဘုရားသခင်ထောက်ပံ့မှုအကြောင်းကို မြင်တွေ့လာမည်ဖြစ်သည်။

✔ သင်သည် ဘုရားသခင်၏ဂတိတော်အပေါ် ယုံကြည်မှုတိုးတက်လာမည်ဖြစ်သည်။

✔ သင်သည် ရှေးဦးစွာဘုရားသခင်ကို ရှာရန်အတွက် သင်ယူလာမည့်ဖြစ်သည်။

''ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်း တရားတော်ကိုရှေးဦးစွာ ရှာကြလော့။နောက်မှ ထိုအရာများကို ထပ်၍ ပေးတော်မူလတံ့။''(မဿဲ ၆း၃၃ )

## ငွေကြေးကို စီမံခန့်ခွဲခြင်း

သင်၏ ငွေကြေးစီမံခန့်ခွဲမှု တိုးတက်လာရန်အတွက်၊ ယနေ့သင်လုပ်ဆောင်နိုင်သော အရာများကို ရေးသားထားပါ။

၁။ ---------------------------------------------

၂။ ---------------------------------------------

၃။ ---------------------------------------------

၄။ ----------------------------------------------

၅။ ----------------------------------------------

၆။ ----------------------------------------------

၇။ ----------------------------------------------

၈။ ----------------------------------------------

၉။ ----------------------------------------------

၁၀။ ----------------------------------------------

## အခန်း (၁၁)

## အချိန်ကို စီမံခန့်ခွဲခြင်း

''အမိန့်တော်ကို စောင့်သောသူသည် ရာဇဝတ်နှင့်လွတ်လိမ့်မည်။ ပညာရှိသောသူ၏ စိတ်နှလုံးသည်လည်း ကာလ အချိန်ကိုငင်း၊ စီရင်ရသောအခွင်ကိုငင်း သိမြင်တတ်၏။ လူကြံစည်သမျှအဘို့ ကာလအချို့နှင့်စီရင်ရသော အခွင့်ရှိ၏။ သို့သော်လည်း၊လူသည် အလွန်ဆင်းရဲခြင်းကို ခံရ၏။'' (ဒေသနာ ၈း၅–၆ )

ကျွန်တော်တို့လူတိုင်းသည် မည်သည့်အသက်မွေးဝမ်းကြောင်းအလုပ် (သို့) လုပ်ငန်းကို ရွေးချယ်သည် (သို့) ဦးဆောင်သည်က အဓိကမဟုတ်ပါ။ကျွန်တော်တို့အားလုံးသည် စီမံခန့်ခွဲမှု၌ရှိသော ငွေကြေးများနှင့်အချိန်တို့အားဖြင့် ရည်မှန်းချက်ပန်းတိုင်များစွာကို ပြီးမြောက်စေရန်အတွက် ကြိုးစားနေကြရသည်။ပစ္စည်းဥစ္စာများစွာကို ပြန်၍ဝယ်ယူနိုင်

သော်လည်း၊အချိန်ကိုမူ ဘယ်တော့မှဝယ်ယူမရနိုင်သော (သို့) ပြန်၍ ဖြည့်မရနိုင်သောအရာတစ်ခုဖြစ်သည်။ကျော်လွန်ပြီးသော အချိန်သည် ထာဝရကုန်ဆုံးသွားခြင်းဖြစ်သည်။ ပြန်၍ အသုံးမပြုနိုင်တော့သလို၊ပြန်၍ မရနိုင်သောအရာလည်းဖြစ်သည်။ထို့ကြောင့် ကျွန်တော်တို့သည် အချိန်ကို မည်ကဲ့သို့ အသုံးပြုသည်နှင့်မည်သည့်အတွက် အသုံးပြုသည်ကိုသေသေချာချာသတိပြုကြရမည်ဖြစ်သည်။ကျွန်တော်တို့သည် စုစုပေါင်းအသုံးပြုရမည့်အချိန်မည်မျှရှိသည်ကိုလည်း မသိကြပါ။သခင်ဘုရားသည် ကျွန်ုပ်တို့ကို အိမ်တော်သို့ ခေါ်မည့်အချိန်မသိသောကြောင့် ကျွန်ုပ်တို့အားပေးထားသော အချိန်နာရီကို တန်ဖိုးရှိစွာအသုံးပြုရန် အလွန်ပင်အရေးကြီးပါသည်။စာအုပ်မြောက်များစွာတို့သည် အချိန်စီမံခန့်ခွဲမှုအကြောင်းရေးသားထားပြီး၊သင့်အချိန်ကို ပို၍ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ကူညီပေးမည့်အခြေခံသဘောတရားများနှင့်နည်းလမ်းအချို့၏ အကျဉ်းချုပ်တစ်ခုကို သင့်အားပေးရန် ကျွန်တော်တို့ရည်ရွယ်ပါသည်။ဤအခန်းတွင် အချိန်စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံ၊အချိန်စီမံခန့်ခွဲခြင်း၏ အခြေခံသဘောတရားများအချို့၊သင်၏ အချိန်ကို မည်သို့စီမံခန့်ခွဲမည်နှင့်ထိရောက်သော အချိန်စီမံခန့်ခွဲမှုအတွက် ကိရိယာတန်ဆာပလာနှစ်ခု စသည်တို့အကြောင်းကို ကျွန်တော်တို့လေ့လာကြမည်ဖြစ်သည်။

### (က) သင်၏အချိန်စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံ။

၁။ ၎င်းသည် သာသနာလုပ်ငန်းလုပ်ဆောင်မှု ပို၍ပြီးမြောက်စေရန်အတွက် သင့်ကိုကူညီပေးမည်ဖြစ်သည်။

- ✔ ၎င်းသည် သင်လုပ်ဆောင်ရန်အတွက် ထားထားသောအရာကို ပြီးမြောက်စေရန်သင့်ကို ကူညီပေးသည်။
- ✔ ၎င်းသည် အလွန်အရေးကြီးသော လုပ်ငန်းအပေါ် အာရုံစူးစိုက်ရန်အတွက် သင့်ကိုကူညီပေးသည်။
- ✔ ပို၍ကောင်းသော ရလဒ်များကို ဖြစ်စေသောသင်၏ အချိန်ကိုထိရောက်စွာ အသုံးပြုထားခြင်းဖြစ်သည်။

### ၂။ ၎င်းသည် အချိန်ဖြုန်းတီးမှုကို ရှောင်ရှားပေးမည်ဖြစ်သည်။

''ထို့ကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ ကျင့်ဆောင်မည်အကြောင်း သတိပြုကြလော့။ ယခုနေ့ ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။'' (ဖေက် ၅း၁၅–၁၆')

- ✔ သင်သည် ဦးစားပေးမှုနည်းပါးသော လုပ်ဆောင်မှုများ၌ အချိန်ကိုပိုများအောင် အသုံးပြုမည်မဟုတ်ပါ။
- ✔ သင်သည် နောက်ထပ်လုပ်ဆောင်မည့်အရာကို ဆုံးဖြတ်ရာတွင် အချိန်ကိုဖြုန်းတီးမည် မဟုတ်တော့ပါ။

### ၃။ ၎င်းသည် အရေးကြီးသောအချိန် အကန့်အသတ်များနှင့်ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီရန်အတွက် သင့်ကို လုပ်ဆောင်ပေးမည် ဖြစ်သည်။

- ✔ ၎င်းသည် သင်ပျက်ကွက်မှုမရှိစေရန်အတွက် အချိန်ဇယားကို သဘောပေါက်နားလည်စေမည်ဖြစ်သည်။
- ✔ ၎င်းသည် ရည်မှန်းချက်ပန်းတိုင်တစ်ခုဆီသို့ တည်မြဲသောတိုးတက်မှုကို ဖြစ်စေသည်။
- ✔ ၎င်းသည် သင်စုဆောင်းထားပြီး၊ဦးစားပေးသောလုပ်ဆောင်မှုများကို ထိန်းသိမ်းပေးမည် ဖြစ်သည်။

### ၄။ ၎င်းသည် ကောင်းသောစီမံကိန်းအတွက် လိုအပ်သောအရာဖြစ်သည်။

✔ စီမံကိန်းသည် အချက်အလက်အပေါ် အခြေခံသရွေ့ကောင်းသော အရာတစ်ခုဖြစ်သည်။

✔ ညံ့ဖျင်းသော သတင်းအချက်အလက်သည် ဆိုးရွားသော အကျိုးရလဒ်များဆီသို့ ဦးတည်လျှက်ရှိသည်။

✔ သင်သည် မသိသောအရာကို စီမံကိန်းမရေးဆွဲနိုင်ပါ။

**၅။ ၎င်းသည် သာသနာလုပ်ငန်းအတွက် အခွင့်အရေးများကို မြင်တွေ့ရန်သင့်ကို လုပ်ဆောင်ပေးသည်။**

✔ သင်၌ ရှိသောအရာကို သိရှိခြင်းသည် ဖန်တီးသောသူဖြစ်ရန်အတွက် သင့်ကိုကူညီပေးသည်။

✔ ၎င်းသည် ဖြစ်နိုင်ခြေရှိသော သာသနာလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် သင့်ကိုကူညီပေးသည်။

– အသင်းဝင်များ၏ ဆုကျေးဇူးနှင့်ပြင်းပြသော ဆန္ဒများကို သိရှိခြင်းအပေါ် အခြေခံသည်။

– ပတ်ဝန်းကျင်အသိုင်းအဝိုင်း လိုအပ်ချက်များကို သိရှိခြင်းအပေါ် အခြေခံသည်။

**(ခ) အချိန်စီမံခန့်ခွဲခြင်း၏ အခြေခံသဘောတရားများ**

''သင်၏တိုးပွားခြင်းကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ၊ဤအရာများကို စိတ်စွဲလမ်း၍ ကြိုးစားအား ထုတ်လော့။'' (၁တိ ၄း၁၅ )

**၁။ သင်၏ လုပ်ဆောင်မှုများကို ဦးစားပေးပါ။**

✔ ၎င်း၏အရေးကြီးသည့်အတိုင်းဆောင်ရွက်ပါ။

✔ ပြီးစီးရန်လိုအပ်သည့် အချိန်ကာလအတိုင်း လုပ်ဆောင်ပါ။

✔ သင်ဆက်ကပ်အပ်နှံမှုအတိုင်း လုပ်ဆောင်ပါ။

**၂။ တိကျသော ရည်မှန်းချက်ပန်းတိုင်များကို ထားပါ။**

✔ လုပ်ငန်းတစ်ခု ပြီးစီးရန်လိုအပ်သောအချိန်၊

✔ လုပ်ဆောင်မှုတစ်ခုကို အချိန်မည်မျှ ပေးရမည်

✔ လုပ်ငန်း (သို့) လုပ်ဆောင်မှုကို ဆောင်ရွက်မည့်လူပုဂ္ဂိုလ်

**၃။ တူညီသော လုပ်ဆောင်မှုများကို အတူတကွ စုစည်းထားပါ။**

✔ လုံလောက်မှုကို တည်ဆောက်ရန်အတွက် လုပ်ဆောင်မှုများကို အတူတကွစုစည်းပါ

– ဖုန်းခေါ်ယူခြင်း၊မေးလ်ပေးပို့ခြင်း

– တိုင်ပင်ဆွေးနွေးခြင်း

– တရားဒေသနာနှင့်သင်ကြားမှုကို ကြိုတင်ပြင်ဆင်ခြင်း

– အစည်းအဝေးများ

✔ လုပ်ဆောင်မှုပုံစံတစ်ခုမှတစ်ခုသို့ ခုန်ကျော်ခြင်းကို မပြုလုပ်ပါနှင့်

– သင်သည် အာရုံစူးစိုက်မှုကို ပျောက်ဆုံးစေနိုင်သည်။

– သင်သည် လုပ်ဆောင်ပြီးသောအရာကို မေ့လျော့နိုင်သည်။

✔ သင်သည် ပြောင်းလဲမှုများအပေါ် အချိန်ဖြုန်းတီးမှုနည်းပါးသွားနိုင်သည်

– လုပ်ငန်းတစ်ခုတစ်ခုသို့ ရွှေ့ပြောင်းသည့်အခါ၊အချိန်များစွာ ဆုံးရှုံးသွားနိုင်သည်။

– သင်သည် လုပ်ငန်းဖြစ်စဉ်တစ်ခုရှိသည်တွင်၊ဆက်လက်လုပ်ဆောင်ရန်အတွက် ၎င်းသည် ပို၍လုံလောက်မည် ဖြစ်သည်။

**၄။ နေ့စဉ်သင်၏ ဆုံးဖြတ်ချက်များကို စုဆောင်းထားပါ။**

✔ **နောင့်နှေးသော** ဆုံးဖြတ်ချက်များကို နောက်မှ ပြုလုပ်ပါ။

✔ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ရန်အတွက် ပို၍ အရည်အချင်းနှင့်ပြည့်သော အခြားသူများအား **လွှဲအပ်ထားပါ။**

✔ သင်၏ဆုံးဖြတ်ချက်မှန်ကန်ဖို့ လိုအပ်သောအကြောင်းအရာများအပေါ် **ဆုံးဖြတ်ချက်ချမှတ်ပါ။**

**၅။ သင်၏နေ့စဉ်အချိန်ဇယား၌ လိုက်လျှော်ညီထွေမှုရှိပါစေ။**

✔ မိနစ်တိုင်းတွင် အသုံးပြုမည့် အလွန်ကျပ်သော အချိန်ဇယားတစ်ခုကို မဆွဲမိပါနှင့်။

✔ သင်၏အချိန်ဇယားထိခိုက်စေမည့် မျှော်လင့်မထားသော အရာများဖြစ်လာမည်ကို ကြို၍သိရှိထားပါ။

✔ အနားယူခြင်းနှင့်အစားအသောက်အတွက်အချိန်ကို အသုံးပြုပါ။

✔ သင်၏ဦးစားပေးမှု (သို့) အချိန်ဇယားကို ပြောင်းလဲစေရန်အတွက် အခွင့်အရေးကို ဘုရားသခင်အားပေးပါ။

– သာသနာလုပ်ငန်းအခွင့်အရေးအသစ်တစ်ခုအားဖြင့်၎င်း

– အမြင်သစ်တစ်ခုအားဖြင့်၎င်း

**၆။ ကြားဖြတ်ပြောဆိုခြင်းကို လျှင်မြန်စွာကိုင်တွယ် ဖြေရှင်းပါ**

✔ နောက်မှ ဖြေရှင်းရမည့် ကြားဖြတ်ပြောဆိုခြင်းမျိုးကို မဖြေရှင်းပါနှင့်။

✔ ပြဿနာကိုအရင်သိပြီး၊ နောက်မှဖြေရှင်းမည်၊လွှဲအပ်မည်(သို့)ဆုံးဖြတ်ချက်ချမည်မချမည် စသည်တို့ကို ဆုံးဖြတ်ပါ။

✔ မြန်ဆန်သော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်လျှင်၊ယခုလုပ်ဆောင်ပြီး၊ရှေ့သို့ ဆက်သွားပါ။

**(ဂ) သင်၏အချိန်ကို စီမံခန့်ခွဲပုံ။**

**၁။ သင်၏တစ်နေ့တာကို စီမံထားပါ။**

✔ လုပ်ဆောင်ရမည့် စာရင်းကိုပြုလုပ်ပါ။

– ဒီနေ့ပြီးစီးရမည့်အရာများကို ဖော်ပြပါ။

– ဒီနေ့လုပ်ဆောင်ရမည့်အရာများကို ဖော်ပြပါ။

– ဒီနေ့ဆုံးဖြတ်ရမည့်အရာများကို ဖော်ပြပါ။

– အချိန်ရှိလျှင်၊ဒီနေ့ သင်လုပ်ဆောင်လိုသော အခြားအရာများကို ဖော်ပြပါ။

✔ ကောင်းစွာချမှတ်ထားသော ရည်ရွယ်ချက်များနှင့်ဦးစားပေးမှုများ ထားရှိပါ။

– အရေးကြီးဆုံးသော အရာကိုသိရှိပါ။

– သင်လုပ်ဆောင်မည့် ရည်ရွယ်ချက်ပန်းတိုင်များအကြောင်းကို သိရှိပါ။

– အရေးကြီးသော အရာများကို ဦးစွာလုပ်ဆောင်ပါ။

✔ ရံဖန်ရံခါခန္ဓာကိုယ် အနားယူမှုလိုအပ်သည့်အတိုင်း – တိုတောင်းသောအနားယူခြင်းများအတွက် စီစဉ်ပါ။

✔ သင်၏ အကောင်းဆုံးအချိန်နှင့်အရေးကြီးသောအရာများကို လုပ်ဆောင်မည့်အချိန်ကို ဆုံးဖြတ်ပါ။

– သင်ပင်ပန်းနွမ်းနယ်သည့်အခါ အမှန်တကယ်အရေးကြီးသော ဆုံးဖြတ်ချက်များကို နေ့တစ်နေ့၏ အဆုံး၌ မချမှတ်ပါနှင့်။

– အချိန်စွမ်းအားနည်းပါးမှု၌ ဦးစားပေးမှုလျော့နည်းသော လုပ်ဆောင်ခြင်းများအတွက် အချိန်ဇယားရေးဆွဲပါ။

## ၂။ လုံလောက်သောအချိန်ဖြစ်ပါစေ။

✔ တစ်ချိန်တည်း၌ အတူတကွခေါ်ယူခြင်းများကို ပြုလုပ်ပါ။

✔ လေ့လာမှုနှင့်တရားဒေသနာ ပြင်ဆင်ခြင်းအတွက် အချိန်ရှိပါစေ။

✔ မလိုအပ်သော အချက်အလက်များ (သို့) ပြဿနာများအတွင်းသို့ လမ်းကြောင်းပြောင်းခြင်းမျိုးကို ရှောင်ကြဉ်ပါ။

✔ ဒီနေ့ပြီးရမည့်အရာကို လုပ်ဆောင်ပါ။

## ၃။ အခြားသူများလုပ်ဆောင်နိုင်သော အရာများအပေါ်တွင် မိမိအချိန်ကို အသုံးမပြုပါနှင့်

✔ ဖြစ်နိုင်လျှင် တာဝန်ရှိသောအခြားခေါင်းဆောင်များအား တာဝန်ကို လွှဲအပ်ပါ။

✔ အမှန်တကယ် မလိုအပ်လျှင်၊အခြားသူများလုပ်သင့်သောအရာများ လုပ်ဆောင်ခြင်းမျိုးကို ရှောင်ပါ။

– ''တစ်စုံတစ်ဦးနှစ်သက်သော အရာကိုလုပ်ပါ၊၎င်းသည် သင်၏လုပ်ငန်းဖြစ်လာမည်'' ဟူသော ရှေးဆိုရိုးစကား တစ်ခုရှိသည်။ ဥပမာ– အခြားသူများအတွက် သင်လုပ်ဆောင်သည့်သေးငယ်သောအမှုသည် ရပ်တန့်ရန်ခက်ခဲသော ပုံမှန်အလေ့အကျင့်များ (သို့) ဆက်ကပ်အပ်နှံမှုများ ဖြစ်လာနိုင်ပါသည်။

## ၄။ ထိရောက်သော အစည်းအဝေးများကို စီမံခန့်ခွဲပါ။

✔ သင့်ကို ဦးဆောင်လမ်းပြပေးမည့် ဝတ်ပြုခြင်းနှင့်ဆုတောင်းခြင်းတစ်ခု ပါဝင်ပါစေ။

✔ အစီစဉ်တစ်ခုအမြဲပြင်ဆင်ထားပါ။

– အစီစဉ်မပါသော အချက်အလက်များဆွေးနွေးခြင်းကို ရှောင်ပါ။

✔ လူများသည် ထိုအရာများကိုဆွေးနွေးရန် မပြင်ဆင်ထားကြသောကြောင်းဖြစ်သည်။

✔ ၎င်းတို့သည် ဆွေးနွေးရမည့်အခေါင်းစဉ်အောက်တွင် မပါဝင်ကြသောကြောင့်ဖြစ်သည်။

– အစီစဉ်နှင့်အချိန်အကန့်သတ်ကို ပူးတွဲထားပါ။

✔ ဆုံးဖြတ်နိုင်သည့် တင်ပြချက်များနှင့်ထောက်ခံမှုများကိုသာ ဆွေးနွေးပါ။

– အတူတကွထည့်သွင်းရန် မလိုသောခေါင်းစဉ်များဆွေးနွေးခြင်း မပြုလုပ်ပါနှင့်။

– အဓိကခေါင်းစဉ်များအပေါ် အာရုံစူးစိုက်ရန်အတွက် ၎င်းသည်အစည်းအဝေးကို ကူညီပေးမည်ဖြစ်သည်။

– ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်အတွက်ဆွေးနွေးချက်များက ဦးဆောင်ပေးမည်ဖြစ်သည်။

✔ အလုပ်တာဝန်များကို ပေးအပ်ပါ

– ၎င်းသည် ဖြစ်စဉ်နှင့်အတူတကွလုပ်ဆောင်ခြင်း၌ ပိုင်ဆိုင်မှုကို တည်ဆောက်ပေးသည်။

– ၎င်းသည် လူတိုင်းကို အစည်းဝေး၌တာဝန်သိတတ်အောင် လုပ်ဆောင်ပေးသည်။

✔ ဆွေးနွေးခြင်းစာတမ်းများ၊ ဆုံးဖြတ်ချက်များနှင့်အစည်းအဝေးမှတ်တမ်းများအားဖြင့် သဘောတူညီချက်များ

– ဆွေးနွေးပြီးသော စာရွက်စာတမ်းများ

– ဆုံးဖြတ်ခဲ့သော စာရွက်စာတမ်းများ

– လူများသဘောတူခဲ့သော တာဝန်ပေးအပ်ခြင်း စာရွက်စာတမ်းများ

**(ဃ) ထိရောက်သော အချိန်စီမံခန့်ခွဲမှုအတွက် ကိရိယာတန်ဆာပလာနှစ်ခု**

**၁။ အချိန်ဇယားတစ်ခုကို ပြုလုပ်ပါ (နေ့စဉ် (သို့) လစဉ် ပြက္ခဒိန်တစ်ခုကို အသုံးပြုပါ)။**

✔ တစ်ပတ် (သို့) အစီအစဉ်ဖြစ်ပျက်မှုများအတွင်း သင်၏အချိန်ကို ကူညီပေးရန်အတွက် ၎င်းကိုအသုံးပြုပါ။

✔ သင်အသုံးပြုသော အချိန်ကိုသိရှိရန် သင့်ကိုကူညီပေးမည်ဖြစ်သည်။

✔ သင်၏ အပတ်စဉ် အစီစဉ်ကို စီစဉ်ရန်အတွက် ၎င်းကိုအသုံးပြုနိုင်ပါသည်။

**၂။ လုပ်ဆောင်ရမည့် စာရင်းတစ်ခုကိုပြုလုပ်ပါ**

✔ သင်၏နေ့ရက်၊ တစ်ပတ်(သို့) လစဉ်အချိန်ကို စီမံရန်သင့်ကို ကူညီပေးမည်ဖြစ်သည်။

✔ သင်သည်ပို၍ အရေးကြီးသော သာသနာလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဦးစွာရရှိမည်ဖြစ်သည်။

✔ ၎င်းသည် အရေးကြီးသော လုပ်ဆောင်မှုများနှင့် ဆက်ကပ်နှံမှုများအား မေ့လျော့ခြင်းကို ရှောင်ရှားရန် ကူညီပေးသည်။

<u>**သင်၏အချိန် စီမံခန့်ခွဲမှုလေ့ကျင့်ခန်း**</u>

အောက်ပါ တစ်ပတ်တာ အချိန်ဇယားကို အသုံးပြုပြီး ရှေ့တစ်ပတ်အတွက်ပိတ်ရက်၊ ကျမ်းစာလေ့လာခြင်း၊ တရားဒေသနာပြင်ဆင်ခြင်း၊ ပတ်စဉ်ကိုးကွယ်ခြင်း စသည်တို့၏ အချိန်ကို ဖြည့်စွက်ထားပါ။ ကျန်ရှိနေသောအချိန်ကို သင်လိုအပ်သည့်အတိုင်း ဖြည့်ဆည်းနိုင်သည်။

| မနက်ပိုင်း | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ |
|---|---|---|---|---|---|---|---|
| ၈း၀၀ | | | | | | | |
| ၈း၃၀ | | | | | | | |
| ၉း၀၀ | | | | | | | |
| ၉း၃၀ | | | | | | | |
| ၁၀း၀၀ | | | | | | | |
| ၁၀း၃၀ | | | | | | | |
| ၁၁း၀၀ | | | | | | | |
| ၁၁း၃၀ | | | | | | | |
| ညနေပိုင်း | | | | | | | |
| ၁၂း၀၀ | | | | | | | |
| ၁၂း၃၀ | | | | | | | |
| ၁း၀၀ | | | | | | | |
| ၁း၃၀ | | | | | | | |
| ၂း၀၀ | | | | | | | |
| ၂း၃၀ | | | | | | | |
| ၃း၀၀ | | | | | | | |
| ၃း၃၀ | | | | | | | |
| ၄း၀၀ | | | | | | | |
| ၄း၃၀ | | | | | | | |
| ၅း၀၀ | | | | | | | |
| ၅း၃၀ | | | | | | | |
| ၆း၀၀ | | | | | | | |
| ၆း၃၀ | | | | | | | |
| ၇း၀၀ | | | | | | | |
| ၇း၃၀ | | | | | | | |
| ၈း၀၀ | | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈း၃၀ | | | | | | | |
| ၉း၀၀ | | | | | | | |
| ၉း၃၀ | | | | | | | |

**သင်၏အချိန်စီမံခန့်ခွဲမှု စံနမူနာ**

| မနက်ပိုင်း | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ |
|---|---|---|---|---|---|---|---|
| ၈း၀၀ | | ဖုန်းခေါ်ခြင်း | | ကျမ်းစာလေ့လာခြင်း | | မိသားစု | |
| ၈း၃၀ | | ။ | | ။ | | ။ | |
| ၉း၀၀ | | ရုံးချိန် | | ။ | ဆွေးနွေးတိုင်းပင်ခြင်း | ။ | ကိုးကွယ်ခြင်း |
| ၉း၃၀ | | ။ | | ။ | ။ | ။ | ။ |
| ၁၀း၀၀ | | ။ | | | ။ | ။ | ။ |
| ၁၀း၃၀ | | ။ | | | ။ | ။ | ။ |
| ၁၁း၀၀ | | | | | | | ။ |
| ၁၁း၃၀ | | | | | | | ။ |
| ညနေပိုင်း | | | | | | | |
| ၁၂း၀၀ | နေ့လည်စာ | နေ့လည်စာ | နေ့လည်စာ | နေ့လည်စာ | | | နေ့လည်စာ |
| ၁၂း၃၀ | နေ့လည်စာ | နေ့လည်စာ | နေ့လည်စာ | နေ့လည်စာ | | | နေ့လည်စာ |
| ၁း၀၀ | | | | အလည်သွားရောက်ခြင်း | | | |
| ၁း၃၀ | | | | ။ | | | |
| ၂း၀၀ | | | ဒေသနာပြင်ဆင်ခြင်း | ။ | | | |
| ၂း၃၀ | | | ။ | | | | |
| ၃း၀၀ | | | ။ | | | | |
| ၃း၃၀ | | | ။ | | | | |
| ၄း၀၀ | | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄း၃၀ | | | | | | | |
| ၅း၀၀ | ညစာ | ညစာ | ညစာ | ညစာ | ညစာ | | |
| ၅း၃၀ | ညစာ | ညစာ | ညစာ | ညစာ | ညစာ | | |
| ၆း၀၀ | | | | | | | |
| ၆း၃၀ | | | | | | | |
| ၇း၀၀ | | အစည်း အဝေး | | | | တနင်္ဂနွေအတွက်ပြင်ဆင်ခြင်း | |
| ၇း၃၀ | | ။ | | | | ။ | |
| ၈း၀၀ | | ။ | | | | ။ | |
| ၈း၃၀ | | | | | | ။ | |
| ၉း၀၀ | | | | | | | |
| ၉း၃၀ | | | | | | | |

## အခန်း (၁၂)

## သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း

‘‘ပညာရှိသောသူတို့သည် ကြားသိသောအရာကို သိမ်းထားတတ်၏။’’(သုတ္တံ–၁၀း၁၄) အသင်းတော်အပေါ်ပို၍ကြည့်တတ်သော အကြောင်းအရာများတွင် သတင်းအချက်အလက်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည် အသင်းသူ အသင်းသားများအကြောင်း(သို့) ၎င်း၏သာသနာလုပ်ငန်းများနှင့် လုပ်ဆောင်မှုများအကြောင်း(သို့)ရရှိနိုင်သော ပစ္စည်းဥစ္စာများအကြောင်း စသည့်သတင်းအချက်အလက်များ ဖြစ်နိုင်သည်။ ကျွန်တော်တို့ ခေါ်ခြင်းခံရသော

သာသနာလုပ်ငန်းကို လုပ်ဆောင်ရာတွင် ကျွန်တော်တို့ကူညီမည့် သတင်းအချက်အလက်များစွာ ရှိနိုင်ပြီး မည်သည့်နေရာတွင် ထိုသတင်းအချက်အလက်များရှိကြောင်းနှင့် မည်ကဲ့သို့ရရှိနိုင်ကြောင်း သိရှိရန်အရေးကြီးပါသည်။ အသင်းတော်သည် သတင်းအချက်အလက် အချို့ကိုစုဆောင်းပြီး သိမ်းစည်းထားရမည်ဖြစ်သည်။ အထူးသဖြင့် ၎င်း၏ အသင်းသားများနှင့် သူတို့၏ လုပ်ဆောင်မှုများ(သို့) ဆုကျေးဇူးများအပေါ် သတင်းအချက်အလက်များကို စုဆောင်းထားရမည်ဖြစ်သည်။ အခြားသတင်းအချက်အလက်များကို အင်တာနက်၊စာကြည့်တိုက်(သို့) စာအုပ်ဆိုင်များမှ ရရှိနိုင်ပါသည်။ သတင်းအချက်အလက် ရရှိနိုင်ရန်အတွက် ၎င်းတို့ကို အသင့်ရှိထားရန်နှင့် ရရှိနိုင်သော နေရာများကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ ၎င်းသည်သတင်းဖြစ်စဉ်များကို စီမံခန့်ခွဲခြင်း၏ ဖြစ်စဉ်ဖြစ်သည်။ ၎င်းကိုလုပ်ဆောင်ရန်အတွက် ကွန်ပျူတာသည် အသုံးဝင်သော်လည်း၊ သတင်းအချက်အလက်များကို သိမ်းဆည်း ထားရန်အတွက် ကွန်ပျူတာမလိုအပ်ပါ။ သင်သည်ထိရောက်သော အခြားနည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။ ဤအခန်းတွင် သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း၏အရေးကြီးပုံ၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံ၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၏ အခြေခံသဘောတရားများအချို့နှင့် အနာဂတ်သာသနာ လုပ်ငန်းအတွက် အသုံးပြုမည့် သတင်းအချက်အလက်များကို မည်ကဲ့သို့စုဆောင်းသိမ်းဆည်းရမည် စသည်တို့ကို ကျွန်တော်တို့ လေ့လာကြမည်ဖြစ်သည်။

**(က) သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း၏ အရေးကြီးပုံ**

''သမ္မာသတိရှိသော သူအပေါင်းတို့သည် ပညာအတတ်နှင့်ပြုမူတတ်ကြ၏။'' (သုတ္တံ ၁၃း၁၆)

**၁။ ၎င်းသည် သင်၏စီမံခန့်ခွဲမှုတွင်ရှိသော ပစ္စည်းဥစ္စာများသိရှိမှုကို တိုးပွားစေသည်။**

- ✔ သင်၏အသင်းသူ/သားများ၏ ဝိညာဉ်ဆုကျေးဇူးများနှင့်အရည်အချင်းများအပေါ်သိရှိခြင်း၊
- ✔ အခြားအသင်းတော်ပစ္စည်းဥစ္စာများ (စာအုပ်၊ဗီဒီယို၊ကျမ်းစာလေ့လာမှု)အပေါ် သိရှိခြင်း၊
- ✔ အသင်းတော်လှုပ်ရှားမှုများနှင့်သာသနာလုပ်ငန်းများ အကြောင်းသိရှိခြင်း၊

**၂။ ၎င်းသည် သတင်းအချက်အလက်များရှာဖွေရာ၌ အချိန်ဖြုန်တီးမှုကို ရှောင်ရှားပေးမည်ဖြစ်သည်။**

- ✔ သင်သည် စာရွက်စာတမ်းများကိုရှာဖွေရန်အတွက် များစွာသောအချိန်ကို အသုံးပြုမည်မဟုတ်ပါ။
- ✔ သင်သည် တိကျသောလိုအပ်မှုအတွက် သွားမည့်ပုဂ္ဂိုလ်ကို သိမည်ဖြစ်သည်။
- ✔ သင်သည် ရှာနေသော သတင်းအချက်အလက်များကိုရရှိရန် လူများကိုဆက်သွယ်ဖို့ လိုအပ်မည်မဟုတ်တော့ပါ။

**၃။ ၎င်းသည် ပို၍ကောင်းသောဆုံးဖြတ်ချက်များကို ချမှတ်ရန်အတွက် သင့်ကိုကူညီပေးမည်ဖြစ်သည်။**

- ✔ အချက်အလက်များအပေါ် အခြေခံသော ဆုံးဖြတ်ချက်များသည်သာလျှင် ကောင်းမွန်ပါသည်။
- ✔ လိုအပ်သည့်အချိန်၌ ရရှိနိုင်သော သတင်းအချက်အလက်များသည် မကြာခဏအရေးကြီးလေ့ရှိသည်။

✔ သိရှိခြင်းသည် ခန့်မှန်းခြင်းထက်အမြဲကောင်းမွန်တတ်သည်။

**၄။ ၎င်းသည် ကောင်းသသောစီမံကိန်းရေးဆွဲရန်အတွက် လိုအပ်သောအရာဖြစ်သည်။**

✔ သတင်းအချက်အလက်အပေါ် အခြေခံသော စီမံကိန်းတစ်ခုသည်သာ ကောင်းသည်။

✔ ညံ့ဖျင်းသော သတင်းအချက်အလက်သည် ရလဒ်ကောင်းကို မဖြစ်စေနိုင်ပါ။

✔ မသိသောအရာကို သင်သည်စီမံကိန်း မရေးဆွဲနိုင်ပါ။

**၅။ ၎င်းသည် သာသနာလုပ်ငန်းအတွက် အခွင့်အရေးများကို မြင်တွေ့ရန်သင့်ကို ကူညီပေးသည်။**

✔ ရရှိနိုင်သော အရာများကို သိရှိခြင်းသည် ဖန်တီးသောသူဖြစ်ရန်အတွက် သင့်ကိုအားပေးလျက်ရှိသည်။

✔ ၎င်းသည် သာသနာလုပ်ငန်း၌ ဖြစ်နိုင်သောအရာများကို ရရှိရန်သင့်ကို ကူညီပေးသည်။

- အသင်းသူ/သားများ၏ ဆုကျေးဇူးများနှင့်ပြင်းပြသောဆန္ဒများ သိခြင်းအပေါ်အခြေခံသည်။
- ပတ်ဝန်းကျင်အသိုင်းအဝိုင်းလိုအပ်ချက်များကို သိခြင်းအပေါ်အခြေခံသည်။

**(ခ) သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း၏ အခြေခံသဘောတရားများ**

''ပညာရှိတို့နှင့် ပေါင်းဖော်သောသူသည် ပညာရှိတတ်၏။''(သုတ္တံ ၁၃း၂၀ )

**၁။ သင်လိုချင်သောအရာ (သို့) လိုအပ်သော သတင်းအချက်အလက်များကိုသာ စုဆောင်းသိမ်းဆည်းထားပါ။**

✔ ဆုံးဖြတ်ချက်များအတွက် လိုအပ်သော သတင်းအချက်အလက်များ။

✔ အသင်းတော် တည်ထောင်ရန်အတွက် လိုအပ်သောအချက်အလက်များ။

✔ အသင်းတော်၌ သူတို့၏ အခန်းကဏ္ဍကို သိရှိအောင် အသင်းသားများကို ကူညီရန်အတွက် လိုအပ်သော အချက်အလက်များ

**၂။ ပုံမှန်အရေးကြီးသောအချက်အပေါ် သတင်းအချက်အလက်များကို တင်ပြပါ။**

✔ တစ်ခါတစ်ရံခေတ်မမှီသော အချက်အလက်များကို ရရှိတတ်သည်။

✔ သတင်းအချက်အလက်များကို ရရှိရန်အတွက်ဖြစ်စဉ်များကို တိုးတက်စေပါ။

- အတန်းတက်ရောက်မှုပုံစံစာရွက်များ။
- အသင်းဝင်အသစ်များအကြောင်း သတင်းအချက်အလက်ပုံစံများ။

✔ သတင်းအချက်အလက်ကို စုဆောင်းရန် အသင်းတော်ခေါင်းဆောင်များကို အသုံးပြုပါ။

- သာသနာလုပ်ငန်း၌ ပါဝင်လုပ်ဆောင်သူများ။
- သာသနာလုပ်ငန်း အကျိုးရလဒ်များနှင့်လှုပ်ရှားမှုများ။

- ✔ အသင်းဝင်အသစ်များအတွက် နှစ်စဉ်ပုံစံသစ်တစ်ခုကို အသုံးပြုပါ။
  - – လိပ်စာပြောင်းခြင်း၊
  - – ဖုန်းနံပါတ်နှင့် အီးမေးလ်အသစ်၊

**၃။ တစ်ဦးချင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို လျှို့ဝှက်ထားပါ။**

- ✔ အသင်းသားတစ်ဦးတစ်ယောက်၏ သဘောတူညီမှုမရှိဘဲ၊ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သော အကြောင်းအရာများ ထုတ်ဝေခြင်း (သို့) ဖြန့်ဝေခြင်းမျိုး မပြုလုပ်ပါနှင့်။
- ✔ ဗီရိုကိုသော့ခတ်ပြီး သိမ်းဆည်းထားပါ။
- ✔ ယုံကြည်အားကိုးမှုကို ထိန်းသိမ်းထားပါ။

**၄။ လွယ်ကူစွာရရှိနိုင်ရန်အတွက် သတင်းအချက်အလက်များကို သိမ်းဆည်းထားပါ။**

- ✔ ဆောင်ရွက်ချက်များ (ခေါင်းစဉ်၊ရည်ရွယ်ချက်၊အသုံးပြုခြင်း)
- ✔ သာသနာလုပ်ငန်း
- ✔ အသင်းဝင်နာမည်

**၅။ သတင်းအချက်အလက်များကို အသုံးပြုရန်အတွက် စီမံကိန်းတစ်ခုရှိပါ။**

- ✔ အသုံးပြုရန်အတွက် စီမံကိန်းတစ်ခုမရှိဘဲ သတင်းအချက်အလက်များကို မစုဆောင်းပါနှင့်။
- ✔ စုဆောင်းထားသော အချက်အလက်ပုံစံတိုင်းအတွက် ရည်ရွယ်ချက်ကိုသိပါ။
- ✔ သင်မလိုအပ်လျှင်၊ စုဆောင်းပြီး၊ သိမ်းဆည်းမထားပါနှင့်။

**၆။ သတင်းအချက်အလက်များကို စီမံထားပါ။**

- ✔ စုဆောင်းသိမ်းဆည်းပြီးသော အရာများဟု မမှတ်ပါနှင့်။
- ✔ ၎င်းကို ခေတ်မှီအောင်လုပ်ဆောင်ပါ။
- ✔ သင်လိုအပ်သော အချက်အလက်များကို ပုံမှန်ပြန်ဆန်းစစ်ပါ။

**(ဂ) သတင်းအချက်အလက်များကို မည်ကဲ့သို့စီမံခန့်ခွဲမည်နည်း။**

**၁။ သင်လိုချင်သသောအရာ (သို့) လိုအပ်သောအချက်အလက်များကို ဆုံးဖြတ်ပါ။**

- ✔ အသင်းသူ/သားများ။
- ✔ အသင်းတော်လှုပ်ရှားမှုများ။
- ✔ အသင်းတော်ပစ္စည်းဥစ္စာများ (စာအုပ်၊အခန်း၊ကိရိယာတန်ဆာပလာများ စသည်တို့ . . )။
- ✔ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိလိုအပ်ချက်များ (ဟိုတယ်၊အစည်းအဝေးခန်းမများ၊ဒေသန္တရထောက်ပံ့မှုများ . . )။

**၂။ အသင်းသူ/သားများအကြောင်း သတင်းအချက်အလက်များကို စုဆောင်းသိမ်းဆည်းထားပါ။**

- ✔ သူတို့၏ နာမည်၊ လိပ်စာနှင့်ဆက်သွယ်ရန် ဖုန်း၊ အီးမေးလ်။
- ✔ သူတို့၏ ဝိညာဉ်ဆုကျေးဇူးများ။
- ✔ သူတို့၏ အရည်အချင်းများနှင့် အတွေ့အကြုံများ။
- ✔ သူတို့၏ အသင်းတော် လှုပ်ရှားမှုများနှင့်ဆက်နွယ်မှုများ။

**၃။ အသင်းတော်လှုပ်ရှားမှုများအကြောင်း သတင်းအချက်အလက်များကို စုဆောင်းသိမ်းဆည်းထားပါ**

- ✔ ကိုးကွယ်ခြင်းတက်ရောက်မှု။
- ✔ ကျမ်းစာသင်တန်းတက်ရောက်မှု။
- ✔ ဆဲလ်အုပ်စုတက်ရောက်မှု။

**၄။ တိကျသသောသတင်း အချက်အလက်များကို စုဆောင်းခြင်းနှင့်ထားရှိခြင်း စနစ်တစ်ခုကို တိုးတက်စေပါ။**

- ✔ သတင်းအချက်အလက်များကို သိမ်းထားသည့်နေရာ (ကွန်ပျူတာ (သို့) ဖိုင်တွဲများ)။
- ✔ အသုံးဝင်သော အင်တာနက်တည်ရှိရာနေရာများ။
- ✔ သတင်းအချက်အလက်များရှိသော ပုဂ္ဂိုလ်/သူ။

**၅။ သတင်းအချက်အလက်များအသုံးပြုရန်အတွက် စီမံကိန်းတစ်ခုကိုတိုးတက်စေပါ။**

- ✔ စုဆောင်းရမည့် သတင်းအချက်အလက်များ။
- ✔ သတင်းအချက်အလက် ပုံစံတိုင်းအတွက် ရည်ရွယ်ချက်။
- ✔ သတင်းအချက်အလက်များကို စုဆောင်းမည့်ပုဂ္ဂိုလ်များ။

**၆။ သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းအတွက် တစ်စုံတစ်ဦးကို တာဝန်ပေးအပ်ပါ။**

- ✔ သတင်းအချက်အလက် စုဆောင်းခြင်းကို ဆက်လက်လုပ်ဆောင်ပါ။
- ✔ သတင်းအချက်အလက် အားလုံးအတွက် အဓိကကျသော ပစ္စည်းတစ်ခုကိုထောက်ပံ့ပေးပါ။
- ✔ ကောင်းသောစီမံကိန်းနှင့် ထိန်းသိမ်းစောင့်ရှောက်မှုကို ကူညီပေးပါ။

## <u>အချက်အလက်စီမံခန့်ခွဲမှုအစီအစဉ်လေ့ကျင့်ခန်း</u>

သင့်အသင်းတော်(သို့) သာသနာလုပ်ငန်းအတွက် အချက်အလက် စီမံကိန်းတစ်ခုကို တိုးတက်စေရန်အတွက် အောက်ပါဇယားကို အသုံးပြုပါ။

| စုဆောင်းရန်အချက်အလက် | ရည်ရွယ်ချက် | မည်သူစုဆောင်းမည်နည်း | မည်ကဲ့သို့စုဆောင်းမည်နည်း |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |